# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ဆင်းရဲဒုက္ခတို့ မကျရောက်**

အမျက် 'ဒေါသ' ကိုစွန့်ရာ၏။ မာနကို ပယ်ရာ၏။ သံယောဇဉ်မှန်သမျှကို ကျော်လွန်ရာ၏။ နာမ်ရုပ်၌ မငြိတွယ် မကြောင့်ကြသူထံသို့ ဆင်းရဲဒုက္ခတို့သည် မကျရောက်ကုန်။

ကောဓဝဂ်(ဓမ္မပဒ-၂၂၁)


၁၃၈၄ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၀ ရက် | ၂၀၂၂ ခုနှစ်၊ အောက်တိုဘာ ၂၄ ရက်၊ အင်္ဂါနေ့ | အတွဲ (၆၃)၊ အမှတ်(၀၂၄)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း (၂၄) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြင်ဆင်ဆောင်ရွက်ထားရှိမှုများအား လိုက်လံကြည့်ရှုစစ်ဆေး

**နေပြည်တော် အောက်တိုဘာ ၂၃**

(၂၄) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီနာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် ယနေ့ညနေပိုင်းတွင် (၂၄) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြင်ဆင် ဆောင်ရွက်ထားရှိမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများ လိုက်ပါ၍ နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း

စာမျက်နှာ ၃ ကော်လံ ၁ ➲



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ (MICC-2) ၌ (၂၄) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများ ကြည့်ရှုစစ်ဆေးစဉ်။


**ယနေ့ ဖတ် စ ရာ**

စားအုန်းဆီ အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ၄၇၂၅ ကျပ် ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ — ပြည်တွင်းသတင်း စာ ၂

ယနေ့ အဆို အက အရေး အတီး ပြိုင်ပွဲများက ပေးနေသော ယဉ်ကျေးမှုအသိဉာဏ် — ဆောင်းပါး စာ ၁၀



မြန်မာ့ကျောက်မျက်ရတနာ ပြပွဲစတုတ္ထနေ့ ကျောက်မျက်အတွဲ ၇၃ တွဲ ရောင်းချရ — ပြည်တွင်းသတင်း စာ ၁၅

မြန်မာ့အလင်း

# အမျိုးသားယဉ်ကျေးမှုမျက်နှာစာမှ နိုင်ငံနှင့်လူမျိုးကို ကာကွယ်စောင့်ရှောက်

သီဆို၊ ကခုန်၊ တီးမှုတ်ကြသည့် ယဉ်ကျေးမှုအလေ့အထများက လူသားတို့၏ သမိုင်းအစမှာပင် ရှိခဲ့လိမ့်မည်ဟု ပညာရှင်တို့က အနုမာနအားဖြင့် မှန်းဆကြသည်။ စာပေအက္ခရာ အရေးအသားတို့ ပေါ်ပေါက်လာသည့်အခါတွင် ရေးဖွဲ့ခြင်းအနုပညာလည်း ပေါ်ထွန်းလာသည်။ မြန်မာနိုင်ငံတွင် အဆို၊ အက၊ အရေး၊ အတီးတို့နှင့် စပ်လျဉ်း၍ အစောဆုံးအထောက်အထားများကို ပျူခေတ်တွင် တွေ့ရှိရခြင်းဖြစ်သည့်အတွက် သီဆို၊ ကခုန်၊ တီးမှုတ်ခြင်းယဉ်ကျေးမှုတို့ ယင်းထက်စော၍ တည်ရှိနေပြီဟု ဆိုနိုင်သည်။

အနုပညာယဉ်ကျေးမှုတို့သည် ဒြပ်မဲ့ယဉ်ကျေးမှုများဖြစ်ပြီး ပျောက်ပျက်လွယ်သည့်အားလျော်စွာ ပျူခေတ်၊ ပုဂံခေတ်တို့တွင် သီဆိုခဲ့ကြသည့် သီချင်းများ၊ ကခုန်ခဲ့ကြသည့် ကကြိုးကကွက်များ၊ တီးမှုတ်ခဲ့ကြသည့် တေးသံစဉ်များကို ယနေ့ခေတ်တွင် မကြားနိုင်၊ မတွေ့နိုင်တော့။ ရုပ်တုရုပ်ထွင်းများနှင့် နံရံဆေးရေးပန်းချီများ၊ ကျောက်စာအထောက်အထားများအရ သိရှိရသည့် ပျူခေတ်၊ ပုဂံခေတ်က တူရိယာများကိုလည်း မတွေ့ရှိနိုင်တော့။ ပင်းယခေတ်တွင် စိတ်ဓာတ်တက်ကြွဖွယ်ရာ သီဆိုကခုန်ခဲ့ကြသည်ဆိုသည့် “ကာချင်း”များကို စာပေမှတ်တမ်းအရသာ သိရှိနိုင်ကြသော်လည်း သံနေသံထားမည်ကဲ့သို့ သီဆို၍ မည်သည့်ဟန်ပန်ဖြင့် ကခုန်ခဲ့သနည်း စသည်စသည်ဖြင့် ကြွယ်ဝလှသည့် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်များမှာ တစ်ခေတ်ပြီးတစ်ခေတ် ဝေး၍ဝေး၍ မှုန်ဝါးပျောက်ကွယ်ခဲ့ကြပြီဖြစ်သည်။

၁၉၉၃ ခုနှစ်တွင် စတင်ခဲ့ပြီး ယခုနှစ်တွင် (၂၄) ကြိမ်မြောက်ခဲ့ပြီဖြစ်သည့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများသည် ရည်ရွယ်ချက်အားဖြင့် ရိုးရာအစဉ်အလာ တည်ရှိခဲ့သော အနုသုခုမပညာရပ်များကို ပြန်လည်ဖော်ထုတ်ထိန်းသိမ်းခြင်းသာမက သည့်ထက်ပိုမိုသည့်ရည်ရွယ်ချက်များလည်း ပါရှိသည်။ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊ တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအနုပညာအမွေအနှစ်များနှင့် အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်စေရန် ဖော်ထုတ်၊ ထိန်းသိမ်းမြှင့်တင်ရေး၊ မျိုးဆက်သစ်လူငယ်များအကြားတွင် ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ထုတ်ထိန်းသိမ်းခြင်းနှင့်ထပ်တူ အမျိုးသားရေးစိတ်ဓာတ်များ ပိုမိုထွန်းကား ပြန့်ပွားနေစေရေး၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် အမျိုးသားယဉ်ကျေးမှုအခန်းကဏ္ဍမှ တစ်တပ်တစ်အား ပူးပေါင်း ပါဝင်ဆောင်ရွက်ရေးဟူသော ဦးတည်ချက်(၄)ရပ်သည် ယခုနှစ် (၂၄) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီး ကျင်းပရာတွင် မျှော်မှန်းထားသည့် အကျိုးရလဒ်များပင်ဖြစ်သည်။

မျက်မှောက်ခေတ်သည် နည်းပညာခေတ်ဖြစ်သည့်အားလျော်စွာ နိုင်ငံအသီးသီးတို့မှ ယဉ်ကျေးမှုများ ကူးလူးယှက်သွယ်မှုများက လွန်စွာလျင်မြန်လှသလို နည်းပညာကိုအသုံးချ၍ ယဉ်ကျေးမှုဖြန့်ဝေတင်ပို့မှုများကိုလည်း တွေ့မြင်နိုင်သည်။ ထို့အပြင် မိမိတို့နိုင်ငံအပေါ် ဘက်ပေါင်းစုံမှ ထိုးနှက်တိုက်ခိုက်မှုများကို ပြည်တွင်းပြည်ပမှ မသမာသူအဖျက်သမားများက ပြုလုပ်လျက်ရှိကြပြီး နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုကိုပါ သေးသိမ်အောင်၊ ညစ်နွမ်းအောင်၊ ပျက်စီးရာ ပျက်စီးကြောင်း နည်းလမ်းပေါင်းစုံဖြင့် ဖျက်ဆီးလျက်ရှိသည်။ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးများ ကျင်းပခြင်း၏ ရည်ရွယ်ချက်များအတိုင်း အောင်အောင်မြင်မြင် ဆောင်ရွက်ခြင်းသည် အမျိုးသားယဉ်ကျေးမှုမျက်နှာစာမှနေ၍ နိုင်ငံနှင့်လူမျိုးတို့အား ကာကွယ်စောင့်ရှောက်ခြင်းပင်ဖြစ်သည်ဟု ခံယူကာ တစ်မျိုးသားလုံးက အားပေးကြရ ပါမည့်အကြောင်း။ ။



## ၂၀၂၃ ခုနှစ်၊ (၂၄) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက် (၄) ရပ်

၁။ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

၂။ တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာအမွေအနှစ်များနှင့် အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်စေရန် ဖော်ထုတ်၊ ထိန်းသိမ်း၊ မြှင့်တင်ရေး၊

၃။ မျိုးဆက်သစ်လူငယ်များအကြားတွင် ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ထုတ်ထိန်းသိမ်းခြင်းနှင့်ထပ်တူ အမျိုးသားရေးစိတ်ဓာတ်များ ပိုမိုထွန်းကားပြန့်ပွားနေစေရေး၊

၄။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် အမျိုးသားယဉ်ကျေးမှုအခန်းကဏ္ဍမှ တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

## ဦးချမ်းအေး အား ကူဝိတ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် ခန့်အပ်

**နေပြည်တော် အောက်တိုဘာ ၂၃**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် နိုင်ငံခြားရေးဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန် ဦးချမ်းအေး အား ကူဝိတ်နိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ခန့်အပ်လိုက်ပြီးဖြစ်သည်။

သတင်းစဉ်

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးခန့်ထားခြင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန၊ ရန်ကုန်အဝေးသင်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာ ချစ်စိန် ကို မော်လမြိုင်တက္ကသိုလ် ပါမောက္ခချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

၂။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၊ စီးပွားရေးရာဌာနကြီးမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်လှိုင်မိုး ကို ယင်းဌာနကြီး၏ ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် အောက်တိုဘာ ၂၃** - နေပြည်တော်နှင့် ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ **မိုး/ဇလ**

## “ပြည်သူ့ကြားက ပြည်သူ့စကား” အစီအစဉ်ထုတ်လွှင့်မည်

**ရန်ကုန် အောက်တိုဘာ ၂၃**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက် စကားသံများအား သဇင် FM ၏ “ပြည်သူ့ကြားက ပြည်သူ့စကား” အစီအစဉ်မှ **“NCA နှင့် ရိုးသားမှု”** ခေါင်းစဉ်ဖြင့် အောက်တိုဘာ ၂၅ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **“ညောင်လေးပင်မြို့နယ် ပိန်းဇလုပ်ဘူတာနှင့် တော်ဝိဘူတာအကြား ရထားလမ်းအား PDF အမည်ခံ အကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲဖျက်ဆီး”** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်

နေပြည်တော် အောက်တိုဘာ ၂၃

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်။

**မိုး/ဇလ**

## စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ၄၇၂၅ ကျပ် ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် အောက်တိုဘာ ၂၃**

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီ တင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေး ကော်မတီအနေဖြင့် စားအုန်းဆီကမ္ဘာ့ဈေးနှုန်းဖြစ်ပေါ်ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများ ဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီ အဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံတွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခ ကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ပြည်တွင်းဈေးကွက်၌ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

ယခုအပတ်အတွင်း ကမ္ဘာ့စားအုန်းဆီထုတ်လုပ်တင်ပို့သည့် နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ အောက်တိုဘာ ၂၄ ရက်မှ ၃၀ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီ တစ်ပိဿာလျှင် ၄၇၂၅ ကျပ် ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

ထို့ပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းနှင့် မသမာသည့် လုပ်ဆောင်မှုများပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။

အခြေခံ လက်ကားရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာ ဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

❍ *ရှေ့ဖုံးမှ*

ဗဟိုဌာန-၂ (MICC-2)၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနရှိ ယဉ်ကျေးမှုရတနာခန်းမ၊ လေ့ကျင့်ရေးဇာတ်ရုံ၊ အမျိုးသားပြတိုက်၊ အမျိုးသား စာကြည့်တိုက်များသို့ သွားရောက်၍ (၂၄) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ ကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများအား လိုက်လံကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက သက်ဆိုင်ရာ ကဏ္ဍများအလိုက် ရှင်းလင်းတင်ပြကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် အဖွဲ့ဝင်များသည် နေပြည်တော်စစ်ကြောရေးနှင့် တည်းခိုရေးစခန်း၌ (၂၄) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲအတွက် အကဲဖြတ်ဒိုင်များအဖြစ် စိတ်ရောကိုယ်ပါ ကူညီဆောင်ရွက်ပေးကြမည့် ဝါရင့်အနုပညာရှင်ကြီးများနှင့် ပါဝင်ယှဉ်ပြိုင်ကြမည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင်အဖွဲ့များ၊ အုပ်ချုပ်မှုအဖွဲ့များနှင့် အုပ်ထိန်းသူမိဘများ၏ နေထိုင်စားသောက်မှု အဆင်ပြေချောမွေ့စေရေးအတွက် အိပ်ဆောင်များ၊ စားရိပ်သာနှင့် စားချက်ဆောင်များ၊ စားသောက်ဆိုင်များနှင့် အရောင်းဆိုင်များ ပြင်ဆင်ဆောင်ရွက်ထားရှိမှုများ၊ ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်ရန် လေ့ကျင့်နေမှုများ၊ ဆပ်ကော်မတီများအလိုက် လုပ်ငန်းဆောင်ရွက်နေမှုများနှင့် ကျန်းမာရေးနှင့် ဆေးအကာအကွယ်ပေးရေး အဖွဲ့များ စုဖွဲ့ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ ရောက်ရှိနေကြသည့် အကဲဖြတ်ဒိုင်အဖွဲ့ဝါရင့်အနုပညာရှင်ကြီးများနှင့် ပြိုင်ပွဲဝင် အဖွဲ့သူ၊ အဖွဲ့သားများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက် အားပေးစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း အကဲဖြတ်ဒိုင်အဖွဲ့ ဝါရင့်အနုပညာရှင်ကြီးများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကား ပြောကြားစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ပြိုင်ပွဲဝင်ကလေးများ စားသောက်နေမှုကို လိုက်လံကြည့်ရှုအားပေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ကျန်းမာရေးနှင့် ဆေးအကာအကွယ်ပေးရေးအဖွဲ့များ စုဖွဲ့ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးစဉ်။

# ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ အစိုးရနည်းပညာကောလိပ် (မန္တလေး) ကြည့်ရှုစစ်ဆေး

**နေပြည်တော် အောက်တိုဘာ ၂၃**

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနသည် နိုင်ငံ့စီးပွားမြှင့်တင်ရေးအတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အခြေခံသည့် ထွက်ကုန်များမှ MSME စက်မှုကုန်ထုတ်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကိုလက်တွေ့ကျကျအထောက်အကူပြုနိုင်မည့် ကျွမ်းကျင်နည်းပညာရှင်လူငယ်များ ပေါ်ထွန်းလာရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ဒုတိယဝန်ကြီး ဒေါက်တာ အောင်ဇေယျသည် ယနေ့ နံနက်ပိုင်းက အစိုးရနည်းပညာကောလိပ် (မန္တလေး)၌ ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် ကျောင်းအုပ်ကြီး ဒေါက်တာထွန်းကျော်မြင့်က ကျောင်းဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက MSME များတွင် ခေတ်မီနည်းပညာများ အသုံးချနိုင်ရေး သင်ရိုးညွှန်းတမ်းနှင့် သင်ထောက်ကူ ပစ္စည်းများကို သတ်မှတ်စံနှုန်းများနှင့်အညီ စီမံဆောင်ရွက်ရန်၊ ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အလုပ်အကိုင်များ ဖန်တီးပေးနိုင်ရေးနှင့် ဘဝရပ်တည်ရေး ခိုင်မာစေရေးအတွက် ပံ့ပိုးပေးနိုင်သည့် သက်မွေးပညာသင်တန်းများ သင်ကြားပေးရန်၊ ပြည်သူများ၏ အကျိုးစီးပွားကို အမှန်တကယ် ဖော်ဆောင်ပေးနိုင်မည့် အရည်အသွေးပြည့်မီသော နည်းပညာရှင်များ စဉ်ဆက်မပြတ် မွေးထုတ်နိုင်ရေး အလေးထား ဆောင်ရွက်ရန်၊ ဆက်စပ်ကျောင်း/ ဌာနများနှင့် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ဆောင်ရွက်ရန် လိုအပ်ကြောင်း တိုက်တွန်းပြောကြားပြီး ဝန်ထမ်းများ၏ လိုအပ်ချက်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။



ဆက်လက်၍ ဒုတိယဝန်ကြီးသည် ကျောင်းသား ကျောင်းသူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ကာ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များကို အောင်မြင်အောင် ဆောင်ရွက်ရာတွင် တစ်တပ်တစ်အား ဖြစ်စေမည့် ဗလငါးတန်နှင့်ပြည့်စုံသော နည်းပညာအရည်အသွေး ပြည့်ဝသည့် နိုင်ငံ့လူငယ်ကောင်းများ ဖြစ်စေရေး ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် B.Tech (ပထမနှစ်)Second Semester စာမေးပွဲကို အေးချမ်းစွာ ဖြေဆိုလျက်ရှိသည့် ကျောင်းသား ကျောင်းသူများကို ကြည့်ရှုအားပေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။ ထို့နောက် လက်တွေ့လုပ်ငန်းများ ဆောင်ရွက်နေကြသည့် G.T.I ဒုတိယနှစ် ကျောင်းသား ကျောင်းသူများကို ကြည့်ရှုအားပေးကာ စာကြည့်တိုက်၊ ကွန်ပျူတာခန်းနှင့် ကျောင်းဝင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) (၈)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနား ပြန်လည်သုံးသပ်ခြင်းဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် အောက်တိုဘာ ၂၃**

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) (၈)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနား ပြန်လည်သုံးသပ်ခြင်းဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက နေပြည်တော် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အစည်းအဝေးသို့ NCA နှစ်ပတ်လည်နေ့အခမ်းအနားကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်နှင့် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်နှင့် ကော်မတီဝင်များ၊ ဦးစီးကော်မတီတွင်ပါဝင်သည့် ပြည်ထောင်စုဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဦးစီးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က အဖွင့်အမှာစကားပြောကြားရာတွင် **(ယာပုံ)** NCA (၈)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားအား အချိန်ကိုက်အပိုအလိုမရှိ ကျင်းပဆောင်ရွက်နိုင်ခဲ့ပြီး လုပ်ငန်းကော်မတီများအချင်းချင်း ဟန်ချက်ညီညီ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်ကို တွေ့ရှိရသဖြင့် သက်ဆိုင်ရာ တာဝန်ရှိသူအားလုံးကို ကျေးဇူးတင်ရှိကြောင်းကို ပြောကြားလိုကြောင်း၊ NCA နှစ်ပတ်လည်နေ့အခမ်းအနား၏ အားသာချက်၊ အားနည်းချက်များကို ပြန်လည်သုံးသပ်ပြီး တွေ့ရှိရသည့် အားနည်းချက်များအား နောင်ကျင်းပမည့် အခမ်းအနားများ၌ ပြုပြင်ဆောင်ရွက်သွားရန် လိုအပ် ကြောင်းနှင့် လုပ်ငန်းကော်မတီအလိုက် အမှန်တကယ် သုံးစွဲခဲ့သည့် ဘတ်ဂျက်အသုံးစရိတ်များကို ရှင်းလင်း ဆွေးနွေးပေးစေလိုကြောင်း ပြောကြားသည်။ ဆက်လက်ပြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေး ကော်မတီ အတွင်းရေးမှူး ဒုတိယ ဗိုလ်ချုပ်ကြီး မင်းနိုင်က အခမ်းအနား ကျင်းပပြီးစီးခဲ့မှုအခြေအနေများအား ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တက်ရောက်လာသည့် ဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များက မိမိတို့လုပ်ငန်းကော်မတီအလိုက် ဆောင်ရွက်ခဲ့သည့် အားသာချက်၊ အားနည်းချက်များနှင့် ငွေကြေးသုံးစွဲမှုအခြေအနေများအား ရှင်းလင်း ဆွေးနွေးကြပြီး တက်ရောက်လာသူများက လိုအပ်သည်များ အကြံပြု ဆွေးနွေးကြသည်။

ယင်းနောက် ဦးစီးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်စွက်မှာကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**

# ကိုဗစ် -၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီ အစည်းအဝေးကျင်းပ

**နေပြည်တော် အောက်တိုဘာ ၂၃**

ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်း ကော်မတီ၏ အစည်းအဝေး အမှတ်စဉ် (၂/၂၀၂၃) ကို ယနေ့ နံနက်ပိုင်းက ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ရုံးအမှတ် (၁) ၌ ကျင်းပသည်။ **(ယာပုံ)**



အစည်းအဝေးသို့ လုပ်ငန်း ကော်မတီဥက္ကဋ္ဌ၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်နှင့် လုပ်ငန်း ကော်မတီဝင်များ ဖြစ်ကြသော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ရင်းနှီး မြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေး ဝန်ကြီးဌာန၊ အလုပ်သမားဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနတို့မှ ဒုတိယဝန်ကြီးများ၊ အမြဲတမ်း အတွင်းဝန်များနှင့် အဆင့်မြင့် အရာရှိကြီးများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် လုပ်ငန်း ကော်မတီဥက္ကဋ္ဌက ချေးငွေအရင်း ပြန်လည်ကောက်ခံရေး လုပ်ငန်း စဉ်များကို တိုင်းဒေသကြီး/ ပြည်နယ် စိစစ်ကြပ်မတ်ရေးအဖွဲ့ များက ကြိုးပမ်းဆောင်ရွက်မှု အခြေအနေ၊ နိုင်ငံတော်၏ လှည့်ပတ်ရန်ပုံငွေကျပ် ဘီလီယံ ၅၀ ပြန်လည်ပေးဆပ်ပြီးစီးမှု အခြေအနေ၊ လုပ်ငန်းများထံမှ အရင်းပြန်လည်ကောက်ခံရရှိငွေ များအား အထွေထွေပိုလျှံရန်ပုံငွေ သို့ အရစ်ကျ ဆက်လက်ပေးဆပ် သွားမည့်အခြေအနေ၊ ချေးငွေ သက်တမ်း သုံးနှစ်ပြည့်မြောက်ပြီး သည့် လုပ်ငန်းရှင်များက ချေးငွေ ပြန်လည်ပေးဆပ်မှု အခြေအနေ နှင့် နိုင်ငံသားပိုင် ငါး၊ ပုစွန် မွေးမြူ ရေးအပါအဝင်မွေးမြူရေးကဏ္ဍသို့ ထုတ်ပေးထားသည့် ချေးငွေများ ပြန်လည်ပေးဆပ်ရမည့် ကာလ အား ချေးငွေသက်တမ်းစေ့ရောက် သည့်နေ့မှစ၍ နောက်ထပ် တစ်နှစ် ထပ်မံတိုးမြှင့်ပေးမည့် အခြေအနေ တို့ကို ဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ လုပ်ငန်း ကော်မတီအတွင်းရေးမှူး၊ ရင်းနှီး မြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွား ဆက်သွယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ ဝါဝါ မောင်က ချေးငွေစိစစ်ကြပ်မတ် ရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပြည်နယ်/ တိုင်းဒေသကြီးအလိုက် ကိုဗစ်-၁၉ ရန်ပုံငွေမှ ချေးငွေ ထုတ်ယူထားသည့် ကုမ္ပဏီ/ လုပ်ငန်းများမှ အတိုးအရင်း ကောက်ခံရရှိမှုနှင့် သက်ဆိုင်ရာ ဌာနများ၊ ချေးငွေကြီးကြပ်ရေး အဖွဲ့များနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်မှု အခြေအနေများ ကို ရှင်းလင်းတင်ပြဆွေးနွေး သည်။

ယင်းနောက် အစည်းအဝေး တက်ရောက် လာကြသူများက ကော်မတီ၏ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ဆောင်ရွက်ထားရှိမှု အခြေအနေ၊ သက်တမ်းစေ့ပြီး ချေးငွေပြန်လည် ကောက်ခံရေး အစီအစဉ်နှင့် လုပ်ထုံးလုပ်နည်းများ၊ ဌာနဆိုင်ရာ များအကြား ပူးပေါင်းဆောင်ရွက်မှု အခြေအနေတို့ကို ညှိနှိုင်းဆွေးနွေး ခဲ့ကြသည်။

**သတင်းစဉ်**

❒ *ကျော့ဖုံးမှ*

မြန်မာနိုင်ငံ ဟိုင်းကြီးကျွန်းမြို့၏ အနောက် – အနောက်မြောက်ဘက် ရေမိုင် ၄၂၅ မိုင်ခန့်၊ သံတွဲမြို့၏ အနောက်ဘက် ရေမိုင် ၄၁၀ ခန့်၊ စစ်တွေမြို့၏ အနောက် – အနောက်တောင်ဘက် ရေမိုင် ၃၅၀ ခန့်၊ အိန္ဒိယနိုင်ငံ ပါရာဒစ်မြို့၏ တောင်–အရှေ့တောင်ဘက် ရေမိုင် ၁၅၀ ခန့်၊ ဒီဂါမြို့၏ တောင်ဘက် ရေမိုင် ၂၂၅ မိုင်ခန့်နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ခီပူပါရာမြို့၏ တောင်–အနောက်တောင်ဘက် ရေမိုင် ၃၀၀ ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။

အားကောင်းသော မုန်တိုင်းငယ်၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့် အခြေအနေမရှိပါသဖြင့် အဝါရောင်အဆင့်ဟု သတ်မှတ်ပါသည်။

**အားကောင်းသောမုန်တိုင်းငယ်၏ တည်နေရာ၊ ဗဟိုချက်လေဖိအားနှင့် လေတိုက်နှုန်း**

အဆိုပါ အားကောင်းသောမုန်တိုင်းငယ်သည် ညနေ ၅ နာရီခွဲတွင် မြောက်လတ္တီကျူ ၁၇ ဒသမ ၉ ဒီဂရီနှင့် အရှေ့လောင်ဂျီကျူ ၈၇၂ ဒီဂရီတွင်ရှိပြီး ဗဟိုချက်လေဖိအား ၁၀၀၁ ဟက်တိုပါစကယ်နှင့် အမြင့်ဆုံး လေတိုက်နှုန်းမှာ တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ နှုန်းခန့် ဖြစ်သည်။

**နောက် ၆ နာရီအတွင်း ခန့်မှန်းချက်**

အဆိုပါ အားကောင်းသောမုန်တိုင်းငယ်သည် မြောက်–အရှေ့ မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်ပြီး နောက် ၆ နာရီအတွင်း ဆိုင်ကလုန်းမုန်တိုင်းအဖြစ်သို့ ပိုမိုအားကောင်းလာနိုင်ကာ (၂၅.၁၀.၂၀၂၃) ရက်နေ့ ညနေပိုင်းတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံကမ်းခြေကို ခီပူပါရာမြို့နှင့် စစ်တကောင်းမြို့တို့ကြားမှ ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရသည်။

**သတိပေးနှိုးဆော်ချက်**

အားကောင်းသောမုန်တိုင်းငယ်၏အရှိန်ကြောင့် ယနေ့ညမှ (၂၅.၁၀.၂၀၂၃) ရက်နေ့အတွင်း ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာအနှံ့အပြားနှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ် မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်ပါသည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ ရခိုင် ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင် တို့တွင် ရှစ်ပေမှ ၁၀ ပေခန့်ရှိနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ အားကောင်းသော မုန်တိုင်းငယ်၏အရှိန်ကြောင့် လေပြင်းတိုက်ခတ်ခြင်း၊ မိုးကြီးခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့်အတူ မြေပြိုခြင်းများ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်ကိုလည်းကောင်း၊ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများ ဖြစ်ပေါ်နိုင်သောကြောင့် ကြိုတင်သတိပြုနေထိုင်ကြပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေးနှင့် မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**

# ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ချန်းဟိုင်အား လက်ခံတွေ့ဆုံ



**နေပြည်တော် အောက်တိုဘာ ၂၃**

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ချန်းဟိုင်အား ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

**ရင်းနှီးပွင့်လင်းစွာဆွေးနွေး**

ထိုသို့တွေ့ဆုံစဉ် မြန်မာ - တရုတ် နှစ်နိုင်ငံအကြား တည်ရှိပြီးဖြစ်သည့် ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရင်းနှီးမှုကို အခြေခံ၍ ဘက်စုံမဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရေး၊ ရပ်ဝန်းနှင့်ပိုးလမ်းမ ပူးပေါင်းဆောင်ရွက်ရေးမူဘောင်အောက်မှ မြန်မာ - တရုတ် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် စီမံကိန်းများကို နှစ်ဖက်အပြန်အလှန် အကျိုးဖြစ်ထွန်းမှုအပေါ် အခြေခံ၍ အရှိန်အဟုန်မြှင့် အကောင်အထည်ဖော်သွားရေး၊ မြန်မာ - တရုတ် နှစ်နိုင်ငံနယ်စပ်ဒေသ တစ်လျှောက် တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် နှစ်ဖက်ပူးပေါင်းဆောင်ရွက်ရေး၊ ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးလုပ်ငန်း အကောင်အထည်ဖော်နိုင်ရေး၊ မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းအားထုတ်မှုများတွင် တရုတ်နိုင်ငံမှ အပြုသဘော ဆက်လက်ကူညီဆောင်ရွက်ပေးသွားမည့်ကိစ္စများ အပါအဝင် ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာ အထူးသဖြင့် အာဆီယံနှင့် ကုလသမဂ္ဂတို့တွင် ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေး အမြင်ချင်းဖလှယ်ခဲ့ကြသည်။

**သတင်းစဉ်**

# GW-11 မျိုးစေ့ထုတ်စိုက်ခင်းဧက ၈၀၀ ကွင်းသရုပ်ပြပွဲနှင့် မျိုးစေ့ထောက်ပံ့ပွဲအခမ်းအနား နေပြည်တော် ပျဉ်းမနားမြို့နယ်၌ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၂၃**

ဂရိတ်ဝေါလ်တူမောရိုး မျိုးစေ့ထုတ် စိုက်ပျိုးရေး ကုမ္ပဏီလီမိတက်၏ GW–11 မျိုးစေ့ထုတ်စိုက်ခင်းဧက ၈၀၀ ကွင်းသရုပ်ပြပွဲနှင့် မျိုးစေ့ထောက်ပံ့ပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် ပျဉ်းမနားမြို့နယ် အလျင်လိုကျေးရွာအနီးရှိရှင်းလင်းဆောင်၌ ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော် ကောင်စီအဖွဲ့ဝင်များ၊ နေပြည်တော်အဆင့် ဌာနဆိုင်ရာများ၊ ဒေသခံတောင်သူများ တက်ရောက်ကြသည်။



အခမ်းအနားတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌက စိုက်ပျိုးရေးလုပ်ငန်းများကို ပြည့်ပြည့်ဝဝ ဆောင်ရွက်နိုင်မည် ဆိုပါက လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်နိုင်မည်ဖြစ်ကြောင်း၊ လယ်ယာကဏ္ဍကို အပြည့်အဝအကောင်အထည်ဖော်နိုင်မှသာ ပြည်တွင်းစားရေရိက္ခာ ပေါ်များလာမည့်အပြင် ပိုလျှံစွာ ထွက်ရှိလာသည့် ထုတ်ကုန်များမှ ပြည်ပပို့ကုန်များ ရရှိပြီး စိုက်ပျိုးရေးလုပ်ငန်းများကို အခြေခံသည့် ပြည်ပဝင်ငွေများ ရရှိလာမည် ဖြစ်ကြောင်း၊ ကျေးလက်နေ ပြည်သူများ၏ လူနေမှုဘဝ ဖွံ့ဖြိုးတိုးတက်လာမှသာ တိုင်းဒေသကြီး၊ ပြည်နယ်များအလိုက် ဖွံ့ဖြိုးတိုးတက်ပြီး နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မည်ဖြစ်သည့်အတွက် ကျေးလက်နေတောင်သူများ လူမှုဘဝမြင့်မားရေး၊ စီးပွားရေး ကောင်းမွန်ရေးတို့အတွက် ဦးစားပေးဆောင်ရွက်ရမည်ဖြစ်ကြောင်း။

နေပြည်တော်အတွင်း မျိုးစေ့ထုတ်လုပ်သော လုပ်ငန်းများအား ယခင်ထက်ပိုမို၍ လုပ်ငန်းများ အောင်မြင်နိုင်ရန်အတွက် နေပြည်တော်ကောင်စီနှင့် သက်ဆိုင်ရာဌာနများမှ ကူညီဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ဒေသအတွင်း ထွက်ရှိသည့် စိုက်ပျိုးရေး၊ မွေးမြူရေး ကုန်ကြမ်းများကို အခြေခံသည့် ပြည်ပပို့ကုန်များအဖြစ် ကုန်ချောများ တင်ပို့နိုင်ရေး ဝိုင်းဝန်းကြိုးပမ်း အကောင်အထည်ဖော် ဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ နေပြည်တော်အတွင်း သီးနှံစိုက်စွမ်းအားများ မြင့်မားတိုးတက်ရေး၊ ပန်းတိုင်အထွက်နှုန်းများ ရရှိစေရေးနှင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍ၊ အသေးစား၊ အငယ်စားနှင့်အလတ်စားစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးတို့ အတွက် သက်ဆိုင်ရာ ဌာနဆိုင်ရာများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ သွင်းအားစု ဖြန့်ဖြူးရောင်းချသူများ၊ တောင်သူ လယ်သမားများ ပူးပေါင်း၍ကြိုးစားဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ဂရိတ်ဝေါလ်တူမောရိုး မျိုးစေ့ထုတ်စိုက်ပျိုးရေး ကုမ္ပဏီလီမိတက် ဥက္ကဋ္ဌ ဦးတင်မောင်က စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မျိုးစေ့ထုတ်လုပ်ဖြန့်ဖြူးခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြပြီး ပျဉ်းမနားခရိုင်အတွင်းရှိ တောင်သူများအတွက် မျိုးစပါး ထောက်ပံ့ပေးအပ်ရာ ပျဉ်းမနားခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ကိုဦး က လက်ခံရယူသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌက တက်ရောက်လာကြသည့် တောင်သူများ၏ လိုအပ်ချက်များကို မေးမြန်း၍ ဌာနဆိုင်ရာများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးပြီး ပြသထားသည့် GW မျိုးစပါးများနှင့် ဂရိတ်ဝေါလ်တူမောရိုး မျိုးစေ့ထုတ် စိုက်ပျိုးရေးကုမ္ပဏီလီမိတက်၏ GW–11 မျိုးစေ့ထုတ်စိုက်ခင်း ဧက ၈၀၀ အတွင်း မျိုးကွဲပယ်နေမှုကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့သည် ဒက္ခိဏသီရိမြို့နယ် ချိုင်းကျေးရွာအနီးရှိဂရိတ်ဝေါလ်တူမောရိုးမျိုးစေ့ထုတ်စိုက်ပျိုးရေး ကုမ္ပဏီလီမိတက်သို့ရောက်ရှိပြီး စက်ရုံအတွင်း GW–11 မျိုးစပါးသန့်စင် ခြင်းနှင့် မျိုးစပါးအိတ် ထည့်သွင်းချုပ်လုပ်နေမှုကို ကြည့်ရှုအားပေးသည်။

ထို့နောက် နေပြည်တော်ကောင်စီ ဥက္ကဋ္ဌနှင့် အဖွဲ့သည် အလျင်လိုကျေးရွာအတွင်း စည်ပင်သာယာရေးလုပ်ငန်းများ၊ လယ်ဝေးမြို့နယ်အတွင်းရှိ ရန်ကုန်–မန္တလေးလမ်းဟောင်းနှင့် မြို့ရှောင်လမ်းသို့ ဆက်သွယ်ထားသည့် H–1 လမ်းအား တိုးချဲ့ဆောင်ရွက်မည့် အခြေအနေ၊ လမ်းဘေးဝဲ/ယာတွင် နှစ်ရှည်အရိပ်ရအပင်များ စိုက်ပျိုးထားရှိမှုများ၊ ရာဇသင်္ဂဟလမ်းနှင့် ရွှေပြည်တော်ဝင်လမ်းဆုံ ကံ့ကော်ပန်းအဝိုင်း အနီးတွင် နိုင်လွန်ကတ္တရာ (AC) များ တွန့်ခေါက်နေမှုများအား ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများကို သွားရောက် ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့သည် နေပြည်တော် စစ်ကြောရေးနှင့် တည်းခိုရေးစခန်းတွင် တည်းခိုနေကြသည့် (၂၄) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ကြမည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင်များအား သက်သာသော ဈေးနှုန်း ဖြင့်ရောင်းချပေးနေသည့် စက်မှုဝန်ကြီးဌာနမှ ထုတ်ကုန်ပစ္စည်းအရောင်းဆိုင်များ၊ သမဝါယမ အရောင်းဆိုင်များ၊ နေပြည်တော် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများအသင်း (MSME) မှ နေပြည်တော် ဒေသထွက်ကုန်ပစ္စည်း ၁၅၁ မျိုးကို အရောင်းဆိုင်ခန်း ၂၂ ခန်းတွင် ရောင်းချနေမှုကို ကြည့်ရှုအားပေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မောင်တောမြို့၌ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိရေးအတွက် အဆင့်မြင့် အမျိုးသမီးအိမ်တွင်းမှု စက်ချုပ်သင်တန်းအမှတ်စဉ် (၅) ဖွင့်လှစ်



**မောင်တော အောက်တိုဘာ ၂၃**

ရခိုင်ပြည်နယ် မောင်တောမြို့၌ ကျေးလက်နေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းရရှိရေးအတွက် နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ အမျိုးသမီး အိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း၏ အဆင့်မြင့်အိမ်တွင်းမှု စက်ချုပ်သင်တန်း အမှတ်စဉ် (၅) ဖွင့်ပွဲကို ယနေ့ နံနက်၉ နာရီက အဆိုပါသင်တန်းကျောင်း ခန်းမ၌ ကျင်းပသည်။

ဦးစွာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် (၁) ဒုတိယဗိုလ်မှူးကြီး ကျော်သူဝင်းက ကျေးလက်နေပြည်သူများ၏ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရေးနှင့် တစ်ဦးချင်းဝင်ငွေ တိုးပွားလာခြင်းဖြင့် ဆင်းရဲနွမ်းပါးမှု လျှော့ချစေနိုင်ရေး စသည့်လုပ်ငန်းစဉ်များအတွက် အထောက်အကူပြုနိုင်စေနိုင်ရန် ရည်ရွယ်၍ ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အမျိုးသမီး အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်နီလာကြည်က သင်တန်းမှ ပို့ချမည့် ဘာသာရပ်များနှင့် သင်တန်းဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းပြောကြားပြီး အခမ်းအနားသို့ တက်ရောက်လာသူများက ခင်းကျင်းပြသထားသည့် နမူနာလက်ရာများနှင့် သင်ထောက်ကူပစ္စည်းများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

အဆိုပါ သင်တန်းတွင် သင်တန်းသူများမှာ ကျေးလက်နေဒေသခံ တိုင်းရင်းသူများဖြစ်ပြီး မောင်တောမြို့မှ ၂၃ ဦး၊ ဘူးသီးတောင်မြို့မှ ခုနစ်ဦး စုစုပေါင်း အဆင့်မြင့် သင်တန်းသူ ၃၀ တက်ရောက်သင်ယူမည်ဖြစ်ရာ သင်တန်းကာလမှာ အောက်တိုဘာ ၂၈ ရက်မှ ၂၀၂၄ ခုနှစ် မတ်လ ၂၂ ရက်အထိ ၂၂ ပတ်ကြာသင်ကြားပို့ချပေးမည်ဖြစ်သည်။

**သက်လွင်စိုး (ပြန်/ဆက်)**

# ကြည်မြသည့်ဂီတ ပီသသည့်အသံ အံဝင်သည့်စာသား စံထားရသည့်အက မြန်မာ့အနုအလှ သုခုမ

**စန်းနီလာဝင်း**

မြန်မာစာပေသမိုင်းကို လေ့လာသုတေသနပြုမည်ဆိုလျှင် ပုဂံခေတ်မှသာ အစပြုနိုင်သော်လည်း မြန်မာ့အနုသုခုမသမိုင်းကို လေ့လာမည်ဆိုပါက ပျူခေတ်မှပင် စတင်ရပါလိမ့်မည်။

ယဉ်ကျေးမှုဟူသည် လူမျိုးတိုင်း၏ နှလုံးသည်းပွတ်ပင်ဖြစ်သည်။ လူသားသည် မည်မျှခွန်အားဗလ ရှိနေစေကာမူ နှလုံးသည်းပွတ်ချို့ယွင်းနေပါက အသက်ရှင်သန်နေနိုင်မည်မဟုတ်ပါ။ ထို့အတူ နိုင်ငံတစ်ခု၌ မည်မျှပင် မြေပေါ်မြေအောက် သယံဇာတများစွာကြွယ်ဝနေစေကာမူ မိမိတို့၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကာကွယ်ထိန်းသိမ်းစောင့်ရှောက်မှုမရှိခဲ့လျှင် လူမျိုးပါ ကွယ်ပျောက်တိမ်ကောသွားဖွယ်ရာရှိပေသည်။ ထို့ကြောင့် နှလုံးသည်းပွတ်နှင့်တူသော ယဉ်ကျေးမှုကို နိုင်ငံသားတိုင်း ပြုစုပျိုးထောင် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရန် အမျိုးသားတာဝန်တစ်ရပ် ရှိနေပေသည်။

ယဉ်ကျေးမှုဆိုရာတွင် ခေတ်၏ အခြေအနေ၊ လူတို့၏ ဆင်ယင်ထုံးဖွဲ့မှု၊ ပန်းချီ ပန်းပု လက်မှုအနုပညာလက်ရာများ၊ အဆို၊ အက၊ အတီး စသော သုခုမအနုပညာရှင်များ၊ အရေးအသား၊ အတွေးအခေါ်၊ အမြော်အမြင် စသည့် စာပေရေးရာများနှင့် ရိုးရာဓလေ့ထုံးစံ၊ ဘာသာအယူဝါဒ၊ ယုံကြည်ကိုးကွယ်မှုအပြင် လူနေမှုစနစ် စသည်တို့ ပါဝင်ကြသည်။ စာပေ၊ ပန်းချီ၊ ပန်းပု၊ ဆင်ယင်ထုံးဖွဲ့မှုတို့သည် အနုပညာဖြစ်၍ ဆို၊ က၊ ရေး၊ တီး ပညာမှာ သုခုမပညာရပ်ဖြစ်သည်ဟု ယဉ်ကျေးမှုသုတေသီတို့က သတ်မှတ်ထားကြသည်။

**လူသားနှင့် အနုသုခုမပညာ ရသခံစားမှု**

'သုက္ကနီတိ'အမည်ရှိ သက္ကတကျမ်းကြီး၏ အဆိုအရ လူနေမှုလောက၌ အတတ်ပညာ (၆၄)ရပ်ရှိသည့်အနက် (၁) နစ္စ-ကခုန်ခြင်း၊ (၂) ဂီတ- တူရိယာပစ္စည်းများကို တီးမှုတ်ခြင်း၊ (၃) စိတ္တဒလေခန-ပန်းချီရေးဆွဲခြင်း၊ ဒီဇိုင်းရေးဆွဲခြင်း စသည်တို့ကို အနုပညာဆိုင်ရာအတတ်ပညာအဖြစ် သတ်မှတ်ဖော်ပြထားသည်ကို တွေ့ရှိရသည်။

'နီတစွယ်စုံကျမ်းကြီး'တွင် အဋ္ဌာရသသိပ္ပအတတ်(၁၈)ပါးကို ဖွင့်ဆိုရာ၌ (၁) ဂန္ဓဗ္ဗ- တေးရေးတေးဆို ကခုန်တီးမှုတ်သည့်အတတ်ပညာ၊ (၂) ဣတိဟာသ- ရယ်ရွှင်အောင်ပြောဆိုတတ်သောပညာဟု ဖွင့်ဆိုထားသည်ကိုလည်း တွေ့ရသည်။

ဇာတ်သဘင်တို့သည် အဆို၊ အငို၊ အက၊ အပြော၊ အရွတ်၊ အဖတ်ပညာကို မြန်မာ့ဆိုင်းတူရိယာနှင့် ပူးပေါင်းယှဉ်တွဲ၍ သရုပ်ဖော်ရခြင်းကြောင့် 'နစ္စ'၊ 'ဂီတ'၊ 'ဝါဒိတ' ဟူသော ဝေါဟာရများကို 'ဝါဒိတ' ဟုပြောင်းလဲခေါ်ဝေါ်ပြီး တစ်ခုနှင့်တစ်ခု ခွဲခြား၍ မရနိုင်ကြောင်း သိခဲ့ကြသည်။

ရွှေနန်းသုံး မဟာဂီတကျမ်းကြီး၏ အဆိုအရ ကုန်းဘောင်ခေတ်တွင် ဆိုင်းတော်တီးများသည် ဇာတ်သဘင်ကကြသူများကဲ့သို့ "သဘင်ဝန်" ၏ ဥပဒေဘောင်အတွင်း တီးမှုတ်ကြရသည်။ ဆိုင်းဝိုင်းကြီးတစ်ခုတွင် လူ ၁၀ ယောက်သာ ပါဝင်တီးမှုတ်ကြရပြီး အပိုအလို လုံးဝမရှိရ၊ ရှိလျှင် သဘင်ဝန်က ဒဏ်ခတ်အပြစ်ပေးနိုင်သည်ဟု သိရသည်။

**မြန်မာ့ဟန် မြန်မာသံ မပျက်အောင်**
**တီထွင်ဆန်းသစ်ခဲ့သည့် အနုသုခုမစွမ်းရည်**

ပုဂံအနော်ရထာမင်းသည် သထုံမနူဟာဘုရင်ကို ပုဂံသို့ခေါ်ဆောင်လာခဲ့ရာ မွန်ဂီတ အနုသုခုမပညာရှင်များ လိုက်ပါလာခဲ့ကြသဖြင့် ပုဂံခေတ်ကပင် မွန်တူရိယာများကို တီးမှုတ်လာခဲ့ကြသည်။ ဘိုးတော်ဘုရားလက်ထက်တွင် မြဝတီမင်းကြီးဦးစနှင့် ပြင်စည်မင်းသား စသည့် နန်းတွင်းဂီတစာဆိုပညာရှင်တို့သည် မွန်တေးသွား၊ ထားဝယ်တေးသွားများအပြင် အနောက်တိုင်းတေးသွား၊ ယိုးဒယားတေးသွားသံစဉ်များကို မှီငြမ်းပြု၍ မြန်မာ့ဟန်၊ မြန်မာ့စံ၊ မြန်မာ့အသံမပျောက်အောင် တီထွင်ရေးစပ်နိုင်ခဲ့ကြသည်။

**အနုပညာရသကို ခံစားစေပြီး အမျိုးသားရေးကို**
**အကျိုးပြုနိုင်သည့် စွမ်းရည်**

စာပေ၊ ဂီတ၊ သဘင်၊ ရုပ်ရှင် အနုပညာရှင်တို့သည် အနုပညာ



(၂၄) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် မဟာဂီတ အဆင့်မြင့်သီချင်းဆိုပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်မည့် ပဲခူးတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်၏ သီဆိုလေ့ကျင့်မှုကို တွေ့ရစဉ်။ ဓာတ်ပုံ - ဟိန်းဇော်

> ❑ **စာပေ၊ ဂီတ၊ သဘင်၊ ရုပ်ရှင် အနုပညာရှင်တို့သည် အနုပညာဆိုင်ရာ စည်းရုံးရေးသြဇာကြောင့် ဂီတစွမ်းအား ပြည်ထွန်းကားပြီး အနုပညာသည် တိုင်းပြုပြည်ပြု ပြည်သူ့အကျိုးပြု သရုပ်မှန်အနုပညာ ဖြစ်ပေါ်လာရပါသည်**

ဆိုင်ရာ စည်းရုံးရေးသြဇာကြောင့် ဂီတစွမ်းအား ပြည်ထွန်းကားပြီး အနုပညာသည် တိုင်းပြုပြည်ပြု ပြည်သူ့အကျိုးပြု သရုပ်မှန်အနုပညာဖြစ်ပေါ်လာရပါသည်။ သာဓကအဖြစ် ကောက်နုတ်တင်ပြရလျှင် အလင်္ကာကျော်စွာနှင့် စည်သူဘွဲ့ရ အမျိုးသားစာပေဆုရ အယ်ဒီတာချုပ် (ငြိမ်း) သတင်းစာဆရာနှင့် စာရေးဆရာ တက္ကသိုလ်(ဦး)မြတ်သူ ရေးစပ်သည့် "လရောင်ဆမ်းမှ ပွင့်သောပန်း"ကို တေးသံရှင်မေအိမ့်ဒါလီမွန် သီဆိုပြီး ရုပ်မြင်သံကြားမှ ထုတ်လွှင့်ခဲ့သောအခါ တိုင်းပြုပြည်ပြုသမားများနှင့် တိုင်းဖျက် ပြည်ဖျက်သမားများကို ခွဲခြားကြည့်မြင်ကာ ထာဝရငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုဘဝကို ပြည့်ပြည့်ဝဝ ရရှိခံစားနိုင်အောင် တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးဖြင့် ၂၀၀၈ ခုနှစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသော နိုင်ငံတော်ကြီးကို အခိုင်အမာတည်ဆောက်ရေးနှင့် စပ်လျဉ်း၍ "နိမိတ်ပုံ အလင်္ကာရသ" ပြည့်ဝစွာဖြင့် ဖော်ကျူး စပ်ဆိုထားသောကြောင့် အဓိပ္ပာယ်လေးနက်ပြီး နားဝင်ဖြစ်ရပါသည်။

အလားတူ ဂန္ထဝင်ဂီတပညာရှင် အလင်္ကာကျော်စွာ အကယ်ဒမီ ဂီတလုလင် (ဦး) ကိုကို ရေးစပ်ပြီး ဂီတအစည်းအရုံးဝင်များ သီဆိုထားသည့် "လှေလှော်ပွဲ"၊ ကိုယ်တိုင်ရေးစပ်သီဆိုထားသည့် "မာနတံခွန်"၊ ဂီတစာဆို(ဦး)မောင်မောင်သီ ရေးစပ်ပြီး ဂန္ထဝင်အဆိုပညာရှင်(ဒေါ်)မာမာအေး သီဆိုခဲ့သည့် 'ပင်ချင်းယှက်၍ နွယ်ချင်းဆက်သော်'၊ ဂီတစာဆိုတေးသံရှင် ရုပ်ရှင်သရုပ်ဆောင် ထပ်ဆင့်အကယ်ဒမီ (ဦး)မြတ်လေး ရေးစပ်ပြီး ဂီတအစည်းအရုံးဝင်များ စုပေါင်းသီဆိုထားကြသည့် "ပန်းတိုင်းပွင့်ပါစေ"၊ ဂန္ထဝင်ဂီတစာဆို အလင်္ကာကျော်စွာ ဆရာမြို့ မငြိမ်း ရေးစပ်ပြီး ဂန္ထဝင်တေးသံရှင်(ဦး)အံ့ကြီး သီဆိုခဲ့သည့် "လူချွန်လူကောင်း"၊ ဂန္ထဝင်ဂီတစာဆို နန်းတော်ရှေ့ ဆရာတင် ရေးစပ်ပြီး ဂန္ထဝင်တေးသံရှင်(ဦး)အံ့ကြီး သီဆိုခဲ့သည့် "ကျေးရွာဝါဒ" သီချင်း၊ ဂန္ထဝင်ဂီတစာဆိုတေးသံရှင် ရေနံ့သာ(ဦး)စိုးလှိုင် ရေးစပ်ပြီး ဂန္ထဝင်တေးသံရှင် စည်သူ(ဒေါ်) တင်တင်မြ သီဆိုထားသည့် "တောင်တန်းပြာနှင့် ကျောပိုးအိတ်" စသည့် တေးသီချင်းများမှာ တိုင်းပြုပြည်ပြု ပြည်သူ့အကျိုးပြု တေးသီချင်းများအဖြစ် ထင်ရှားခဲ့ပါသည်။

ဂန္ထဝင်ဂီတစာဆိုတေးသံရှင် အကယ်ဒမီစန္ဒရားလှထွဋ် ရေးစပ်ပြီး အဖွဲ့ဖြင့် သီဆိုထားသည့် "ပြည်ထောင်စုသား"၊ "မေတ္တာဖျန်းမှ လန်းဆန်းမယ်"၊ တေးသံရှင်(ဒေါ်) နွဲ့ယဉ်ဝင်း သီဆိုထားသည့် "တစ်လုံးနှစ်လုံးစာစီကုံး"၊ ရုပ်ရှင်သရုပ်ဆောင် (ဦး)ဇော်ဝမ်း သီဆိုထားသည့် "လင်းလိုက်စမ်းပါကြယ်ကလေး"၊ ဂီတစာဆိုတေးသံရှင် ရေနံ့သာ(ဦး)ဝင်းမောင် ရေးစပ်သီဆိုထားသည့် "မောင့်တိုင်းပြည်"၊ အဖွဲ့သီဆိုထားသည့် "မြန်မာပြည်သား"၊ ဂီတစာဆို တေးသံရှင် ဆရာဂီတ(ဦး)တင်အုန်း ရေးစပ်ပြီး တေးသံရှင် မြသက်မှူ သီဆိုထားသည့် "ဗိုလ်ရှုခံ"၊ ဂန္ထဝင်ဂီတစာဆိုတေးသံရှင် စန္ဒရား(ဦး) ထွန်းညွန့် ရေးဆိုထားသည့် "အောင်မြင်ခြင်းအတူတူဘယ်သူမြတ်သလဲ"၊ ဂီတစာဆို တေးသံရှင် ရုပ်ရှင်သရုပ်ဆောင် တွံတေးသိန်းတန် ရေးဆိုထားသည့် "အသီးတစ်ရာ အညှာတစ်ခု"၊ အလင်္ကာကျော်စွာ ဂန္ထဝင်ဂီတစာဆိုနှင့် စန္ဒရားပညာရှင်ဆရာ ရွှေပြည်အေး ရေးစပ်သည့် ရတနာပုံရုပ်ရှင်ဇာတ်ကားမှ "ရတနာပုံ" သီချင်း၊ ဂန္ထဝင်ရုပ်ရှင်သရုပ်ဆောင် တေးသံရှင်(ဒေါ်) မေရှင် သီဆိုထားသည့် "ကျေးစေတမန်"၊ အလင်္ကာကျော်စွာ ဂန္ထဝင်ဂီတစာဆို ဆရာမြို့မငြိမ်း ရေးစပ်ပြီး ဂန္ထဝင် ခေတ်ဟောင်းတေးသံရှင် ရုပ်ရှင်သရုပ်ဆောင် (ဦး)ပြည်လှဖေ သီဆိုထားသည့် "တပ်တော်ဦးဆီ"သီချင်း၊ ထပ်ဆင့်အကယ်ဒမီ တေးသံရှင် ရုပ်ရှင်သရုပ်ဆောင် ဒါရိုက်တာစာရေးဆရာ(ဦး) ဝင်းဦး သီဆိုထားသည့် "မြင်းခင်းတော်"၊ "ရေချိုးဆိပ်"၊ စန္ဒရားလှထွဋ် ရေးစပ်ပြီး (ဦး)ဝင်းဦး သီဆိုထားသည့် "မြန်မာ့စိတ်ရင်း မြန်မာ့ရှုခင်း" တေးသီချင်းများသည် ဂန္ထဝင်စံတင်၍ တိုင်းကျိုးပြည်ပြု သီချင်းများအဖြစ် မှတ်တမ်းဝင်နေမည်ဖြစ်ပါသည်။

စာရေးသူ၏ ကိုယ်တွေ့အရ ဂန္ထဝင်တေးသီချင်းနှင့် ရုပ်ရှင်သရုပ်ဆောင် (ဦး) ပြည်လှဖေသည် ယဉ်ကျေးမှုဝန်ကြီးဌာနတွင် ဒုတိယဝန်ကြီး တာဝန်ထမ်းဆောင်ခဲ့စဉ်က ဂန္ထဝင်အနုပညာရှင်ပီပီ ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံကြီးတွင် ထိုစဉ်က နှစ်စဉ် ပြည်ထောင်စုနေ့ ဂုဏ်ပြုပွဲကြီးအတွက် ကျိုက္ကဆံကွင်းကြီး၌ တင်ဆက်ကပြလေ့ရှိသော အနုပညာဦးစီးဌာန၏ ဇာတ်တော်များအတွက် သရုပ်ဖော်ယိမ်းအကများ၊ တစ်ပင်တိုင်အကများ၊ နှစ်ပါးသွားအကများ၊ ဇာတ်ဝင်ခန်းများ ဇာတ်တိုက်လေ့ကျင့်ရာသို့ ကိုယ်တိုင်သွားရောက် ကြီးကြပ်လမ်းညွှန် ပြသလေ့ကျင့်ပေးခဲ့သည်ကို ပြန်လည်သတိတရ ရှိလှပါသည်။

**သဘင်တစ်ခေတ်ကို ဆန်းသစ်စေခြင်း**

ဂန္ထဝင်သဘင်ပညာရှင်ကြီး အလင်္ကာကျော်စွာ ရွှေမန်း(ဦး)တင်မောင်သည် ထိုစဉ်က အနောက်တိုင်းတစ်ခွင်တွင် တွင်ကျယ်နေခဲ့သော "အော်ပရာ" (Opera) ကဇာတ်ကို မြန်မာ့ဟန်သို့ ကူးပြောင်းကာ ၁၉၄၉ ခုနှစ်မှစ၍ ဂီတပြဇာတ်ကို စတင်ဖော်ထုတ်တီထွင်ကာ အနုပညာအလင်္ကာရသလည်းမြောက်၊ သုတသင်ခန်းစာများလည်း ရရှိစေခဲ့ပါသည်။ ("အော်ပရာ"(Opera)ဟူသော အင်္ဂလိပ်ဝေါဟာရ အဓိပ္ပာယ်မှာ အဆိုဖြင့် တည်ခင်းကပြသော ကဇာတ်ဟု အဓိပ္ပာယ်ရရှိပါသည်။)

အလင်္ကာကျော်စွာ ရွှေမန်း(ဦး)တင်မောင်၏ ဂီတရှုး၊ အောင်ဘာလေ၊ ရွှေကြေးစည်၊ ချစ်ပြည်ထောင်စု၊ ရွှဲကုန်သည်၊ ဝဏ္ဏပထ၊ မောင်မှူး ပြဇာတ်များနှင့် မြန်မာစံတော်ချိန် တီးလုံးအကတို့မှာ သဘင်မော်ကွန်းစိုက်ထူခဲ့ပါသည်။ ရွှေမန်းသဘင်ကြီး၏ အနုပညာအမွေကို ဆက်ခံထားကြသော အလင်္ကာကျော်စွာ ရွှေမန်း(ဦး) တင်မောင်၏ သားရင်းသည်းချာများဖြစ်ကြသည့် သဘင်ပညာရှင် (ဦး)ဆန်းဝင်း၊ (ဦး)ဝင်းမောင်၊ (ဦး)ချမ်းသာနှင့် မြေးရင်းသည်းချာများဖြစ်ကြသည့် (ဦး)တင်မောင်ဆန်းမင်းဝင်းနှင့် ညီအစ်ကိုမောင်နှမများက ကျေးဇူးရှင် ရွှေမန်း(ဦး)တင်မောင်၏ သဘင်အနုပညာ အမွေအနှစ်များကို ခေတ်နှင့်လျော်ညီစွာ ပြန်လည်ဖော်ထုတ်ပေးစေလိုပါသည်။


သဘင်ဦးသျှောင်တစ်ဦးဖြစ်သည့် ရွှေမန်း(ဦး)တင်မောင်သည် လူ့အဖွဲ့အစည်းတွင် ခေါင်းဆောင်တု ခေါင်းဆောင်ယောင်များကို ရှောင်ကြဉ်၍ ခေါင်းဆောင်ကောင်းကို ရွေးချယ်တတ်သဖြင့် အကျိုးခံစားရပုံကို ဖော်ကျူးထားသော"ဝဏ္ဏပထ" လှည်းသားငါးရာ ဇာတ်ကိုလည်းကောင်း၊ မူးယစ်သောက်စား လောင်းကစားတို့ကို လိုက်စားမိခဲ့သော မောင်းသမားတစ်ဦးသည် နောက်ဆုံး၌ ရောဂါစွဲ၍ မရှုမလှဘဝနိဂုံးချုပ်ခဲ့ရပုံကို "ရွှေကြေးစည်" ပြဇာတ်ဖြင့် လည်းကောင်း ဖော်ကျူးတင်ဆက်ခဲ့သည်မှာ ဇာတ်အိမ်ဖွဲ့ပုံကောင်းမွန်ခြင်း၊

စာမျက်နှာ ၇ သို့

> ❋ **ပြည်သူ့အနုပညာရှင်တိုင်းသည် မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များကို လက်ဆင့်ကမ်း ထိန်းသိမ်းစောင့်ရှောက်ရုံမျှသာမဟုတ်ဘဲ မြန်မာ့ယဉ်ကျေးမှုအနုပညာ အစဉ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာ့ဟန်၊ မြန်မာ့စံ၊ မြန်မာ့သဏ္ဌာန်၊ မြန်မာ့အနှစ်သာရမပျက်စေဘဲ တီထွင် ဆန်းသစ်ပြုကြရမည်မှာ ပြည်သူချစ်သော ပြည်သူ့အနုပညာကပေးသော အမျိုးသားတာဝန်တစ်ရပ်ဖြစ်**

## ဖိုဘီယန်ဘားဝါးဆိုတဲ့ အမေရိကန် စာရေးဆရာ တစ်ယောက်က “အရှေ့တိုင်းဇာတ်သဘင်”ဆိုတဲ့ စာအုပ်ထဲမှာ ဘယ်လိုရေးထားလဲဆိုတော့ “၁၈ ရာစုနှစ် အစောပိုင်းတွင် မြန်မာနိုင်ငံသည် ကမ္ဘာပေါ်တွင် ပထမဆုံးသော သဘင်ဆိုင်ရာ ဝန်ကြီးနှင့် ဝန်ကြီးဌာနခန့်အပ်တည်ထောင်တဲ့ နိုင်ငံဖြစ်လာသည်” ဆိုပြီးတော့တောင် ဖော်ပြခြင်းခံခဲ့ရပါတယ်။

ဒေါက်တာရဲဒွေး


ဒေါက်တာရဲဒွေး


ဒေါ်သင်းသင်းမြတ်


ဦးအောင်ကိန်း


ဒေါက်တာသန္တာခင်


မဇင်နွယ်သင်း



မောင်ဝေယံမျိုး

**ဒေါက်တာရဲဒွေး၊ ရုပ်သေးလုပ်ငန်း အကဲဖြတ်အဖွဲ့ခေါင်းဆောင်**

(၂၄)ကြိမ်မြောက် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီး ဆက်လက်ကျင်းပနိုင်မှု အပေါ်မှာ ကျွန်တော်တို့ကတော့ အနုပညာမြတ်နိုးတဲ့သူတွေ၊ အနုပညာရှင်တွေလည်းဖြစ်တယ်။ ကိုယ်မြတ်နိုးတဲ့ ကိုယ့်ရဲ့ယဉ်ကျေးမှုအနုပညာကို တိုးတက်မြင့်မားထိန်းသိမ်းနိုင်ရေး ဆောင်ရွက်ခွင့်ရတဲ့အတွက် ဝမ်းသာလို့မဆုံးပါဘူး။ အနုပညာဆိုတာ ဇာတ်ညွှန်း၊ ဇာတ်လမ်းအပေါ်မှာလည်း မူတည်တယ်။ အသံသမားတွေ၊ ကြိုးဆွဲသမားတွေ၊ ဆိုင်း၊ စာရေးသားမှုတွေအပေါ်မှာလည်း မူတည်တယ်ဆိုတော့ အဲဒီအပေါ်မှာပဲ မူတည်အမှတ်ပေးပြီး ပထမ၊ ဒုတိယ၊ တတိယဆိုတဲ့ ဆုတွေသတ်မှတ်ပေးနိုင်ခဲ့ပါတယ်။ အနုပညာရပ်တွေကို လက်ဆင့်ကမ်း ထိန်းသိမ်းဖို့အတွက်ကတော့ အမြဲတမ်းလိုနေတာပါ။

ဒီလို အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးတွေ ကျင်းပပေးနေတဲ့ ရည်ရွယ်ချက်က ဒါတွေအတွက်လည်းပါတယ်။ အဲဒီရည်ရွယ်ချက်ထဲမှာ ပိုပြီးတော့ အထိရောက်ဆုံးသော အကောင်းမွန်ဆုံးသော နည်းလမ်းက နိုင်ငံတော်ကနေ နှစ်တိုင်းလိုကျင်းပပေးသင့်ပါတယ်။ တစ်နည်းအားဖြင့် တိုင်းပြည်အကျိုး၊ ပြည်သူတွေအကျိုး၊ တစ်နည်းအားဖြင့်လည်း ယဉ်ကျေးမှု အနုပညာတွေအတွက် မြန်မာမှုကို ထိန်းသိမ်းပေးရာ မြှင့်တင်ပေးရာလည်းရောက်ပါတယ်။ အရေးကြီးတာက လူငယ်ပိုင်းမှာ နံပါတ်တစ် ကိုယ့်အကြောင်းကိုယ် သိဖို့လိုတယ်။ ကိုယ့်ရဲ့ယဉ်ကျေးမှု၊ ကိုယ့်ရဲ့အနုပညာ၊ ကိုယ့်ရဲ့စာပေတွေဟာ အဆင့်အတန်း မြင့်မားတယ်ဆိုတာ သိဖို့၊ လေ့လာဖို့လိုတယ်။

မြန်မာ့ယဉ်ကျေးမှုတွေရဲ့ အဆင့်အတန်းဟာ ကမ္ဘာမှာဆိုရင် ကျွန်တော်တို့ သဘင်နဲ့ပတ်သက်လို့ ဖိုဘီယန်ဘားဝါးဆိုတဲ့ အမေရိကန်စာရေးဆရာတစ်ယောက်က “အရှေ့တိုင်းဇာတ်သဘင်” ဆိုတဲ့ စာအုပ်ထဲမှာ ဘယ်လိုရေးထားလဲဆိုတော့ “၁၈ ရာစုနှစ် အစောပိုင်းတွင် မြန်မာနိုင်ငံသည် ကမ္ဘာပေါ်တွင် ပထမဆုံးသော သဘင်ဆိုင်ရာ ဝန်ကြီးနှင့် ဝန်ကြီးဌာန ခန့်အပ်တည်ထောင်တဲ့ နိုင်ငံဖြစ်လာသည်” ဆိုပြီးတော့တောင် ဖော်ပြခြင်းခံခဲ့ရပါတယ်။

**ဒေါ်သင်းသင်းမြတ်**
**အဆိုအကဲဖြတ်လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ**

အခုနှစ်ပြိုင်ပွဲမှာ လူငယ်မျိုးဆက်သစ်တွေပိုမိုပြီးတော့ ပါဝင်ယှဉ်ပြိုင်လာကြတဲ့အပေါ်မှာ သိပ်ကျေနပ်ပါတယ်။ မျိုးဆက်သစ်တွေအနေနဲ့လည်း ကိုယ့်အမွေအနှစ်တွေကို ထိန်းသိမ်းနိုင်ဖို့ အလွန်အရေးပါပါတယ်။ ဂီတပျောက်ရင် လူမျိုးပျောက်တယ် ဆိုတဲ့စကားရှိတယ်။ ကိုယ့်လူမျိုးရဲ့ မြန်မာ့ဂီတ မြန်မာ့ဟန် မြန်မာ့အသံ မြန်မာလူမျိုးတို့ရဲ့ ဂုဏ်ယူဖွယ်ရာဖြစ်တဲ့ မဟာဂီတသီချင်းကြီး၊ သီချင်းခံတွေ ဗမာသံစစ်စစ်တွေ ထိန်းထားပေးတဲ့အတွက် အများကြီးကျေနပ်ပါတယ်။ အခုလက်ရှိမှာ ပညာရှင်တွေဟာလည်း ရှားကုန်ပါပြီ။ ဒါကြောင့် အခုလက်ရှိ ရှိနေတဲ့ပညာရှင်တွေဆီမှာ နောက်ထပ်မျိုးဆက်သစ်တွေက တိတိကျကျလိုက်နာသင်ယူပါ။ တတ်သမျှကိုလည်း ပို့ချပေးပါ။ ဒါတွေကိုလည်း မပျက်အောင် ထိန်းသိမ်းပေးကြပါလို့ ပြောချင်ပါတယ်။

**ဦးမောင်မောင်လတ်**
**အရေးအကဲဖြတ်လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ**

အရေးကျတော့ အသစ်ကနေ ဖန်တီးရတယ်။ ခေါင်းစဉ်တစ်ခုပေးလိုက်ပြီဆိုရင် ဒီခေါင်းစဉ်နဲ့ပတ်သက်တဲ့ အကြောင်းအရာတွေ စဉ်းစားဖွဲ့နွဲ့ရတယ်။ ရိုးရိုးစာလို ရေးလို့မရဘူး။ အလင်္ကာမြောက်အောင် ဖန်တီးရတယ်။ ပြီးမှ စာသားကို အသံထည့်ရတယ်ဆိုတော့ နှစ်ဆင့်လုပ်ရတယ်။ ဒီပညာကတော့ ဖန်တီးရတဲ့သဘောရှိတယ်။ နည်းနည်းခက်ခဲတယ်။ ကိုယ့်အမွေအနှစ်တွေကို မပျောက်ပျက်ဖို့ဆိုရင် မြန်မာ့ရိုးရာယဉ်ကျေးမှုလက္ခဏာတွေကို တိုးတက်ရှင်သန်အောင် လုပ်ရသလို ရှိပြီးသားကို ဆက်ထိန်းသိမ်းရမယ်။

**ဦးအောင်ကိန်း**
**အတီးအကဲဖြတ်လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ**

ဆိုကရေးတီးပြိုင်ပွဲကြီးသာ မရှိဘူးဆိုရင် မဟာဂီတဆိုတာ နောက်ပိုင်းလူငယ်တွေ ဘာမှသိမှာမဟုတ်ဘူး။ တချို့ကလေးတွေဆိုရင် ဟသ်ာတထွန်းရင်၊ တွံတေးသိန်းတန်တို့ ဆိုတဲ့သီချင်းကို သီချင်းကြီးလို့ ထင်နေကြတယ်။ မဟာဂီတဆိုတာ နန်းတွင်းခေတ်မှာ ပေါ်ထွန်းခဲ့တဲ့ မြဝတီမင်းကြီး ဦးစနဲ့ ပြင်စည်မင်းသားကြီးတို့လို နန်းတွင်းခေတ်က ပညာရှင်ကြီးတွေဖန်တီးခဲ့တဲ့ ကြိုး၊ ဘွဲ့၊ ပတ်ပျိုး၊ ယိုးဒယားဆိုတဲ့ သီချင်းတွေကို မဟာဂီတလို့ခေါ်တယ်။ မဟာဂီတကို မသိကြတော့ဘူး။ သူတို့ရဲ့ ပျော်ရွှင်မှုကလည်း ခေတ်ပေါ်သီချင်းမှာပဲ ပျော်မွေ့ကြတယ်။ အောင်မြင်နေကြတာကလည်း အဲဒီအပိုင်းက ကလေးတွေ အောင်မြင်နေကြတယ်ဆိုတော့ မြန်မာမှုကို မလုပ်ကြဘူး။ ဒီပြိုင်ပွဲကြီး ကျင်းပပေးလို့သာ မြန်မာမှုတွေကို တကယ်လုပ်ကြပြီးမှ တန်ဖိုးရှိတယ်ဆိုတာ သိလာကြတယ်။ ဆက်ကြိုးစားရင် အနှစ်သာရတွေ ပေါ်ပေါက်လာလိမ့်မယ်။

**ဒေါက်တာသန္တာခင်(လက်ထောက်ညွှန်ကြားရေးမှူး)နေပြည်တော်တိုင်း ကျန်းမာရေးဦးစီးဌာန**

ကျွန်မကတော့ (၂၄) ကြိမ်မြောက် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲအတွက် စစ်ကြောရေးနှင့် တည်းခိုရေးစခန်းမှာ ရှိတဲ့ ပြိုင်ပွဲဝင်တွေကို ကျန်းမာရေး စောင့်ရှောက်မှုပေးနေပါတယ်။ လက်ရှိမှာတော့ ဆေးခန်းသုံးခန်းနဲ့ ကွပ်ကဲရေးရုံးခန်းတစ်ခန်းမှာ ၂၄ နာရီဖွင့်လှစ်ပြီး ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းတွေကို ကျွန်မနဲ့ ကုသရေးဦးစီးဌာန (ရုံးချုပ်)က လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မြင့်မြင့်စန်းတို့ အဓိကတာဝန်ယူ ဆောင်ရွက်ပေးနေပါတယ်။ ဆေးခန်းသုံးခန်းကတော့ အမျိုးသားဆောင်အတွက် တပ်မတော် ဆေးသုတေသနက ဗိုလ်ကြီးတွေနဲ့ ဖွင့်လှစ်ထားပြီးတော့ အမျိုးသမီးဆောင် ဆင်ဖြူရှင်(၁) အဆောင် အတွက် ကျန်းမာရေးဝန်ကြီးဌာနက ဆေးဝန်ထမ်းတွေက ကျန်းမာရေးစောင့်ရှောက်မှု ပေးနေပါတယ်။

**ဒေါ်ဝင်းသီရိမွန်၊ မန်နေဂျင်းဒါရိုက်တာ (Sky Fruit Co;Ltd)**

ကျွန်မတို့ နေပြည်တော် အသေးစား၊ အငယ်စားနဲ့ အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအသင်းကနေ ပြိုင်ပွဲဝင်တွေရှိတဲ့ စစ်ကြောရေးနဲ့ တည်းခိုရေးစခန်းမှာ နေပြည်တော်ဒေသထွက်ကုန်ပစ္စည်းတွေအားလုံးစုပြီးတော့ လာရောက်ခင်းကျင်းပြသတာပါ။ ရှမ်းပြည်နယ်အင်းလေးဘက်ကထွက်တဲ့ ခရမ်းချဉ်သီးယိုတွေ အပါအဝင် မြန်မာနိုင်ငံပြည်တွင်းမှာရှိတဲ့ အသီးအနှံတွေကို တန်ဖိုးမြှင့်ထုတ်ကုန်တွေ ထုတ်လုပ်ပေးထားတာပါ။ အခုဒီပြခန်းမှာ နေပြည်တော် ဒေသထွက်ကုန်အနေနဲ့ လူတွေနဲ့ပိုပြီး ထိတွေ့နိုင်အောင် လာရောက်ခင်းကျင်းပြသတာဖြစ်ပါတယ်။

**မဇင်နွယ်သင်း(ပဲခူးတိုင်းဒေသကြီး) အဆိုပြိုင်ပွဲဝင်**

(၂၄)ကြိမ်မြောက် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးမှာ ကျွန်မအနေနဲ့ အဆင့်မြင့်ပညာအဆင့် မဟာဂီတ(အဆို) ပြိုင်ပွဲမှာ ဝင်ရောက်ယှဉ်ပြိုင်ဖို့အတွက် ပြဇ္ဇာန်းတေးသီချင်းလေးပုဒ်ကို လေ့ကျင့်ပြင်ဆင်ထားပါတယ်။ အဆိုပညာရပ်နဲ့ လေ့လာတာဆိုရင်တော့ ဆရာမဒေါ်ဥမ္မာဆီမှာ လေ့လာသင်ယူခဲ့ပါတယ်။ ဒီလိုပြိုင်ပွဲတွေကျင်းပပေးနေတဲ့ အပေါ်မှာလည်း ကိုယ့်ရိုးရာ ယဉ်ကျေးမှုတွေဖြစ်တဲ့ ရေးအစဉ်အလာတွေကို မပျောက်မပျက်အောင် ထိန်းသိမ်းပြီး အနာဂတ်မျိုးဆက်သစ်တွေ၊ နိုင်ငံသားကောင်းတွေကို မွေးထုတ်ပေးနိုင်အောင် ကျင်းပပေးနေတဲ့အတွက်လည်း ကျေးဇူးတင်ပါတယ်။

**မောင်ဝေယံမျိုး (ရှမ်းပြည်နယ်) အဆိုပြိုင်ပွဲဝင်**

ကျွန်တော့်အနေနဲ့ (၂၄)ကြိမ်မြောက် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးမှာ အဆင့်မြင့်ပညာအဆင့် အမျိုးဂုဏ်၊ ဇာတိဂုဏ်မြှင့်တင်ရေး သီချင်းဆိုပြိုင်ပွဲမှာ ဝင်ရောက်ယှဉ်ပြိုင်သွားမှာပါ။ အခုလိုမျိုး ပြိုင်ပွဲမှာ ဝင်ရောက်ယှဉ်ပြိုင်ဖို့အတွက် ရှမ်းပြည်နယ်တောင်ကြီးမြို့က ဆရာကြီးဦးစံရွှေဆီမှာ အဆိုပညာကို လေ့ကျင့်သင်ကြားခဲ့ပါတယ်။ လူငယ်တွေအနေနဲ့ အခုချိန်မှာ ရိုးရာယဉ်ကျေးမှုအမွေအနှစ်တွေကို ထိန်းသိမ်းနိုင်မှသာ နောင်တစ်ချိန်မှာ ကိုယ့်ရိုးရာယဉ်ကျေးမှုတွေကို မပျောက် မပျက်တည်ရှိနိုင်မှာဖြစ်ပါတယ်။

**ကိုသုတအောင်၊ ရန်ကုန်တိုင်း ဒေသကြီးဒိုးပတ်အတီးပြိုင်ပွဲဝင်**



ရန်ကုန်တိုင်းဒေသကြီး ကိုယ်စားပြုအနေနဲ့ အခြေခံပညာ (အသက် ၁၅ နှစ်ပြည့်မှ ၂၀ နှစ်အတွင်း) ဒိုးပတ်ပြိုင်ပွဲ လာရောက်ယှဉ်ပြိုင်တာ ဖြစ်ပါတယ်။ ကျွန်တော်တို့အဖွဲ့က ခြောက်ယောက်ပါပါတယ်။မနှစ်က(၂၃) ကြိမ်မြောက်အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲမှာ ကျော်မင်းခန့် ခေါင်းဆောင်နဲ့ကျွန်တော်တို့ ရန်ကုန်တိုင်းဒေသကြီး ကိုယ်စားပြုဝင်ရောက်ယှဉ်ပြိုင်ခဲ့ပါတယ်။ အဲဒီပြိုင်ပွဲမှာ ဒုတိယ ငွေတံဆိပ်ဆုကို ရရှိခဲ့ပါတယ်။ ဒီနှစ် (၂၄) ကြိမ်မြောက် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲမှာ ကိုအောင်သူဟိန်း ခေါင်းဆောင်ပြီး ဝင်ရောက်ယှဉ်ပြိုင်မှာဖြစ်ပါတယ်။ ရွှေတံဆိပ်ဆွတ်ခူးနိုင်အောင်လည်း သေသေချာချာ လေ့ကျင့်ပြင်ဆင်ထားပါတယ်။ ပြင်ဆင်ထားတယ်ဆိုပေမယ့် တိုင်းဒေသကြီးနဲ့ပြည်နယ် အသီးသီးက ဒိုးပတ်ပြိုင်ပွဲအတွက် သေသေချာချာ ပြင်ဆင်ထားကြတယ် ဆိုတာသိရတော့လည်း စိတ်လှုပ်ရှားမှုမိပါတယ်။ ဒီနှစ်လိုပဲ နောက်နှစ်တွေမှာ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွေ ဆက်လက်ကျင်းပပေးရင် ကျွန်တော်တို့ မျိုးဆက်သစ်လူငယ်တွေနဲ့ ရွက်ပုန်းသီး ဝါသနာရှင်တွေ ထွက်ပေါ်လာမှာဖြစ်ပါတယ်။

**တွေ့ဆုံမေးမြန်း – ဇင်ဟိန်း**
**(မြန်မာ့အလင်း)၊ ဓာတ်ပုံ – ထက်ဦး**

---

*စာမျက်နှာ ၆ မှ*

အချိတ် အဆက်ကောင်းမွန်ခြင်းတို့ကြောင့် မြန်မာ့ဇာတ်သဘင်တစ်ခေတ်ကို ဆန်းသစ်စေခဲ့ပါသည်။

အဆို၊ အက၊ အရေး၊ အတီး အနုသုခုမပညာသည် ဖြေဖျော်ရေးသက်သက်မဟုတ်ဘဲ တစ်နည်းအားဖြင့် “အနုပညာ၊ အနုပညာအတွက်သာမဟုတ်ဘဲ အနုပညာသည် ပြည်သူအားလုံးအတွက်ဖြစ်သည်” (Arts’ for Arts’ Sake. Arts’ belong to people.) ဟူသော ခံယူချက်ပင်ဖြစ်သည်။

ပြည်သူ့အနုပညာရှင်တိုင်းသည် မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များကို လက်ဆင့်ကမ်း ထိန်းသိမ်းစောင့်ရှောက်ရုံမျှသာမဟုတ်ဘဲ မြန်မာ့ယဉ်ကျေးမှုအနုပညာ အစဉ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာ့ဟန်၊ မြန်မာ့စံ၊ မြန်မာ့သဏ္ဌာန်၊ မြန်မာ့အနှစ်သာရမပျက်စေဘဲ တီထွင်ဆန်းသစ်ပြုကြရမည်မှာ ပြည်သူချစ်သော ပြည်သူ့အနုပညာကပေးသော အမျိုးသားတာဝန်တစ်ရပ်ဖြစ်ပါသည်။ ပြည်သူ့အနုပညာရှင်များအနေဖြင့် နိုင်ငံတော်နှင့်ပြည်သူတို့အတွက် သရုပ်မှန်အနုပညာဖြင့် အနုပညာ စည်းရုံးရေးမှူးကောင်းများအဖြစ် အစဉ်ရပ်တည် ကာ အလုပ်အကျွေးပြုကြစေလိုပါကြောင်း လေးစားစွာဖြင့် ဂုဏ်ပြုရေးသားတိုက်တွန်းအပ်ပါသည်။ ။

# ကမ္ဘာလုံးဆိုင်ရာမီဒီယာနှင့် သတင်းအချက်အလက်သိနားလည်မှု ရက်သတ္တပတ်အခမ်းအနားကျင်းပ

**နေပြည်တော် အောက်တိုဘာ ၂၃**

ကမ္ဘာလုံးဆိုင်ရာ မီဒီယာနှင့် သတင်းအချက်အလက် သိနားလည်မှု ရက်သတ္တပတ် (Global Media and Information Literacy Week 2023) အခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီက နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန စုဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဝန်ထမ်းများ၊ ပုဗ္ဗသီရိမြို့နယ်နှင့် ဇေယျာသီရိမြို့နယ် အခြေခံပညာအထက်တန်းကျောင်းများမှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။



အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက နှစ်စဉ် အောက်တိုဘာလ၏ စတုတ္ထပတ်ကို ကမ္ဘာလုံးဆိုင်ရာ မီဒီယာနှင့် သတင်းအချက်အလက် သိနားလည်မှု ရက်သတ္တပတ်အဖြစ် UNESCO ( ယူနက်စကို) က ဦးဆောင်သတ်မှတ်ကာ ၂၀၁၂ ခုနှစ်မှစတင်၍ ကမ္ဘာတစ်ဝန်းကျင်းပခဲ့ပြီး မြန်မာနိုင်ငံအနေဖြင့် ၂၀၁၈ ခုနှစ်တွင် စတင်ပါဝင်ဆောင်ရွက်ခဲ့ကြောင်း၊ အခမ်းအနားကျင်းပရသည့် ရည်ရွယ်ချက်မှာ ကမ္ဘာတစ်ဝန်းရှိ သက်ဆိုင်သူများအားလုံးအတွက် မီဒီယာနှင့် သတင်းအချက်အလက် သိနားလည်မှုဆိုင်ရာ တိုးတက်မှုကို ပြန်လည်သုံးသပ်ရန်၊ သတင်းရယူမှုအခြေအနေ တိုးမြင့်လာစေရန်နှင့် မီဒီယာနှင့် သတင်းအချက်အလက် သိနားလည်မှုဆိုင်ရာ တိုးတက်မှုကို ဂုဏ်ပြုရန်ဖြစ်ပြီး ကမ္ဘာတစ်ဝန်းရှိပြည်သူလူထု၏ အသိပညာများ မြှင့်တင်ရန် စည်းရုံးလှုံ့ဆော်မှုများ ဆောင်ရွက်ရန် အဓိကကျသည့် အခါသမယဖြစ်ပါကြောင်း၊ တစ်နည်းအားဖြင့် ယခုအခမ်းအနားသည် လူတိုင်း မီဒီယာနှင့် သတင်းအချက်အလက်များ သိနားလည်စေရန်အတွက် ဆောင်ရွက်ခဲ့ကြသည့် အတိတ်က အောင်မြင်မှုများကို ချီးကျူးဂုဏ်ပြုသည့် အခါသမယလည်းဖြစ်ကြောင်း။

၂၀၂၃ ခုနှစ်အတွက် ကမ္ဘာလုံးဆိုင်ရာ မီဒီယာနှင့် သတင်းအချက်အလက် သိနားလည်မှု ရက်သတ္တပတ်၏ ဆောင်ပုဒ်သည် "Media and Information Literacy in Digital Spaces; A Collective Global Agenda " ဒစ်ဂျစ်တယ်ခေတ်ကာလမှာ မီဒီယာနှင့် သတင်းအချက်အလက် သိနားလည်မှုဖြစ်ပြီး ယခုအခမ်းအနားနှင့် ပတ်သက်သည့် လှုပ်ရှားဆောင်ရွက်မှုများကို အောက်တိုဘာ ၂၃ ရက်မှ ၂၅ ရက်အတွင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ယခုရက်သတ္တပတ်ကာလအတွင်း ပြည်သူများ အထူးသဖြင့် လက်ရှိတာဝန်ထမ်းဆောင်နေသည့် ဝန်ထမ်းများ၊ လူငယ်လူရွယ်များ၊ ဆရာ ဆရာမများ၊ အခြေခံပညာကျောင်းမှ ကျောင်းသား ကျောင်းသူများကိုမီဒီယာနှင့်သတင်းအချက်အလက်သိနားလည်မှုစွမ်းရည်များ ပိုမိုတိုးတက်လာစေရန် အသိပညာပေး ဟောပြောပွဲများ၊ ဆွေးနွေးပွဲများ၊ လေ့လာရေး ပို့ဆောင်ခြင်းများကို ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ ဆောင်ရွက်ခြင်းဖြင့် ဝန်ထမ်းများ၊ လူငယ်လူရွယ်များအား လူ့စွမ်းအားအရင်းအမြစ်ကောင်းများ ဖြစ်လာစေရန် လေ့ကျင့်သင်ကြားပေးနေသည့် ဆရာ ဆရာမများအနေဖြင့် သတင်းတု၊ သတင်းမှားနှင့် သတင်းမှန်ကို ခွဲခြားသိမြင်ပြီး လူမှုကွန်ရက်ပေါ်တွင် ပျံ့နှံ့နေသည့် အမုန်းစကားများကို ဝိုင်းဝန်းကိုင်တွယ်ဖြေရှင်းခြင်းဖြင့် ငြိမ်းချမ်းသည့် လူ့အဖွဲ့အစည်းဖြစ်လာစေရေးအတွက် မျှော်တွေးဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် လူငယ်များအတွက် အွန်လိုင်းအသုံးပြုမှု အသိပညာပေးမှတ်တမ်းဗီဒီယိုများကို ပြသသည်။

ယင်းနောက် တက်ရောက်လာသူများအား စကားဝိုင်းဆွေးနွေးပွဲတွင် ပါဝင်ဆွေးနွေးမည့် ဆရာမများနှင့် မိတ်ဆက်ပေးပြီး ပြည်ထောင်စုဝန်ကြီးက ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ကျောင်းသား ကျောင်းသူများနှင့်အတူ သတင်းအချက်အလက်၊ အထွေထွေဗဟုသုတ အမေးအဖြေများအား အတူတကွ ဖြေဆိုဆောင်ရွက်ပြီး ဆုရရှိသူများအား အမှတ်တရဆုလက်ဆောင်များ ပေးအပ်ချီးမြှင့်ကာ (ဝဲပုံ)ခင်းကျင်းပြသထားသော စာအုပ်စာတမ်းများ၊ ဂျာနယ်၊ သတင်းစာများကို လှည့်လည်ကြည့်ရှုသည်။

ထို့နောက်ကမ္ဘာလုံးဆိုင်ရာ မီဒီယာနှင့်သတင်းအချက်အလက် သိနားလည်မှုရက်သတ္တပတ်အခမ်းအနား စကားဝိုင်းဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ မီဒီယာဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်မြတ်ကြေးမုံက (Moderator) ညှိနှိုင်းရေးမှူးအဖြစ် ဆောင်ရွက်ပြီး စာရေးဆရာမ ဒေါ်သက်သက်နွယ် (သက်သက်နွယ် - ရန်ကုန်တက္ကသိုလ်)၊ ဒေါ်ဝင့်ဝင့်အေး (တရားလွှတ်တော်ရှေ့နေ)၊ စာရေးဆရာမ ဒေါ်ငွေးငွေးမြင့် (ခင်လေး-ပြည်ထောင်စုနယ်မြေ)တို့က သတင်းအချက်အလက်အမှားများ၊ လုပ်ကြံသတင်းများနှင့် အမုန်းစကားများ ပျံ့နှံ့စေသည့် လူမှုမီဒီယာများ၊ ဆိုရှယ်မီဒီယာ၏ ကောင်းကျိုး၊ ဆိုးကျိုး၊ ဆက်သွယ်ရေးဥပဒေတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးကြပြီး ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များကို မေးခွန်းများမေးမြန်းကြရာ ပါဝင်ဆွေးနွေးသူများက ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

ယင်းနောက် မီဒီယာဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ သီတာတင်က နိဂုံးချုပ်အမှာစကားပြောကြားပြီး ကျောင်းသား ကျောင်းသူများက ဗဟုသုတမေးခွန်းများ ဆက်လက်ဖြေဆိုခဲ့ကြသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တတိယအကြိမ် World Construction Championship ပိတ်ပွဲအခမ်းအနား တက်ရောက်

**နေပြည်တော် အောက်တိုဘာ ၂၃**

ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် အောက်တိုဘာ ၁၉ ရက် ညနေပိုင်းက ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဆောက်လုပ်ရေးနှင့် အိုးအိမ်ဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများနှင့်အတူ နှစ်နိုင်ငံအလွတ်သဘောတွေ့ဆုံ၍ ဝန်ကြီးဌာနအချင်းချင်း လုပ်ငန်းများပူးပေါင်းဆောင်ရွက်နိုင်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ် မြှင့်တင်မည့် ကဏ္ဍာများအတွက် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။



ပြည်ထောင်စု ဝန်ကြီးနှင့် အဖွဲ့သည် အောက်တိုဘာ ၂၀ ရက် နံနက်ပိုင်းတွင် International Conference on the Development of the Construction Industry ဆွေးနွေးပွဲသို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဆောက်လုပ်ရေးနှင့်အိုးအိမ် ဝန်ကြီးဌာနဝန်ကြီးနှင့် နိုင်ငံတကာမှ ဖိတ်ကြားထားသော ဆောက်လုပ်ရေးဆိုင်ရာ အကြီးအကဲများနှင့်အတူ တက်ရောက်ခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဆောက်လုပ်ရေးနှင့် အိုးအိမ်ဝန်ကြီးဌာန ဝန်ကြီးနှင့် အလွတ်သဘော သီးသန့်တွေ့ဆုံ၍ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်နိုင်မည့် လုပ်ငန်းအခြေအနေများနှင့် လက်ရှိ ဆောင်ရွက်နေသည့် လုပ်ငန်း အတွေ့အကြုံများကို ရင်းရင်းနှီးနှီး ဆွေးနွေးခဲ့ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ညနေပိုင်းတွင် တတိယအကြိမ် World Construction Championship ပိတ်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားသို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဆောက်လုပ်ရေးနှင့် အိုးအိမ်ဝန်ကြီးဌာနဝန်ကြီးနှင့် နိုင်ငံတကာမှ ဖိတ်ကြားထားသော ဆောက်လုပ်ရေးကဏ္ဍမှ အကြီးအကဲများ၊ တာဝန်ရှိသူများနှင့်အတူ တက်ရောက်ခဲ့သည်။

ပြည်ထောင်စု ဝန်ကြီးနှင့် အဖွဲ့သည် အောက်တိုဘာ ၂၁ ရက်တွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာလာခဲ့ရာ အောက်တိုဘာ ၂၂ ရက်တွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

❖ *ကျောဖုံးမှ*

ကြန်အင်လက္ခဏာ ၈ ချက်အနက် မျက်လုံးပုလဲရောင်ဖြစ်ခြင်း၊ ကျောကုန်းမှာ ငှက်ပျောကိုင်းသဏ္ဌာန်ဖြစ်ခြင်း၊ အမွေးအဖြူရောင်ဖြစ်ခြင်း၊ အမြီးတံခါးပိတ်ဖြစ်ခြင်း၊ အရေပြားမှာ ဩဇာကွက်ဖြစ်ခြင်း၊ အသားအရေ ပန်းရောင်ဖြစ်ခြင်း၊ ခြေဖဝါးတွင် ရှေ့ခြေသည်း ၅ ခုစီနှင့် နောက်ခြေသည်း ၄ ခုစီပါရှိခြင်း၊ နားကြီးခြင်း စသည့် ရတနာဆင်ဖြူတော်များ၏ ကြန်အင်လက္ခဏာ ၇ ချက် ကိုက်ညီသော ဆင်ဖြူတော်လေးဖြစ်သည်။

အထက်ပါဆင်ဖြူတော်လေး "ရဋ္ဌနန္ဒက" မှာ ယခုအသက် ၁ နှစ်၊ ၃ လသားအရွယ်တွင် အရပ်အမြင့် ၄ ပေ၊ ကိုယ်လုံး လုံးပတ် ၆ ပေ ၅ လက်မ၊ ကိုယ်အလေးချိန်ပေါင် ၈၈၀ ရှိလာပြီး ရတနာဆင်ဖြူတော်ထိန်းသိမ်းစောင့်ရှောက်ရေး ဥယျာဉ်၊ နေပြည်တော်ရှိ ရတနာဆင်ဖြူတော်ဆောင်တွင် မိခင်ဆင်မကြီးနှင့်အတူ ကျန်းမာပျော်ရွှင်လျက်ရှိကြောင်းနှင့် ဆင်ဖြူတော်လေး "ရဋ္ဌနန္ဒက" မှာ ငယ်စဉ်ကတည်းကပင် လူနှင့်ယဉ်ပါးသည့် ဆင်ဖြူတော်လေးဖြစ်ပြီး ပိုမိုယဉ်ပါးလာစေရန် ဆင်နှင့် လူသားတို့အကြား ကောင်းမွန်စွာ ဆက်ဆံတတ်စေရန် လေ့ကျင့်သင်ကြားခြင်းစနစ် "Peace Human and Elephant Interaction Training" ဖြင့် လေ့ကျင့်သင်ကြားပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

◆ *ကျောဖုံးမှ*

လေးဂိုး-ဂိုးမရှိ၊ အောက်တိုဘာ ၂၁ ရက်ကကျင်းပသည့် ဒုတိယနေ့တွင် Black Cross အသင်းက Noka အသင်းကို ၁၀ ဂိုး-လေးဂိုး၊ Sun Far အသင်းက စီးတီးဒဂုံအသင်းကို ၁၁ ဂိုး-ငါးဂိုး၊ KKY အသင်းက မာယာအသင်းကို ခုနစ်ဂိုး-တစ်ဂိုး၊ အောက်တိုဘာ ၂၂ ရက်ကကျင်းပသည့် တတိယနေ့တွင် Seven အသင်းက Noka အသင်းကို တစ်ဂိုး-ဂိုးမရှိ၊ ရန်ကုန်ရှိုင်ရယ်ဂရအသင်းက မာယာအသင်းကို ငါးဂိုး-သုံးဂိုးဖြင့် အနိုင်ရပြီး SGF အသင်းနှင့် Sun Far အသင်း နှစ်ဂိုးစီ သရေကျခဲ့သည်။

**ခြေစစ်ပွဲအောင်မြင်**

ခြေစစ်ပွဲအပြီးတွင် အုပ်စု (က)၌ Black Cross အသင်းက ခြောက်မှတ်ဖြင့် အုပ်စုပထမ၊ Seven အသင်းက သုံးမှတ်ဖြင့် အုပ်စုဒုတိယ၊ အုပ်စု (ခ)၌ Sun Far အသင်းက လေးမှတ်ဖြင့် အုပ်စု ပထမ၊ SGF အသင်းက လေးမှတ်ဖြင့် အုပ်စု ဒုတိယ၊ အုပ်စု (ဂ)၌ ရန်ကုန်ရှိုင်ရယ်ဂရအသင်းက ခြောက်မှတ်ဖြင့် အုပ်စု ပထမ၊ KKY အသင်းက သုံးမှတ်ဖြင့် အုပ်စု ဒုတိယရရှိကာ ခြေစစ်ပွဲအောင်မြင်ခဲ့သည်။

အုပ်စုတတိယနေရာ ရရှိသည့် သုံးသင်းစလုံးမှာ နှစ်ပွဲစလုံး အရေးနိမ့်ကာ ရမှတ်မရရှိသော်လည်း ဂိုးကွာခြားချက်၊ သွင်းဂိုး၊ ပေးဂိုးအပေါ်မူတည်၍ အကောင်းဆုံး နှစ်သင်းရွေးချယ်ရာ အုပ်စု (က) မှ Noka အသင်းနှင့် အုပ်စု (ဂ) မှ မာယာအသင်းတို့ ခြေစစ်ပွဲအောင်မြင်ခဲ့ပြီး အုပ်စု (ခ) မှ စီးတီးဒဂုံအသင်းမှာမူ ခြေစစ်ပွဲအဆင့်ဖြင့် ကျေနပ်ခဲ့ရသည်။

**အသင်း ၁၂ သင်းဖြင့် ကျင်းပမည်**

လာမည့်ရာသီ ဖူဆယ်လိဂ်-၂ ပြိုင်ပွဲကို အသင်း ၁၂ သင်းဖြင့် ကျင်းပမည်ဖြစ်သည်။

**ညီမြတ်သော်တာ**
**ဓာတ်ပုံ-MFF**

# လယ်ယာမြေကို အခြားနည်းသုံးစွဲထားမှုများ ဖြေရှင်းဆောင်ရွက်မည့်နည်းလမ်းနှင့် နောင်ထပ်မံမဖြစ်ပွားစေရေးအတွက် ဆောင်ရွက်မည့် နည်းလမ်းများ လုပ်ထုံးလုပ်နည်းစံနှုန်း (SOP) ရေးဆွဲပြုစုရေးဦးစီးကော်မတီ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ



**နေပြည်တော် အောက်တိုဘာ ၂၃**

လယ်ယာမြေကို အခြားနည်းသုံးစွဲထားမှုများ ဖြေရှင်းဆောင်ရွက်မည့်နည်းလမ်းနှင့် နောင်ထပ်မံ မဖြစ်ပွားစေရေးအတွက် ဆောင်ရွက်မည့်နည်းလမ်းများ လုပ်ထုံးလုပ်နည်းစံနှုန်း (Standard Operating Procedure –SOP) ရေးဆွဲပြုစုရေးဦးစီးကော်မတီ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းက နေပြည်တော်ရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ဦးစီးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က ဦးစီးကော်မတီ၏ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ချမှတ်ခဲ့သော ဆုံးဖြတ်ချက်(၈)ရပ်အရ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လုပ်ငန်းကော်မတီများက သက်ဆိုင်ရာဒေသနှင့် ဆီလျော်မည့် လုပ်ထုံးလုပ်နည်းစံနှုန်း (SOP) အစည်းအဝေးများ ကျင်းပပြုလုပ်ဆွေးနွေးခဲ့ကြပြီး အစည်းအဝေးရလဒ်များကို ပြည်ထောင်စုအဆင့် လုပ်ငန်းကော်မတီမှတစ်ဆင့် ဦးစီးကော်မတီသို့ တင်ပြခဲ့ကြကြောင်း၊ တင်ပြချက်များအရ တိုင်းဒေသကြီး၊ ပြည်နယ်များ၏ တင်ပြချက်များတွင် တူညီသည့် အချက်အလက်များ ပါရှိသကဲ့သို့ ဒေသတစ်ခုချင်း အခြေအနေများအရ မတူညီသော အချက်အလက်များ ပါဝင်သည်ကို တွေ့ရှိရပါကြောင်း။

ယခင်ကျူးလွန် အသုံးပြုခဲ့မှုနှင့်ပတ်သက်၍ ထိထိရောက်ရောက် အရေးယူဆောင်ရွက်သွားရန်လိုကြောင်း၊ နောင်ထပ်မံ၍ ကျူးလွန်မှုများ မဖြစ်ပွားစေရေးအတွက်ကိုလည်း လယ်ယာမြေကို စည်းကမ်းဖောက်ဖျက်ကျူးလွန်အသုံးပြုမှုကို စတင်တွေ့ရှိသည်နှင့်တစ်ပြိုင်နက်တည်း တာဝန်ရှိသူများက လယ်ယာမြေဥပဒေအရလည်းကောင်း၊ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေအရလည်းကောင်း၊ အခြားဆက်စပ်ဥပဒေများအရလည်းကောင်း တည်ဆဲဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ ကြပ်မတ်အရေးယူဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ကြောင်း၊ ထို့ပြင် ထိရောက်စွာဟန့်တားနိုင်မည့် ပြစ်ဒဏ်မျိုး ချမှတ်နိုင်ရေး ဆောင်ရွက်သွားရန်လိုကြောင်း။

လယ်ယာမြေပိုင်ဆိုင်လုပ်ကိုင်နေသူများအနေဖြင့် ဥပဒေပါပြဋ္ဌာန်းချက်များကို သိရှိလိုက်နာရန် အထူးလိုအပ်မည်ဖြစ်ကြောင်း၊ လယ်ယာမြေဖြစ်ကြောင်း သိလျက်နှင့်ဖြစ်စေ မသိရှိ၍ဖြစ်စေ ဝယ်ယူပြီး ခွင့်ပြုချက်မရှိဘဲ ကျူးလွန်ဖောက်ဖျက်ကာ အဆောက်အအုံဆောက်လုပ်အသုံးပြုပါက ဥပဒေနှင့်အညီ အရေးယူခံရမည်ဖြစ်ကြောင်း၊ မြေယာဥပဒေအပါအဝင် ဆက်စပ်ဥပဒေများ သဘောတရားများကို ပြည်သူတိုင်း သိရှိနားလည်နေအောင် လေ့လာထားသင့်ပါကြောင်း။

လယ်ယာမြေကို အခြားနည်းသုံးစွဲထားမှုများ ဖြေရှင်းဆောင်ရွက်မည့်နည်းလမ်းနှင့် နောင်ထပ်မံ မဖြစ်ပွားစေရေးအတွက် ဆောင်ရွက်မည့် နည်းလမ်းများ လုပ်ထုံးလုပ်နည်းစံနှုန်း (Standard Operating Procedure –SOP) ရေးဆွဲပြုစုရေး ဦးစီးကော်မတီအနေဖြင့် ၁၄ ရက်သာ ကျန်ရှိတော့သည့်အတွက် SOP ရေးဆွဲခြင်း သတ်မှတ်တာဝန်ပေးထားသည့် ကာလအတွင်း လုပ်ငန်းများ ပြည့်စုံပြီးမြောက်အောင်မြင်ရေး ကြိုးပမ်းသွားကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။ (ဝဲပုံ)

ဆက်လက်၍ ဦးစီးကော်မတီ တွဲဖက်အတွင်းရေးမှူး – ၂ က SOP မူကြမ်းပါအချက်များကို ရှင်းလင်းတင်ပြရာ ဦးစီးကော်မတီဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများနှင့် ကော်မတီဝင်များက SOP မူကြမ်းတွင် ပါဝင်သင့်သည့် အကြောင်းအရာတစ်ချက်ချင်းအပေါ် ဆွေးနွေးဆောင်ရွက်ခဲ့ကြသည်။

လယ်မြေများကို ဥပဒေနှင့်အညီ ခွင့်ပြုချက်မရှိဘဲ မြို့မြေ၊ ရွာမြေကဲ့သို့ အခိုင်အမာ အဆောက်အအုံများ ဆောက်လုပ်ခြင်းမျိုးသည် တည်ဆဲလယ်ယာမြေဥပဒေနှင့် လယ်ယာမြေနည်းဥပဒေများကို ဖောက်ဖျက်ကျူးလွန်ပြု ဆောင်ရွက်နေခြင်းသာဖြစ်၍ အဆိုပါကိစ္စရပ်များအပေါ် ထိရောက်စွာ ထိန်းသိမ်းဆောင်ရွက်နိုင်ရေး၊ စိုက်ပျိုးမြေများ မလျော့ပါးစေရေးနှင့် တိုးပွားလာသော ပြည်သူလူထုအတွက် နေထိုင်နိုင်ရန် မြေနေရာလုံလောက်ရေး၊ တိုးတက်ဖွံ့ဖြိုးလာသော စက်ရုံ၊ အလုပ်ရုံများအတွက် မြေနေရာ အသုံးပြုနိုင်ရေးတို့ကို အခြေခံ၍ အဆိုပါ လိုအပ်ချက်များကို အကောင်းဆုံးဖြည့်ဆည်းပေးနိုင်မည့် (Standard Operating Procedure – SOP) ပေါ်ထွက်လာစေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဇေယျာသီရိမြို့နယ်၌ မြို့နယ်၊ ရပ်ကွက်တစ်ခုနှင့် ကျေးရွာအုပ်စု သုံးခုရှိ ပြည်သူများနှင့်တွေ့ဆုံ၍ မြန်မာအီလက်ထရောနစ် မဲပေးစက်နှင့်စပ်လျဉ်းပြီး ရှင်းလင်း၊ လက်တွေ့သရုပ်ပြစမ်းသပ်မဲပေး



**နေပြည်တော် အောက်တိုဘာ ၂၃**

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က မြန်မာအီလက်ထရောနစ်မဲပေးစက်နှင့် စပ်လျဉ်း၍ ရှင်းလင်းပြသခြင်းနှင့် လက်တွေ့သရုပ်ပြစမ်းသပ်မဲပေးခြင်းများကို ဇေယျာသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ နံနက်ပိုင်းနှင့် မွန်းလွဲပိုင်း နှစ်ပိုင်းခွဲ၍ ဆောင်ရွက်ခဲ့ရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်၊ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇေထက်အောင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီနှင့် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီတို့မှ ကိုယ်စားလှယ်များ၊ ပြည်စံအောင်ရပ်ကွက်၊ သာစည်ကျေးရွာအုပ်စု၊ ရေဆင်းကျေးရွာအုပ်စုနှင့် သက်နှင်းအင်းကျေးရွာအုပ်စုတို့မှ အုပ်ချုပ်ရေးမှူးများ၊ အတွင်းရေးမှူးများနှင့် မဲဆန္ဒရှင်ပြည်သူများ တက်ရောက်ခဲ့ကြသည်။

မြန်မာ အီလက်ထရောနစ်မဲပေးစက်နှင့်စပ်လျဉ်း၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးညီညီလွင်နှင့် တာဝန်ရှိသူများက ရှင်းလင်းဆွေးနွေးခဲ့ပြီး လက်တွေ့ စမ်းသပ်မဲပေးကြသည့် မဲဆန္ဒရှင်များအနေဖြင့် မဲပေးစက်၏ထိန်းချုပ်စက် (Control Unit) ကိုင်တွယ်ဆောင်ရွက်ခြင်း၊ မဲပေးပြီးသည့်အချိန်တွင် မဲပေးစက်မှ ထုတ်ပေးသည့် မဲရလဒ်စာရွက်နှင့် မဲပုံးအတွင်းရှိ မဲလက်မှတ်များကို တိုက်ဆိုင်စစ်ဆေး၍ မဲရလဒ် မှန်မမှန် စိစစ်ခြင်းတို့ကို လက်တွေ့ဆောင်ရွက်ခဲ့ကြသည်။

မဲဆန္ဒရှင်များအနေဖြင့် မဲပေးစက်အသုံးပြု၍ လက်တွေ့စမ်းသပ်မဲပေးရာတွင် ရိုးရှင်းလွယ်ကူစွာ မဲပေးနိုင်ခြင်း၊ ပယ်မဲများမရှိခြင်း၊ မဲရလဒ်များ အချိန်တိုအတွင်း ပွင့်လင်းမြင်သာမှုရှိရှိ သိရှိနိုင်ခြင်း၊ မဲမသမာမှုများကို ထိန်းချုပ်နိုင်ခြင်း စသည့်အကျိုးကျေးဇူးများ ရရှိနိုင်သည့်အတွက် မြန်မာအီလက်ထရောနစ် မဲပေးစက်ဖြင့် ဆန္ဒမဲပေးခြင်းအပေါ် ယုံကြည်သဘောကျ နှစ်သက်မှုရှိကြောင်း သိရသည်။

ယနေ့ လက်တွေ့စမ်းသပ်မဲပေးခြင်းသည် ဇေယျာသီရိမြို့နယ်အတွင်း ပထမနေ့ဖြစ်ပြီး ရပ်ကွက်နှင့် ကျေးရွာအုပ်စု လေးခုတို့မှ မဲဆန္ဒရှင်ပြည်သူများ၊ ဌာနဆိုင်ရာများ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ စုစုပေါင်း ၄၇၀ တို့က လက်တွေ့မဲပေးဆောင်ရွက်ခဲ့ကြသည်။ ကျန်ရှိသည့် ရပ်ကွက်နှင့်ကျေးရွာအုပ်စု ၁၂ ခုတို့၌လည်း အောက်တိုဘာ၂၄ ရက်မှ ၂၆ ရက်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## မြေပုံမြို့နယ်၌ GW-11 စပါးများ စိုက်ပျိုးထားရှိမှု အခြေအနေ ကွင်းဆင်းစစ်ဆေး

**မြေပုံ အောက်တိုဘာ ၂၃**

ရခိုင်ပြည်နယ် မြေပုံမြို့နယ်၌ ၂၀၂၃–၂၀၂၄ ဘဏ္ဍာနှစ်တွင် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ မတည်ပံ့ပိုးငွေဖြင့် မိုးစပါးစိုက်ပျိုးမှုမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ဒဂုံကျေးရွာ၊ ထွန်းသစ်စလယ်ယာနှင့် အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းမှ အသင်းဥက္ကဋ္ဌ ဦးလှကျော်မြင့်၏ GW–11 မိုးစပါး စိုက်ပျိုးထားရှိမှုအခြေအနေကို မြို့နယ်သမဝါယမဦးစီးဌာနဦးစီးအရာရှိနှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုပြီး စပါးတစ်ကေပန်းတိုင်အထွက်နှုန်းရရှိစေရေးနှင့် အလေအလွင့်နည်းပါးစေရေး အလေးထားဆောင်ရွက်သွားရန် ပြောကြားသည်။

အဆိုပါ သမဝါယမအသင်း၌ အသင်းသား တောင်သူ ၂၅ ဦး၏ မိုးစပါး စိုက်ပျိုးကေ ၂၀၄ ကေတွင် GW–11 စပါးနှင့် ပေါ်ဆန်းမွှေးစပါးမျိုးများ စိုက်ပျိုးထားရှိကြောင်းနှင့် မြေပုံမြို့နယ်အနေဖြင့် သမဝါယမအသင်းနှစ်သင်းရှိ အသင်းသားတောင်သူ ၆၅ ဦး၏ မိုးစပါး စိုက်ပျိုးကေစုစုပေါင်း ၃၈၀ တွင် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ မတည်ပံ့ပိုးငွေဖြင့် GW–11 စပါးနှင့် ပေါ်ဆန်းမွှေးစပါးမျိုးများ စိုက်ပျိုးထားရှိကြောင်း သိရသည်။



**သတင်းစဉ်**

## အယ်လ်နီညိုရာသီဥတုကြောင့် ငါးလုပ်ငန်းကဏ္ဍအပေါ် သက်ရောက်နိုင်မှုများ ကြိုတင်ကာကွယ်ရေးအသိပညာပေး

**တွံတေး အောက်တိုဘာ ၂၃**

ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှကြီးမှူး၍ တွံတေးမြို့ တွံတေးငါးလုပ်ငန်းစခန်း၌ အယ်လ်နီညိုရာသီဥတုပြောင်းလဲမှုဖြစ်စဉ်နှင့်ပတ်သက်၍ ငါးလုပ်ငန်းကဏ္ဍအပေါ် သက်ရောက်နိုင်မှုများနှင့် ကြိုတင်ကာကွယ်ရေးအသိပညာပေးဟောပြောပွဲအား ယနေ့ နံနက်ပိုင်းက အဆိုပါစခန်းသင်တန်းခန်းမ၌ ပြုလုပ်သည်။

အဆိုပါဟောပြောပွဲတွင် ဒုတိယတိုင်းဒေသကြီးဦးစီးမှူး ဦးတင့်လွင်က အသိပညာပေးဟောပြောရခြင်းရည်ရွယ်ချက်နှင့် ပတ်သက်၍ ပြောကြားပြီး တွံတေးငါးလုပ်ငန်းစခန်း တာဝန်ခံ ဒေါ်မိမိခိုင်က အယ်လ်နီညိုရာသီဥတုဖြစ်ပွားရခြင်းနှင့် ဖြစ်ပေါ်မှုကြောင့် ရေကြီးနစ်မြုပ်မှုနှင့် အပူချိန်ပြင်းထန်လွန်ကဲမှုဒဏ်မှ ကြိုတင်ကာကွယ်နိုင်ရေး ဆောင်ရွက်ရမည့်လုပ်ငန်းများကို အသိပညာပေး ရှင်းလင်းဟောပြောခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဂုဏ်ပြုဆောင်းပါး

# ယနေ့ အဆို အက အရေး အတီး ပြိုင်ပွဲများက ပေးနေသော ယဉ်ကျေးမှုအသိဉာဏ်

**ယဉ်ကျေးမှုဟူသည်ကို သဘာဝကပေးထားသော အသိဉာဏ်ပညာတစ်ခုအဖြစ် မှတ်ယူပါသည်။ ထိုသဘာဝတရားကို လူတို့က ဖန်တီးယူလိုက်သောအခါ လူသားယဉ်ကျေးမှုဟူ၍ ဖြစ်လာသည်။ သက်ဆိုင်ရာ လူ့အဖွဲ့အစည်းအသီးသီးက ဖန်တီးရယူလိုက်သော ထိုယဉ်ကျေးမှုသည်ပင် သူတို့၏ ကိုယ်ပိုင်ဥစ္စာဖြစ်သွားသည်။**

◇◇◇◇◇◇◇◇◇ မိုးကေနိုင် ◇◇◇◇◇◇◇◇◇

ထိုကိုယ်ပိုင်ယဉ်ကျေးမှုသည်ပင် ကိုယ်ပိုင်ဘဝ၊ ကိုယ်ပိုင်အလှများအဖြစ် တင်စားဖော်ပြခံရပြန်သည်။ အလှတရားအဖြစ် ပြောင်းလဲလာသော မူပိုင်ယဉ်ကျေးမှုတစ်ခုသည် ထိုလူမျိုး၊ ထိုတိုင်းရင်းသားတို့၏ ဘဝတည်ဆောက်ပုံများနှင့် ပျိုးထောင်ပုံများကို ထင်ဟပ်ပါသည်။ တစ်နည်းအားဖြင့် လူမျိုးတစ်မျိုး၏ ပြောဆို၊ နေထိုင်၊ လုပ်ကိုင်၊ စားသောက်မှု၊ စိတ်နေသဘောထားမှအစ လူနေမှုပုံစံ၊ အတွေးအခေါ်နှင့် အသိပညာမြင့်မားမှု၊ ယုံကြည်ကိုးကွယ်မှု၊ စံတန်ဖိုးများ၊ အစဉ်အလာ ရိုးရာဓလေ့ထုံးတမ်းများ၊ ဝတ်စားဆင်ယင်ထုံးဖွဲ့မှု၊ ဘာသာစကား၊ ဘာသာအယူဝါဒအဆုံးအမများနှင့် လက်မှုအနုပညာပစ္စည်းများ၊ ရှေးဟောင်းအသုံးအဆောင် တန်ဆာပလာများစသည့် ထူးခြားသော ဝိသေသလက္ခဏာများသည်ပင် ထိုလူမျိုး၏ ယဉ်ကျေးမှုစနစ်တစ်ခုအဖြစ် ဖြစ်တည်မှုကိုဖော်ပြနေသည်။




(၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာ အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ၌ တယောပြိုင်ပွဲတွင် ပြိုင်ပွဲဝင်တစ်ဦး ဝင်ရောက်ယှဉ်ပြိုင်နေမှုကို တွေ့ရစဉ်။

### ယဉ်ကျေးမှုသည် နိုင်ငံနှင့်လူမျိုး၏ သမိုင်းကိုပြဆို

ထိုသို့ဖန်တီးတည်ဆောက်ထားသော ကိုယ်ပိုင်ယဉ်ကျေးမှုစနစ်တစ်ခုကို လူမျိုးတိုင်း၊ နိုင်ငံတိုင်းက မိမိတို့ကိုယ်ပိုင်အနုသုခမလက်ရာ အမွေအနှစ်များအဖြစ် သမိုင်းအစဉ်အဆက် ထိန်းသိမ်းကာကွယ်စောင့်ရှောက်လာခဲ့ကြသည်ချည်းဖြစ်သည်။ မည်သည့်လူမျိုးကမျှ မိမိကိုယ်ပိုင်ယဉ်ကျေးမှုကို စွန့်လွှတ်ခြင်း၊ ပစ်ပယ်ခြင်းဟူ၍ ရှိမည်မဟုတ်ပါ။ အမွေအနှစ်တစ်ခုသဖွယ် မြတ်နိုးတန်ဖိုးထားကြခြင်းမှာ ယဉ်ကျေးမှုအဆင့်အတန်းက လူ့အဖွဲ့အစည်းတစ်ခု၏ ယဉ်ကျေးသိမ်မွေ့မှုနှင့် လူနေမှုအဆင့်အတန်းကို ပြနေသောကြောင့်ဖြစ်သည်။

လူမျိုးတစ်မျိုး၊ နိုင်ငံတစ်နိုင်ငံ၏ သမိုင်းနှင့် ထိုလူမျိုး၊ ထိုနိုင်ငံ၏ ယဉ်ကျေးမှုသမိုင်းသည် အတူယှဉ်တွဲ၍ ပါလာသည့်အတွက် ယဉ်ကျေးမှုပျောက်လျှင် လူမျိုးပါ ပျောက်ကွယ်သွားနိုင်ပါသည်။ ယဉ်ကျေးမှုသည် လူမျိုးတစ်မျိုး၏ အမှတ်အသား အသက်ဝိညာဉ်လည်းဖြစ်သည့်အတွက် ယဉ်ကျေးမှုသမိုင်းမရှိသောလူမျိုးကို အဓိပ္ပာယ်မဲ့သောလူမျိုးဟုပင် သတ်မှတ်ထိုက်သည်။

ထိုကြောင့်လည်း အားလုံးက ကိုယ်စီယဉ်ကျေးမှုစနစ်များကို အရှည်တည်တံ့အောင် ထိန်းသိမ်းစောင့်ရှောက်ကြခြင်းဖြစ်သည်။ ဖွံ့ဖြိုးတိုးတက်အောင်လုပ်ကြရသည်။ မိမိယဉ်ကျေးမှုကို မိမိတို့ကိုယ်တိုင်ရော တစ်ပါးသောသူများကပါ ခံစားနားလည်နိုင်အောင် လေ့ကျင့်မွေးမြူကြရသည်။ များသည်ထက်များအောင် ပွားကြရသည်၊ ပျံ့သည်ထက်ပျံ့နှံ့အောင် ဖြန့်ကြခြင်းဖြစ်သည်။ ကောင်းသော အစဉ်အလာဖြင့် လူတို့ကို ယဉ်ကျေးအောင် လေ့ကျင့်ပေးကြသည်။ နိုင်ငံတိုင်းက မိမိတို့ကိုယ်ပိုင်ယဉ်ကျေးမှုဖြင့် မိမိတို့လူ့အဖွဲ့အစည်း တိုးတက်အောင် မွမ်းမံပြင်ဆင်ကြသည်ကို တွေ့ရသည်။

### ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရမည့် ယဉ်ကျေးမှုအမွေနှင့် ယနေ့လူငယ်

ယဉ်ကျေးမှုအမွေဟူသည် အရေးကြီးလှပါသည်။ အထူးသဖြင့် ကျွန်တော်တို့နေထိုင်ရာ မြန်မာနိုင်ငံတော်ကြီးအတွက်ကား ပို၍ အရေးကြီးပြီး ပိုပြီးသတိထားစရာအချက်များလည်း ရှိနေသည်။ မတူကွဲပြားသော ယဉ်ကျေးမှုများနှင့်အတူ တိုင်းရင်းသားလူမျိုး ၁၀၀ ကျော်မှာ သူ့အစဉ်အလာကောင်းများနှင့်သူ ရှင်သန်မြဲယဉ်ကျေးမှုစနစ်များ ကိုယ်စီရှိပြီးဖြစ်သည်။ မတူကွဲပြားသော်လည်း ခြားနားချက်နည်းပြီး သဘောသဘာဝနှင့် ဂုဏ်ရည်အားဖြင့် နီးစပ်မှုရှိကြကာ ကိုယ့်ယဉ်ကျေးမှုကို ကိုယ်ဂုဏ်ယူပြီး ထိန်းသိမ်းစောင့်ရှောက်လေ့ရှိကြသည်။ သတိထားမိကြမည်ထင်သည်၊ ဂလိုဘယ်ကို အကြောင်းပြ အပြန်အလှန်ဆက်ဆံမှုကို အခွင့်ယူကာ နိုင်ငံအများစု အထူးသဖြင့် တိုးတက်သောနိုင်ငံများသည် မိမိတို့၏ ယဉ်ကျေးမှုစနစ်ကို အခြားနိုင်ငံများဆီ ပျံ့နှံ့အောင်ဖြန့်နေကြသည်ကို တွေ့ရသည်။ အခြားနိုင်ငံများက ယဉ်ကျေးမှုကိုတော့ အဝင်မခံ ပိတ်ဆို့ဟန့်တားထားသည်။ တော်ရုံတန်ရုံ ယဉ်ကျေးမှုအခံမရှိသောသူများဆိုလျှင် သူတစ်ပါး ယဉ်ကျေးမှု၏ ဝါးမျိုခြင်းကိုခံရနိုင်သည်။

ယဉ်ကျေးမှုအရင်းအမြစ်ကို မျှဝေဖလှယ်သည့် ခေါင်းစဉ်အောက်တွင် မိမိကိုယ်ပိုင်ယဉ်ကျေးမှုကို မခံစားတတ်ကြ၊ ခံစားရကောင်းမှန်းမသိ၊ တန်ဖိုးနားမလည်ကြလျှင် မည်မျှကောင်းမွန်သော ယဉ်ကျေးမှုပင် ဖြစ်ပါစေ တစ်ပါးယဉ်ကျေးမှု၏ တိုက်စားပွတ်တိုက်ခြင်း၊ ပေါင်းစပ်သမွေခြင်း၊ ဝါးမျိုခြင်းခံရနိုင်သည်ကို အထူးသတိပြုရပါမည်။

အထူးသဖြင့် ယနေ့မျိုးဆက်သစ်လူငယ်အများစုတွင် ဤအချက်သည် ပို၍အရေးကြီးလာပြီး ယနေ့လူငယ်ထု၏ တာဝန်များတွင် ရှေးဘိုးဘေးဘီဘင်တို့ ထိန်းသိမ်းလာခဲ့သော မြန်မာ့ယဉ်ကျေးမှုအမွေကို ဆက်လက်ကာကွယ်စောင့်ရှောက်ရမည့် တာဝန်ဝတ္တရားများပါ ပါဝင်သည်ကို အလေးအနက်ထားသတိပြုရန် လိုအပ်သည်ဟု ယူဆပါသည်။

မြန်မာတို့၏ ယဉ်ကျေးမှုသည် အလွန်ပင်တန်ဖိုးကြီး အဆင့်မြင့်မားလှပါသည်။ ရှေးယခင် ခေတ်စနစ်ပေါင်းများစွာကတည်းက ဖြစ်တည်တိုးတက်လာသော အမွေအနှစ်ကောင်းများဖြစ်၍ ယခုတိုင် ကမ္ဘာ့အလယ်တွင် ကြွံ့ကြွံ့ခံရပ်တည်နိုင်ဆဲဖြစ်သည်။ မြန်မာတိုင်းရင်းသားတို့သည် အနုပညာကို ကောင်းစွာ ခံစားနားလည်နိုင်စွမ်းရှိသူများဖြစ်ကြသည်။ မြန်မာတို့၏ ဂန္ထဝင် ဂီတ၊ ပြဇာတ်၊ ကဗျာ၊ ပန်းချီ၊ ပန်းပု လက်ရာများသည် မြန်မာတို့အတွက် အဓိပ္ပာယ်ရှိသောဂုဏ်ဒြပ်များ၊ မြန်မာတို့၏ ယဉ်ကျေးမှုအရင်းအနှီးများအဖြစ် ဖော်ညွှန်းထားပြီးလည်း ဖြစ်သည်။ အမွေအနှစ်အရင်းအမြစ်ဟူသည် တိုင်းပြည်တစ်ပြည်၏ ကြေးမုံပြင်ဖြစ်၍ ဆက်ခံရမည့်ဝတ္တရားရှိသလို လုံခြုံအောင်လည်း စောင့်ရှောက်ရမည်၊ တည်တံ့အောင်လည်း ထိန်းသိမ်းရမည်သာ ဖြစ်သည်။

> **"မြန်မာတို့၏ ယဉ်ကျေးမှုသည် အလွန်ပင်တန်ဖိုးကြီး အဆင့်မြင့်မားလှပါသည်။ ရှေးယခင် ခေတ်စနစ်ပေါင်းများစွာကတည်းက ဖြစ်တည်တိုးတက်လာသော အမွေအနှစ်ကောင်းများဖြစ်၍ ယခုတိုင် ကမ္ဘာ့အလယ်တွင် ကြွံ့ကြွံ့ခံရပ်တည်နိုင်ဆဲဖြစ်သည်။ မြန်မာတိုင်းရင်းသားတို့သည် အနုပညာကို ကောင်းစွာခံစားနားလည်နိုင်စွမ်းရှိသူများ ဖြစ်ကြသည်။ မြန်မာတို့၏ ဂန္ထဝင် ဂီတ၊ ပြဇာတ်၊ ကဗျာ၊ ပန်းချီ၊ ပန်းပု လက်ရာများသည် မြန်မာတို့အတွက် အဓိပ္ပာယ်ရှိသောဂုဏ်ဒြပ်များ၊ မြန်မာတို့၏ ယဉ်ကျေးမှုအရင်းအနှီးများအဖြစ် ဖော်ညွှန်းထားပြီးလည်း ဖြစ်သည်။ အမွေအနှစ်အရင်းအမြစ်ဟူသည် တိုင်းပြည်တစ်ပြည်၏ ကြေးမုံပြင်ဖြစ်၍ ဆက်ခံရမည့်ဝတ္တရားရှိသလို လုံခြုံအောင်လည်း စောင့်ရှောက်ရမည်၊ တည်တံ့အောင်လည်း ထိန်းသိမ်းရမည်သာဖြစ်"**

### ပညာနှင့်မျိုးချစ်စိတ်အခြေခံသော ယဉ်ကျေးမှုကသာ

ဂလိုဘယ် သတင်းမီဒီယာရေစီးကြောင်းတွင် မြန်မာတို့၏ ယဉ်ကျေးမှုကို အလွယ်တကူ မျောပါစီးမျောခွင့် မပြုနိုင်ပါ။ အမျိုးသားရေးကြွန်အင်နှင့် အမျိုးသားစရိုက်လက္ခဏာများ ပါဝင်သည်ဖြစ်၍ အမျိုးသားယဉ်ကျေးမှုဟူသော ဂုဏ်ဒြပ်များထိုက်ပြီးဖြစ်သောကြောင့် မည်သည့်နည်းနှင့်မျှ အခြားအခြားသော ယဉ်ကျေးမှုများနှင့် တစ်သားတည်းဖြစ်၍မရ၊ ပေါင်းစပ်၍လည်းမသင့်ဟု ထင်မြင်မိပါသည်။ သို့သော် အမျိုးသားယဉ်ကျေးမှုလက္ခဏာများ မပျောက်ပျက်ဘဲ အကျိုးဖြစ်ထွန်းမှုရှိမည်ဆိုလျှင် အချင်းချင်း ယဉ်ကျေးမှုဖလှယ်သည့်ပုံစံဖြင့် ကွဲပြားခြားနားသောယဉ်ကျေးမှုများကို အပြန်အလှန် အသိအမှတ်ပြုပြီး ပေါင်းစပ်ခွင့် ပေးကောင်းပေးနိုင်ပါလိမ့်မည်။

ယဉ်ကျေးမှုချင်းဖလှယ်၍ မိမိယဉ်ကျေးမှုကို ရိုးရာမပျက်တီထွင်ဆန်းသစ်ခြင်းဖြင့်လည်း ခေတ်မီသောယဉ်ကျေးမှုတစ်ရပ်ကို ဖန်တီးယူ၍ရပါသည်။ ထိုအချက်ကို ယနေ့လူငယ်များအနေဖြင့် ကွဲကွဲပြားပြားနားလည်ထားသင့်ပါသည်။ သမိုင်းကြောင်းရှည်လျားသော မြန်မာ့ယဉ်ကျေးမှုသည် အဆင့်မြင့်မားလွန်းသည်ကို ယနေ့လူငယ်များ နားလည်လက်ခံနိုင်စွမ်းရှိအောင် ဦးစွာကြိုးစားပြီး ခေတ်မီသော မြန်မာ့ယဉ်ကျေးမှုတစ်ရပ် ထွန်းကားအောင် ဆောင်ရွက်နိုင်ပါသည်။

တန်ဖိုးကြီးပြီး မြတ်နိုးစရာကောင်းသော မြန်မာသီချင်း အဆို၊ အက၊ အရေး၊ အတီး အများစုသည် ဂန္ထဝင်မြောက်လွန်း၍ တန်ဖိုးထားတတ်ရပါမည်။ ထို့အပြင် ယဉ်ကျေးမှုနှင့် မျိုးချစ်စိတ်သဘောတရားနှစ်ခုသည် ဆက်စပ်နေသည့်အတွက် ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုးချစ်စိတ်နှင့်တစ်ပါတည်း ယဉ်ကျေးမှုကို တွဲဖက်၍မြင်သင့်ပါသည်။ ထို့ကြောင့် မြန်မာ့ယဉ်ကျေးမှုကို ထာဝရစွဲမြဲနေအောင် ကျောင်းသားအရွယ် ကလေးဘဝကပင် ပြုစုပျိုးထောင်ထားအပ်သည်။ အခြားသော ယဉ်ကျေးမှုများ ဝါးမျိုမခံရအောင် စာသင်ခန်း၌ပင် အနုပညာအခြေခံများကို လေ့ကျင့်မွေးမြူပေးပြီး လက်ခံနိုင်မည့်နည်းလမ်းများဖြင့် သင်ကြားပြသဆိုဆုံးမပေးသင့်ပါသည်။

အချို့နိုင်ငံများတွင် ကျောင်းစာသင်ခန်းနှင့် ကဇာတ်ခန်းမကဲ့သို့သော အနုပညာလေ့ကျင့်ရာ ဝန်းကျင်များကို ပေါင်းစပ်တွဲဖက်ထားလေ့ရှိသည်ဟု ကြားသိရဖူးပါသည်။ အနုပညာအပေါ် ချစ်မြတ်နိုးစိတ်ကို ပညာရေးအကူအညီဖြင့် ထိထိရောက်ရောက် ရိုက်သွင်းထားရန်လိုပါသည်။ မြန်မာစာ၊ မြန်မာဘာသာစကားကို ချစ်မြတ်နိုးတတ်အောင် လေ့ကျင့်ထားရမည်။ မြန်မာစာပေ၊ မြန်မာဂီတကို တန်ဖိုးထားတတ်အောင် အမြဲထိတွေ့မှုရှိနေအောင်လည်း တွန်းအားပေးနေရပါမည်။ သို့မှသာ မြန်မာ့ယဉ်ကျေးမှုမှတစ်ဆင့် အရိုင်းမှအယဉ်၊ အကြမ်းမှအနုသို့ ယဉ်ကျေးသိမ်မွေ့သွားကြမည်ဖြစ်သည်။ *စာမျက်နှာ ၁၁ သို့*

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရအရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ် တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် NUG,CRPH လက်အောက်ခံအကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီး အသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

## မဒေးဆည်ရေသောက် တစ်နှစ်သုံးသီး ဆာဖိုးသာမိုးစပါးဧက ၁၀၀ စံကွက်ရိတ်သိမ်း

**ကံမ အောက်တိုဘာ ၂၃**

ကံမမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနကကြီးမှူး၍မဒေးဆည်ရေသောက် တစ်နှစ်သုံးသီး ဆာဖိုးသာ မိုးစပါးဧက ၁၀၀ စံကွက်ရိတ်သိမ်းပွဲကို အောက်တိုဘာ ၂၁ ရက်က ကျောက်မဲကျေးရွာ ကွင်းအမှတ် ၁၆၀–က၊ ဦးပိုင်အမှတ်(၁၂၃/၁)၌ ကျင်းပသည်။

အဆိုပါ စံပြကွက်ရိပ်သိမ်းပွဲတွင် သရက်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတင်မျိုးလတ်က အမှာစကားပြောကြားပြီး ခရိုင်စိုက်ပျိုးရေးဦးစီးမှူး ဦးမြင့်စိုးက ဆာဖိုးသာစိုက်ပျိုးသည့်တောင်သူများ၏ ခေါင်နှံရွေးချယ် စုဆောင်းထားရှိမှုအပေါ် မျိုးပွားနိုင်ရေးအတွက် နွေစပါးစိုက်ချိန်တွင် ဆောင်ရွက်ရမည့် အစီအမံများကို ရှင်းလင်းတင်ပြကာ ယင်းနောက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနနှင့် မြို့နယ် မြေစာရင်းဦးစီးဌာနမှ ဝန်ထမ်းများ ပူးပေါင်း၍ ကောင်း၊ သင့်၊ ညံ့အဖြစ် သတ်မှတ်ထားသော စံကွက်ကို ရိတ်သိမ်းရာ စပါးအစို၁၂၉ တင်း (အခြောက် ၁၁၆ ဒသမ ၃၃ တင်း ထွက်ရှိကြောင်း သိရသည်။

ကံမမြို့နယ် ဆာဖိုးသာမိုးစပါးဧက ၁၀၀ စံပြကွက်ဧရိယာတွင် ယနေ့အထိ ဆာဖိုးသာ ၉၁ ဧက ရိတ်သိမ်းခဲ့ပြီး ၉၁ ဧကအပေါ်တွင် အထွက်နှုန်း (စပါးအခြောက်) ၁၂၀ ဒသမ ၁၅ တင်း နှုန်းထွက်ရှိကြောင်း သိရသည်။

အောင်မြင့်(ပြန်/ဆက်)



## မော်လမြိုင်ကျွန်းမြို့၌ မီးဘေးကာကွယ်ရေး မီးသတ်တပ်ဖွဲ့ဝင်များ သရုပ်ပြသ

**မော်လမြိုင်ကျွန်း အောက်တိုဘာ ၂၃**

ဧရာဝတီ တိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနည်းလမ်းများကို ပြည်သူလူထုနှင့် ဈေးသူဈေးသားများအား ပညာပေးဟောပြော သရုပ်ပြခြင်း၊ လက်တွေ့ဆောင်ရွက်စေခြင်းကို အောက်တိုဘာ ၂၂ ရက်က မော်လမြိုင်ကျွန်းမြို့ရှိမဟာဗန္ဓုလ (၁၂)လမ်း မြို့မဈေး အရှေ့ဘက်တွင် မြို့နယ်စီမံ အုပ်ချုပ်ရေးအဖွဲ့ဦးဆောင်မှုဖြင့် မော်လမြိုင်ကျွန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ် မီးသတ်ဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်သည်။



ထိုသို့အသိပညာပေးရာတွင် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရန် မီးဖိုချောင်သုံးစားပွဲတင် ဂတ်စ်မီးဖိုများ၊ အခြားသောဂတ်စ်မီးဖိုများ အသုံးပြုပုံများရှင်းလင်းခြင်း၊ မီးသတ်ဆေးဘူးများ အသုံးပြုရာတွင် "ဖြုတ်၊ ချိန်၊ ညှစ်" အသုံးပြုနိုင်ခြင်းများအား မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးမျိုးဇော်က ပညာပေးဟောပြော၍ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များက လက်တွေ့သရုပ်ပြခဲ့ကြပြီး တာဝန်ရှိသူများက ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ပူးပေါင်း၍ ပြည်သူလူထုနှင့်ဈေးသူဈေးသားများအား အသိပညာပေး သရုပ်ပြကာ လက်တွေ့ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ရဲကိုမောင် (ပြန်/ဆက်)

**"အချို့နိုင်ငံများတွင် ကျောင်းစာသင်ခန်းနှင့် ကဇာတ်ခန်းမကဲ့သို့သော အနုပညာလေ့ကျင့်ရာ ဝန်းကျင်များကို ပေါင်းစပ်တွဲဖက်ထားလေ့ရှိသည်ဟု ကြားသိရဖူးပါသည်။ အနုပညာအပေါ် ချစ်မြတ်နိုးစိတ်ကို ပညာရေးအကူအညီဖြင့် ထိထိရောက်ရောက် ရိုက်သွင်းထားရန်လိုပါသည်။ မြန်မာစာ၊ မြန်မာဘာသာစကားကို ချစ်မြတ်နိုးတတ်အောင် လေ့ကျင့်ထားရမည်။ မြန်မာစာပေ၊ မြန်မာဂီတကို တန်ဖိုးထားတတ်အောင် အမြဲထိတွေ့မှုရှိနေအောင်လည်း တွန်းအားပေးနေရပါမည်။ သို့မှသာ မြန်မာ့ယဉ်ကျေးမှုမှုတစ်ဆင့် အရိုင်းမှအယဉ်၊ အကြမ်းမှအနုသို့ ယဉ်ကျေးသိမ်မွေ့သွားကြမည်ဖြစ်"**

*စာမျက်နှာ ၁၀ မှ*

မြန်မာ့ရိုးရာယဉ်ကျေးမှုသည် ရမ်းကားမှု၊ ဟော့သွမ်းမှုမပါ။ နဂိုကတည်းကပင် သိမ်မွေ့ယဉ်ကျေးပြီးဖြစ်၍ ပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်ပြီး လူ့အဖွဲ့အစည်းကို လှပအောင် ဆောင်ကြဉ်းပေးနိုင်စွမ်းရှိပါသည်။ မေတ္တာ၊ ကရုဏာအခြေခံ ကိုယ်ကျင့်တရားကောင်းများဖြင့် ငြိမ်းချမ်းသွားစေမည်ဟုလည်း ယုံကြည်ပါသည်။ ဤသည်ပင် အလွန်မွန်မြတ်သော မြန်မာတို့၏ ယဉ်ကျေးမှုအသိဉာဏ်တစ်ခု ဖြစ်လာပါတော့သည်။

### ကောင်းမြတ်သောအမွေကို ပေးမြဲပေးလျက်ရှိ

ယခုခေတ်အခါတွင် မြန်မာ့ယဉ်ကျေးမှုကား အတော်ဆုတ်ယုတ်လာနေသည်ဟု သုံးသပ်လျှင် လွန်မည်မထင်ပါ။ အထိန်းအကွပ်မဲ့ ဝတ်စားဆင်ယင်မှု၊ ရမ်းကားသော အပြောအဆို၊ အရှက်အကြောက်ကင်းသောအရေးအသား၊ အရိုင်းဆန်သောကခုန်မှုနှင့် ပညာပေးမဆန်ဆင်ခြင်မှုမဲ့ဇာတ်လမ်းဇာတ်ကွက်များက နေရာရလာသောအခါ ယဉ်ကျေးသော မြန်မာ့ယဉ်ကျေးမှုကို အလေးထားရကောင်းမှန်း မသိတော့။ ကြာလျှင် အယူအဆများမှားကုန်ပြီး အမျိုးသားရေးစရိုက်လက္ခဏာများ ပပျောက်သွားမည်ကိုစိုးရိမ်ရသည်။ မကောင်းသောစရိုက်က မကောင်းသောတရားကိုသာ ပွားစေရာ အတိုင်းအဆမရှိအရက်၊ မူးယစ်ဆေးသုံးစွဲမှုက လူငယ်တို့၏ ယဉ်ကျေးမှုနှင့်ကိုယ်ကျင့်တရားကိုပါ ပျက်ယွင်းသွားစေသည့်အခါ နောက်ဆုံးနိုင်ငံ့ပုံရိပ်ပါ ထိခိုက်ခံရသည့်အနေအထားအထိ ရောက်သွားနိုင်ပါသည်။ ထို့ကြောင့်လည်း နိုင်ငံတော်အနေဖြင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများကို အနှစ်သာရအပြည့်ဖြင့် နှစ်စဉ်ကျင်းပပေးနေခြင်းဖြစ်သည်။ ကောင်းမြတ်သောအမွေကို ပြိုင်ပွဲပုံစံဖြင့် ၁၉၉၃ ခုနှစ်ကတည်းက ပေးအပ်ခဲ့ရာ ယခုနှစ်တွင် ၂၄ ကြိမ်မြောက်ရှိခဲ့ပါပြီ။ ယခုအချိန်မှာတော့ ဒေသအဆင့်ပြိုင်ပွဲများကို မြိုင်မြိုင်ဆိုင်ဆိုင် ကျင်းပနေကြပါပြီ။ ပြီးစီးခဲ့သည့် ပြိုင်ပွဲအကြိမ်တိုင်းမှာကဲ့သို့ ဆို၊ က၊ ရေး၊ တီး ဝါသနာရှင်အားလုံးသည် မိမိတို့ဝါသနာပါရာအလိုက် အကရုပ်စုံသဘင်၊ ခေတ်ဟောင်းကာလပေါ်၊ မဟာဂီတအဆို၊ စန္ဒရား၊ တယော၊ ပလွေ၊ ကွက်စိပ်စသည့် မိမိတို့၏ ကျွမ်းကျင်ပိုင်နိုင်မှုအနုပညာအမျိုးမျိုးကို ဝါသနာရှင်အဆင့်၊ အခြေခံပညာအဆင့်စသည်ဖြင့် အတန်းလိုက် ယှဉ်ပြိုင်ထုတ်ဖော်နေကြသည်မှာ အလွန်အားရကျေနပ်စရာကောင်းပြီး ညို့ယူဖမ်းစားနိုင်သည့် ဂီတအကသံစဉ်မျိုးစုံကို မကြာမီ လှလှပပခံစားရတော့မည်ဖြစ်ပါသည်။

အောက်တိုဘာလ ၂၄ ရက်နေ့မှ ၂၉ ရက်နေ့အထိ ဦးတည်ချက် (၄)ရပ်ဖြင့် ကျင်းပတော့မည့် ဗဟိုအဆင့်ယဉ်ကျေးမှုပြိုင်ပွဲကြီးက မြန်မာတို့၏ ယဉ်ကျေးမှုအသိဉာဏ်ကို နောင်လာနောက်သားနောင်မျိုးဆက်များအထိ အတိုင်းအတာတစ်ခုမျှ တိုးမြှင့်ပေးနိုင်ရန် လက်တွဲခေါ်ဆောင်နိုင်မည်ဟုလည်း ယုံကြည်နေပါသည်။

အဓိကကျသည့်အချက်မှာ ခေတ်အဆက်ဆက် ကိုယ်ပိုင်ယဉ်ကျေးမှုအမွေအနှစ် အထွန်းကားဆုံးနိုင်ငံတစ်နိုင်ငံမှာ မိမိတို့အမျိုးသားအနုသုခုမပညာရပ်များ ဘယ်လိုနည်းနှင့်မျှ မတိမ်ကောမပပျောက်ရန်ဖြစ်ပြီး အရေးကြီးသည်က နိုင်ငံသားတိုင်းက ပူးပေါင်းပါဝင်အားပေးကူညီကြရန်နှင့် အားလုံးတွင် တာဝန်ရှိသည်ဆိုသောခံယူချက်ဖြစ်သည်။ အထူးသဖြင့် ပညာရေးနှင့်မျိုးချစ်စိတ်က အခြေခံဖြစ်ပါသည်။ ဆက်စပ်ထားရမည့်အရာများလည်းဖြစ်သည်။ ပညာရေးအခြေခံမှ အနုပညာဗီဇကို သွတ်သွင်းထားရမည်ဖြစ်သကဲ့သို့ ရေရှည်တည်တံ့အောင် ထိန်းသိမ်းထားနိုင်ရေးမှာလည်း မျိုးချစ်စိတ်အပေါ်တွင် အခြေခံပြန်ပါသည်။

မျိုးချစ်စိတ်ရှိမှသာ ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုးချစ်စိတ်နှင့်အတူ ကိုယ့်ဘာသာ၊ စာပေ၊ ယဉ်ကျေးမှုအနုသုခုမပညာများကို မြတ်နိုးတတ်၊ ခင်မင်တွယ်တာတတ်လာပါမည်။ သို့မှသာ မိမိတို့၏ အနုပညာယဉ်ကျေးမှုအုတ်မြစ်ကြီး အစဉ်တည်တံ့ခိုင်မာနေမည်ဖြစ်ပြီး တိုင်းတစ်ပါးယဉ်ကျေးမှုတို့ အလွယ်တကူ ဝင်ရောက်မထိုးဖောက်နိုင်မှာဖြစ်ပါသည်။

ထိုမှတစ်ဆင့် တိုင်းရင်းသားအားလုံး၏ အမျိုးဂုဏ် ဇာတိဂုဏ်ကိုအခြေခံသော ခိုင်မာသည့် အမျိုးသားယဉ်ကျေးမှုသည် နိုင်ငံတည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတွင် ကဏ္ဍတစ်ရပ်အဖြစ် ပါဝင်နေရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

# နာဂတိုင်းရင်းသားတို့၏ နှစ်သစ်ကူးရိုးရာပွဲတော်ကြီးကို စည်ကားသိုက်မြိုက်စွာကျင်းပနိုင်ရေး ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံတိုင်းရင်းသားများက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရန်လိုအပ်

**မုံရွာ အောက်တိုဘာ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်သည် တိုင်းဒေသကြီး ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ အောက်တိုဘာ ၂၂ ရက်က နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လေရှီးမြို့နယ် ပြတိုက်တွင် ကျင်းပသော လေရှီးမြို့ရှိ မြို့မိမြို့ဖများ၊ နာဂရိုးရာ စာပေနှင့် ယဉ်ကျေးမှုအဖွဲ့များ၊ ဒေသခံတိုင်းရင်းသားများနှင့် တွေ့ဆုံပွဲ အခမ်းအနားသို့ တက်ရောက်သည်။

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ၂၀၂၄ ခုနှစ် ဇန်နဝါရီလတွင် ကျင်းပပြုလုပ်မည့် နာဂတိုင်းရင်းသားတို့၏ နှစ်သစ်ကူးရိုးရာပွဲတော်ကြီးကို စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် ဒေသရှိ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံတိုင်းရင်းသားများက ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း၊ ဒေသခံတိုင်းရင်းသားများအနေဖြင့်လည်း မိမိတို့ရိုးရာနှစ်သစ်ကူးပွဲတော်သို့ လာရောက်ကြမည့် ဧည့်သည်များ၊ ဒေသခံတိုင်းရင်းသား အကအဖွဲ့များ အဆင်ပြေစွာ နေထိုင်သွားလာနိုင်ရေး၊ စားသောက်ရေးနှင့် ကျန်းမာရေးဆိုင်ရာ ကိစ္စရပ်များ လိုအပ်ချက်မရှိအောင် ကြိုတင်ပြင်ဆင် ဆောင်ရွက်သွားကြရန် မှာကြားလိုပါကြောင်း ပြောကြားပြီး တက်ရောက်လာကြသူများ၏ တင်ပြမှုများကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ၂၀၂၄ ခုနှစ် နာဂရိုးရာနှစ်သစ်ကူးပွဲတော် ကျင်းပမည့် ရိုးရာကွင်းအတွင်း ကြိုတင်ပြင်ဆင် အကွက်ချထားမှုများနှင့် စတိတ်စင်တို့အား လိုက်လံကြည့်ရှု စစ်ဆေးခဲ့ကြကြောင်း သိရသည်။

**တိုင်းဒေသကြီး (ပြန်/ဆက်)**



## ငါးမွေးမြူရေးကန်များ ရေကြီးနစ်မြုပ်မှုမှ ကြိုတင်ကာကွယ်ရေး သတိပေးနှိုးဆော်ချက်

နိုင်ငံတော်စားနပ်ရိက္ခာဖူလုံရေးနှင့် ပြည်ပတင်ပို့ခြင်းဖြင့် နိုင်ငံခြားဝင်ငွေရရှိရေးအတွက် နိုင်ငံအနှံ့အပြားတွင် ငါးမွေးမြူရေးကန်များဖြင့် မွေးမြူဆောင်ရွက်လျက်ရှိရာ မိုးအလွန်အကျွံရွာသွန်းခြင်းနှင့် မြစ်ရေကြီးခြင်းများကြောင့် ငါးမွေးမြူရေးကန်များ ရေကြီးနစ်မြုပ်ခြင်းမှ ကြိုတင်ကာကွယ်ရန်နှင့် ဆုံးရှုံးမှုလျော့နည်းစေရေးအတွက် အောက်ဖော်ပြပါအချက်များကို ငါးပုစွန်မွေးမြူရေးကန်များ၌ လိုက်နာဆောင်ရွက်ကြပါရန်သတိပေးနှိုးဆော်အပ်ပါသည် -

- ငါးမွေးမြူရေးကန်များ၏ ကန်ပေါင်များခိုင်ခံ့ရန်အတွက် ကန်ပေါင်ပါးသော နိမ့်သောနေရာများတွင် သဲအိတ်များဖို့၍ ကန်ပေါင်ခိုင်ခံ့အောင် ပြုလုပ်ထားပါရန်၊
- အကယ်၍ရေကြီးရေလျှံလာပါက ငါးများလွတ်ထွက်မှုမရှိစေရေးအတွက် ဇာပြာပိုက်များဖြင့် ကာရံထားပါရန်၊
- ရေစီးကြောင်းနှင့်နီးသောငါးကန်များတွင် ရေတိုက်စားမှုကာကွယ်ရန်အတွက် တုတ်ရိုက်ပြီးဝါးထရံများဖြင့် ကာရံ၍ သဲအိတ်များဖို့ထားပါရန်၊
- လိုအပ်ပါက ငါးများ ရွှေ့ပြောင်းနိုင်ရန်အတွက် ငါးဖမ်းပိုက်များ၊ စက်လှေများနှင့် စက်ပစ္စည်းများအား ကြိုတင်ပြင်ဆင်ထားပါရန်နှင့် အထူးသဖြင့် မျိုးငါးကြီးများအား ဦးစားပေးရွှေ့ပြောင်းထားပါရန်၊
- သိုလှောင်ထားသော ငါးအစာနှင့်လုပ်ငန်းသုံးပစ္စည်းများအား ရေလွတ်သောနေရာသို့ ရွှေ့ပြောင်းထားပါရန်၊
- ပုံမှန်အစာကျွေးခြင်းဖြင့် ငါးများလွတ်ထွက်မသွားစေရေး ဆောင်ရွက်ထားပါရန်၊
- မွေးမြူရေးကန်၏ ရေထွက်/ရေလျှံပေါက်များ၊ ရေကျော်မည့်နေရာများအား အစဉ်ဂရုတစိုက် စစ်ဆေးနေပါရန်၊
- ထူးခြားသည့်အခြေအနေများ အချိန်နှင့်တစ်ပြေးညီ သိရှိနိုင်ရန်အတွက် ဆက်သွယ်သတင်းပို့နိုင်မည့်နည်းလမ်းများ ကြိုတင်ပြင်ဆင်ထားပါရန်၊
- နိုင်ငံပိုင်ရေဒီယို၊ အသံလွှင့်ဌာနများမှ ထုတ်လွှင့်လျက်ရှိသော အရေးပေါ်မိုးလေဝသ သတိပေးချက်များနှင့် ပတ်သက်သည့်သတင်းများကို အမြဲဂရုတစိုက်နားထောင်ပါရန်နှင့် ပြည်တွင်းထုတ်နေ့စဉ်သတင်းစာများတွင်ပါရှိသည့် မိုးလေဝသနှင့်ပတ်သက်သည့် သတင်း၊ ဆောင်းပါးများအား အမြဲမပြတ်ဖတ်ရှုသတိပြုပြီး ငါးမွေးမြူသူအချင်းချင်း သတင်းအချက်အလက်ဖလှယ်ကြပါရန်၊
- ရေကြီးနစ်မြုပ်မှုအတွက် အရေးပေါ်အခြေအနေများဖြစ်ပေါ်ပါက နီးစပ်ရာငါးလုပ်ငန်းဦးစီးဌာနများနှင့် ဆက်သွယ်အကူအညီတောင်းခံကြပါရန်၊

**စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**
**ငါးလုပ်ငန်းဦးစီးဌာန**

## ကျွန်းစုမြို့နယ်နှင့် တောင်ငူမြို့နယ်တို့၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၂၃**

တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်းရှိ မြို့နယ်များမှ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များ၊ ဒေသခံပြည်သူများအား သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ် အသီးသီးမှ နယ်မြေခံဆေးကုသရေးအဖွဲ့များက လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်နှင့် တနင်္သာရီရေတပ်စခန်းဌာနချုပ်တို့မှ နယ်မြေခံဆေးကုသရေးအဖွဲ့များက တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ် ရေကန်တောင်ကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၃၆၇ ဦးတို့ကိုလည်းကောင်း၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ် အိုင်ဇောက်ကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ သံဃာတော် ရှစ်ပါး၊ သာသနာ့နွယ်ဝင်သီလရှင် ခြောက်ပါးနှင့် ဒေသခံပြည်သူ ၁၅၀ တို့ကိုလည်းကောင်း သတ်မှတ်နေရာအသီးသီး၌ လိုအပ်သည့် ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

**စီစဉ်ဆောင်ရွက်ပေး**

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့များက အရိုးအကြောရောဂါ၊ သွားနှင့် ခံတွင်းရောဂါ၊ ကလေးရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ သွေးတိုးရောဂါ၊ နှလုံးရောဂါ၊ မျက်စိရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ ဆီးချိုရောဂါ၊ အသက်ရှုလမ်းကြောင်းဆိုင်ရာရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ECG စက်ဖြင့် ရောဂါရှာဖွေစမ်းသပ်ခြင်းများ ဆောင်ရွက်ပေးကာ ဆေးရုံတက်ရောက်ကုသရန် လိုအပ်သူများကို နယ်မြေခံတပ်မတော် ဆေးရုံများသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

**ကြည့်ရှုအားပေး**

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု အားပေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**





## ပဲခူး၌ လူသုံးကုန်ပစ္စည်းထုတ်လုပ်သည့် နည်းပညာသင်တန်းဖွင့်လှစ်

**ပဲခူး အောက်တိုဘာ ၂၃**

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူး၍ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးပေးရေးလုပ်ငန်းကော်မတီ၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်း (ပဲခူး) အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနတို့ ပူးပေါင်းပြီး လူသုံးကုန်ပစ္စည်း ထုတ်လုပ်သည့်နည်းပညာသင်တန်းကို အောက်တိုဘာ ၁၇ ရက်မှ ၂၁ ရက်အထိ ကျွမ်းကျင်မှု လေ့ကျင့်ရေးသင်တန်းကျောင်း (ပဲခူး)၌ ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

အဆိုပါသင်တန်းတွင် အဝတ်လျှော်ဆပ်ပြာရည်၊ လက်ဆေးဆပ်ပြာရည်၊ ရေချိုးဆပ်ပြာရည်၊ ခေါင်းလျှော်ရည်နှင့် ပန်းကန်ဆေးဆပ်ပြာရည်နှင့် ပတ်သက်သော အသိပညာများကို စာတွေ့/လက်တွေ့ သင်ကြားပို့ချပေးခဲ့ပြီး သင်တန်းသား ခုနစ်ဦး၊ သင်တန်းသူ ၁၃ ဦး စုစုပေါင်း သင်တန်းသား ၂၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

**စိုးမိုး(ပြန်/ဆက်)**

# အစ္စလာမ့်စစ်သွေးကြွများကို တိုက်ခိုက်ရာတွင် အစ္စရေးကိုထောက်ခံကြောင်း အနောက်ခေါင်းဆောင်များပြော

**ဝါရှင်တန် အောက်တိုဘာ ၂၃**

အမေရိကန်ပြည်ထောင်စုနှင့် အနောက်ငါးနိုင်ငံ ခေါင်းဆောင်များသည် အစ္စလာမ့်စစ်သွေးကြွ ဟားမားစ်တို့နှင့် တိုက်ခိုက်ရာတွင် အစ္စရေးကို ထောက်ခံကြောင်း ထပ်လောင်းပြောကြားခဲ့သည်။ ထို့အတူ ကမ္ဘာ့ခေါင်းဆောင်များသည် အစ္စရေးကို နိုင်ငံတကာ လူသားချင်းစာနာထောက်ထားမှု ဥပဒေများကို လေးစားလိုက်နာရန်နှင့် အရပ်သားများကို ကာကွယ်ရန် တိုက်တွန်းပြောကြားခဲ့သည်။

အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်သည် အင်္ဂလန်၊ ပြင်သစ်၊ ဂျာမနီ၊ အီတလီနှင့် ကနေဒါ နိုင်ငံ့ခေါင်းဆောင်များကို ဖုန်းဖြင့်ဆွေးနွေးခဲ့ကြောင်း အိမ်ဖြူတော်က အောက်တိုဘာ ၂၂ ရက်က ကြေညာချက်ထုတ်ပြန်ခဲ့သည်။

တွေ့ဆုံဆွေးနွေးပြီးနောက် ထုတ်ပြန်လိုက်သော ပူးတွဲကြေညာချက်တွင် ခေါင်းဆောင်များသည် အစ္စရေးကို ထောက်ခံကြောင်းနှင့် အကြမ်းဖက်မှုကို မိမိကိုယ်တိုင် ကာကွယ်ရန် အခွင့်အရေးရှိကြောင်း ပြောကြားလိုက်သည်။

ဟားမားစ်တို့၏ခြေကုပ်နေရာများကို တိုက်ခိုက်ရာတွင် ဂါဇာကမ်းမြောင်ဒေသရှိ ဒေသခံများအတွက် ထိခိုက်မှုအနည်းဆုံးဖြစ်စေရန် တောင်းဆိုလိုက်သည်။

ဓားစာခံများကို ချက်ချင်းလွှတ်ပေးရန်နှင့် ဂါဇာမှ ထွက်ခွာရန် ဆန္ဒရှိသော မိမိတို့နိုင်ငံသားများနှင့်လည်း အနီးကပ်ညှိနှိုင်းဆောင်ရွက်ရန်လည်း ကမ္ဘာ့ခေါင်းဆောင်များက တိုက်တွန်းထားသည်။

**အင်န်အိတ်ချ်ကေ**



အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်နှင့် အနောက်နိုင်ငံ ခေါင်းဆောင်များ။




အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်နှင့် အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟု တို့ကို တွေ့ရစဉ်။

# ပဋိပက္ခများဆက်လက်ဖြစ်ပွားနေချိန်တွင် လူသားချင်းစာနာထောက်ထားမှုပစ္စည်းများ ဂါဇာကမ်းမြောင်ဒေသသို့ ဒုတိယနေ့အဖြစ် ဆက်လက်ဝင်ရောက်

**ဂျေရုဆလင် အောက်တိုဘာ ၂၃**

အစ္စရေးနှင့် ဟားမားစ်တို့ကြား ပဋိပက္ခများ ဆက်လက်ဖြစ်ပွားနေချိန်တွင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေးပစ္စည်းများသည် ဂါဇာကမ်းမြောင်ဒေသသို့ ဒုတိယနေ့အဖြစ် ဆက်လက်ဝင်ရောက်လာခဲ့သည်။

အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်က မိမိနှင့် အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟု သည် ဂါဇာကမ်းမြောင်ဒေသသို့ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေး ပစ္စည်းများ ဆက်လက်ပေးသွားရန် ဖုန်းဖြင့် အတည်ပြု ဆွေးနွေးခဲ့ကြောင်း ပြောသည်။

ဘိုင်ဒင်က လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေး ပထမဆုံး ယာဉ်တန်းနှစ်တန်းကို ကြိုဆိုကြောင်း မိမိနှင့် နေတန်ယာဟုတို့ အနီးကပ် ဆက်သွယ် ဆောင်ရွက်မှုများ ဆက်လက်လုပ်ဆောင်သွားရန် သဘောတူခဲ့ကြောင်း ပြောသည်။

လူသားချင်း စာနာထောက်ထားမှုရေးရာ ကုလသမဂ္ဂရုံး အကြီးအကဲ မာတင်ဂရစ်ဖစ်သည် အောက်တိုဘာ ၂၂ ရက်က လောင်စာဆီ၊ ဆေးဝါးနှင့် တခြားအကူအညီ ပစ္စည်းအပြည့်ဖြင့် နောက်ထပ် လူသားချင်းဆိုင်ရာ အကူအညီပေးရေး ယာဉ် ၁၄ စင်း ဂါဇာဒေသသို့ ဝင်ရောက်လာပြီဖြစ်ကြောင်း လူမှုမီဒီယာပေါ်တွင် တင်ခဲ့သည်။

သို့သော်လည်း ပါလက်စတိုင်းဒုက္ခသည်များကို ကူညီထောက်ပံ့ပေးနေသော ကုလသမဂ္ဂအေဂျင်စီတစ်ခု၏ အကြီးအကဲဖြစ်သူ ဖီးလစ်ပီလာဇာရီနီက မိမိတို့အေဂျင်စီသည် လာမည့် သုံးရက်အတွင်းလောင်စာဆီပြတ်တောက်တော့မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ လောင်စာဆီမရှိဘဲ ရေလည်းရှိမည် မဟုတ်ကြောင်းနှင့် လုပ်ငန်းဆောင်ရွက်နေသော ဆေးရုံများလည်း ရှိမည်မဟုတ်ကြောင်း၊ ထို့အတူ လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ ပစ္စည်းများလည်း ရှိမည်မဟုတ်တော့ကြောင်း ၎င်းက ပြောသည်။

**အင်န်အိတ်ချ်ကေ**

# ရုရှားနှင့်ငြိမ်းချမ်းရေးအတွက် အခွင့်အရေးရခဲ့သော်လည်း အမေရိကန်က ယူကရိန်းကို ဟန့်တားခဲ့သောကြောင့် ငြိမ်းချမ်းရေးပျက်ခဲ့

**ကီယက်ဗ် အောက်တိုဘာ ၂၃**

သက်ဆိုင်ရာပါတီအဖွဲ့များသည် ပဋိပက္ခကို အဆုံးသတ်ရန် အခွင့်အရေးရခဲ့သော်လည်း ၂၀၂၂ ခုနှစ် မတ်လတွင် ရုရှားနှင့်ငြိမ်းချမ်းရေးဆွေးနွေးရန် ယူကရိန်းကို အမေရိကန်က တားမြစ်လိုက်သောကြောင့် ငြိမ်းချမ်းရေးပျက်ခဲ့ရကြောင်း ဂျာမန်ဝန်ကြီးချုပ်ဟောင်း ဂါးဟတ်ရှီဒါက အခိုင်အမာ ပြောကြားလိုက်သည်။

ယူကရိန်းသမ္မတ ဗလာဒီမာဇီလန်စကီ၏ ကိုယ်စားလှယ်များသည် နေတိုးသို့ ဝင်ရောက်ရန် ငြင်းဆိုမှုကဲ့သို့သော အဓိကပြဿနာရပ်များအပေါ် အလျှော့ပေးလိုက်လျောခဲ့ချိန်တွင် အမေရိကန်က ငြိမ်းချမ်းရေးဆွေးနွေးမှုကို သဘောမတူခဲ့ကြောင်း သောကြာနေ့က ဂျာမနီနိုင်ငံ ဘာလီနာဇေတန် သတင်းစာ၌ ဖော်ပြခဲ့သော တွေ့ဆုံမေးမြန်းခန်းတစ်ခုတွင် ဂျာမနီဝန်ကြီးချုပ်ဟောင်း ဂါးဟတ်ရှီဒါက ပြောကြားခဲ့ခြင်းဖြစ်သည်။

အမေရိကန်တို့က ခွင့်မပြုသောကြောင့် ယူကရိန်းသည် ငြိမ်းချမ်းရေးကို သဘောမတူခဲ့ကြောင်း၊ ယူကရိန်းတို့ ဆွေးနွေးခဲ့သမျှကို အမေရိကန်ကို ပထမဆုံးပြန်မေးရမည်ဖြစ်ကြောင်း ဂါးဟတ်ရှီဒါက ပြောကြားခဲ့သည်။ ဂါးဟတ်ရှီဒါသည် မော်စကိုက စစ်ရေးဆိုင်ရာ ဆောင်ရွက်ချက်များ ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီတွင် စတင်ခဲ့ပြီးနောက် သီတင်းပတ်အတော်ကြာ ယူကရိန်းနှင့် ရုရှားသက်ဆိုင်ရာ တာဝန်ရှိသူများကြား ငြိမ်းချမ်းရေးဆွေးနွေးရန် စေ့စပ်ညှိနှိုင်းဆွေးနွေးသူအဖြစ် တောင်းဆိုခြင်း ခံခဲ့ရသူဖြစ်သည်။

"ဝါရှင်တန်မှာ တခြားအရာတွေကို ဆုံးဖြတ်ခဲ့တဲ့အတွက် ဘာမှဖြစ်လာမှာမဟုတ်ဘူး" ဟု ၎င်းက ပြောသည်။ ဝါရှင်တန်၏ မဟာဗျူဟာသည် ရုရှားနှင့် တရုတ်နိုင်ငံအကြား ရင်းနှီးသောနှောင်ကြိုး များကိုဖြစ်ပေါ်စေသည့် ဆိုးရွားသော ဗျူဟာတစ်ခု ဖြစ်ကြောင်း ၎င်းက ဆက်ပြောသည်။

"အခုတော့ အမေရိကန်က ကန့်သတ်ထားတဲ့ အဓိကနိုင်ငံဖြစ်တဲ့ တရုတ်နဲ့ရုရှားတို့ဟာ တပ်ဖွဲ့ဝင်အချင်းချင်း ပူးပေါင်းကုန်ကြပြီ။ အမေရိကန်တွေက နှစ်ဖက်အဖွဲ့တွေကို အမြဲမပြတ် စောင့်ကြည့်ဖို့ လုံလောက်တဲ့ သန်မာမှုတွေရှိတယ်ဆိုတာ ယုံကြည်ထားကြတယ်။ ကျွန်တော့်ရဲ့ ရိုးသားတဲ့အမြင်နဲ့ ပြောရမယ်ဆိုရင် ဒါကအမှားကြီးပဲ။ အခုအမေရိကန်ဘက်က ဘယ်လောက်တောင် ပျက်စီးသွားလဲဆိုတာ ကြည့်ရတော့မယ်။ ဒီကိစ္စကို လွှတ်တော်မှာ တွေ့ရတော့မယ်" လို့ ၎င်းက ဆက်ပြောသည်။

ဝါရှင်တန်၏မိတ်ဖက် အနောက်ဥရောပသည် ၂၀၂၂ ခုနှစ် မတ်လတွင် ငြိမ်းချမ်းရေးဖန်တီးရန် အခွင့်အရေးကို လက်လွှတ်ဆုံးရှုံးခဲ့သည်ဟု ဂါးဟတ်ရှီဒါက ပြစ်တင်ဝေဖန်ခဲ့သည်။

ထိုအချိန်တွင် ဇီလန်စကီသည် ခရိုင်းမီးယားနှင့် ဒွန်ဘတ်စ်ဒေသရှိ ခွဲထွက်နယ်ပယ်ဒေသများအရေး ညှိနှိုင်းမှုလုပ်ရန် လမ်းဖွင့်ပေးခဲ့သည်။ ထိုအချိန်ကတည်းက ယူကရိန်းတပ်ဖွဲ့ဝင်ထောင်ပေါင်းများစွာအသက်ဆုံးရှုံးခဲ့ရပြီး အနောက်နိုင်ငံများ၏ စစ်ရေးဆိုင်ရာအထောက်အပံ့များက ပဋိပက္ခကို ရှည်ကြာစေခဲ့သည်။

လက်နက်များပို့ဆောင်နေခြင်းသည် ထာဝရ ငြိမ်းချမ်းရေးအတွက် အဖြေမဟုတ်ကြောင်း၊ သို့သော်လည်း မည်သူတစ်ဦးတစ်ယောက်မျှ ငြိမ်းချမ်းရေးမဆွေးနွေးချင်ကြောင်း ဂါးဟတ်ရှီဒါက ပြောခဲ့သည်။

**ပရက်စ်တီဗွီ**



ဂျာမန် ဝန်ကြီးချုပ်ဟောင်း ဂါးဟတ်ရှီဒါ

# ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာ၌ ရထားနှစ်စင်းတိုက်မိပြီး ၁၅ ဦးထက်မနည်း သေဆုံး

**ဒါကာ အောက်တိုဘာ ၂၃**

အောက်တိုဘာ ၂၃ ရက်က ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမှအရှေ့မြောက်ဘက် ကီလိုမီတာ ၁၁၇ ကီလိုမီတာအကွာ ကီရှိုရီဂန်ဒေသ၌ ရထားနှစ်စင်း တိုက်မိပြီးနောက် ၁၅ ဦးထက်မနည်း သေဆုံးခဲ့ကြောင်းပြည်နယ်ရဲမှူးကြီး မက်မိုစတက်ခ်ဆာကာက ဆင်ဟွာသို့ ပြောကြားခဲ့သည်။

ပင်လယ်ဆိပ်ကမ်းမြို့ဖြစ်သော ချက်တိုဂရမ်သို့ ဦးတည်ထွက်ခွာလာသော ကုန်တင်ရထားတစ်စင်းသည် ဒါကာသို့ ဦးတည်ထွက်ခွာလာသော အီဂါရိုဆင်ဒါအမြန်ရထားနှင့် အောက်တိုဘာ ၂၃ ရက် ဒေသစံတော်ချိန် မွန်းလွဲ ၃ နာရီခွဲတွင် တိုက်မိခဲ့သည်။

ရထားပျက်ပေါ်တွင် လူ ၁၅ ဦး၏ရုပ်အလောင်းကို တွေ့ရှိခဲ့ကြောင်း၊ အမြန်ရထား၏ ရထားတွဲအတော်များများ တိမ်းမှောက်ကုန်သောကြောင့် လူပေါင်း ၁၀၀ ကျော် ဒဏ်ရာရရှိခဲ့ကြောင်းနှင့် သေဆုံးသူဦးရေမှာ သိသိသာသာဆက်လက်မြင့်တက်မည့် အရေးကို စိုးရိမ်မကင်းဖြစ်နေကြောင်း ၎င်းက ဆက်လက်ပြောသည်။ ဒဏ်ရာရရှိခဲ့သော ခရီးသည်များကို နီးစပ်ရာ ဆေးရုံသို့ ပို့ဆောင်ခဲ့ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

စေတနာရှင် ကူညီပေးသူများနှင့် မီးသတ်သမားများအပါအဝင် ဒေသခံရာကျော်သည် ရထားပျက်များကြားပိတ်မိနေသူများကို ကယ်ဆယ်ရန် ကြိုးစားဆောင်ရွက်နေကြသည်။

**ဆင်ဟွာ**

# ဒုတိယဝန်ကြီး ဦးရဲတင့်နှင့်အဖွဲ့ အာဆီယံ-တရုတ် မီဒီယာဖိုရမ် တက်ရောက်



**နေပြည်တော် အောက်တိုဘာ ၂၃**

၂၀၂၃ အာဆီယံ-တရုတ် မီဒီယာဖိုရမ်ကို ယနေ့တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးကျွမ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နန်နင်းမြို့ Guangxi New Media Center ၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ကြသည်။

၂၀၂၃ အာဆီယံ-တရုတ်မီဒီယာဖိုရမ်ကို **"Jointly Improve Media for a Better Future Shared by All" "ပိုမိုကောင်းမွန်သော အနာဂတ်အတွက် မီဒီယာ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ပါ"** ဆောင်ပုဒ်ဖြင့် ကျင်းပခြင်းဖြစ်ပြီး ရေဒီယို၊ ရုပ်မြင်သံကြား၊ အွန်လိုင်းအသံနှင့် ရုပ်သံဆိုင်ရာ တီထွင်ဆန်းသစ်သော ဆောင်ရွက်မှုများနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်နိုင်ရန် ရည်ရွယ်သည်။

၂၀၂၃ အာဆီယံ-တရုတ် မီဒီယာဖိုရမ်သည် (၅) ကြိမ်မြောက် အာဆီယံ-တရုတ် မီဒီယာရက်သတ္တပတ် အစီအစဉ်ခြောက်ခုတွင် ပါဝင်သည့် အစီအစဉ်တစ်ခုဖြစ်ပြီး အာဆီယံ-တရုတ် မီဒီယာရက်သတ္တပတ်ကို အောက်တိုဘာ ၂၁ ရက်မှ ၂၅ ရက်အထိ သတ်မှတ်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

ရှေးဦးစွာ ဒုတိယဝန်ကြီး ဦးရဲတင့်၊ နန်နင်းမြို့ မြန်မာကောင်စစ်ဝန်ချုပ်ရုံးမှ ကောင်စစ်ဝန်ချုပ် ဦးကျော်စိုးသိန်းနှင့် အဖွဲ့သည် အာဆီယံ-တရုတ် မီဒီယာဖိုရမ် တက်ရောက်မည့် အဆင့်မြင့်အရာရှိကြီးများနှင့်အတူ အဆင့်မြင့်အရာရှိကြီးများ တွေ့ဆုံပွဲသို့ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် တရုတ်နိုင်ငံ အမျိုးသားအဆင့် ရေဒီယိုနှင့် ရုပ်မြင်သံကြား စီမံခန့်ခွဲမှုဆိုင်ရာ ဒုတိယဝန်ကြီး H.E. Yang Xiaowei နှင့် မလေးရှားနိုင်ငံ ဆက်သွယ်ရေးနှင့် ဒစ်ဂျစ်တယ်ဆိုင်ရာ ဝန်ကြီးဌာန၊ ရေဒီယိုနှင့် ရုပ်မြင်သံကြားဌာန ညွှန်ကြားရေးမှူးချုပ် Dato Suhaimi Sulaiman တို့က တရုတ်နိုင်ငံနှင့် အာဆီယံနိုင်ငံများမှ အစည်းအဝေးသို့ တက်ရောက်လာကြသူများနှင့် မိတ်ဆက်ပေးကြသည်။

ထို့နောက် ဒုတိယဝန်ကြီး H.E. Yang Xiaowei၊ ကွမ်ရှီးကျွမ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဒေသဆိုင်ရာကော်မတီနှင့် ပြည်သူ့ရေးရာဌာန တာဝန်ခံအရာရှိ H.E. Chen Yijun၊ ကွမ်ရှီးကျွမ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပြည်သူ့အစိုးရအဖွဲ့ ဒုတိယဥက္ကဋ္ဌ H.E. Miao Qingwang၊ ညွှန်ကြားရေးမှူးချုပ် Dato Suhaimi Sulaiman တို့က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားကြသည်။

**တရုတ်နိုင်ငံနှင့် မီဒီယာကဏ္ဍအပါအဝင် ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှု မြှင့်တင်မည်**

ဒုတိယဝန်ကြီး ဦးရဲတင့်က အာဆီယံ-တရုတ် မီဒီယာဖိုရမ်သို့ တက်ရောက်ရသည့်အတွက် များစွာဂုဏ်ယူဝမ်းမြောက်ပါကြောင်း၊ ဆက်လက်၍ အာဆီယံနိုင်ငံများအပါအဝင် တရုတ်နိုင်ငံတို့နှင့် မီဒီယာကဏ္ဍအပါအဝင် ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှု မြှင့်တင်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ၂၀၂၃ အာဆီယံ-တရုတ်မီဒီယာဖိုရမ် တက်ရောက်မည့် အဆင့်မြင့်အရာရှိကြီးများနှင့်အတူ Guangxi New Media Center အတွင်း ခင်းကျင်းပြသထားသည့် ရေဒီယို၊ ရုပ်မြင်သံကြားနှင့် အင်တာနက်ရုပ်သံပိုင်းဆိုင်ရာပြပွဲကို ကြည့်ရှုလေ့လာကြသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဦးရဲတင့်၊ နန်နင်းမြို့ မြန်မာကောင်စစ်ဝန်ချုပ်ရုံးမှ ကောင်စစ်ဝန်ချုပ် ဦးကျော်စိုးသိန်းနှင့် အဖွဲ့သည် နန်နင်းမြို့ Guangxi New Media Center ၌ ကျင်းပပြုလုပ်သည့် ၂၀၂၃ အာဆီယံ-တရုတ်မီဒီယာဖိုရမ်သို့ တက်ရောက်ကြသည်။

အခမ်းအနားတွင် တရုတ်နိုင်ငံ အမျိုးသားအဆင့် ရေဒီယိုနှင့် ရုပ်မြင်သံကြား စီမံခန့်ခွဲမှုဆိုင်ရာ ဒုတိယဝန်ကြီး H.E. Yang Xiaowei၊ မလေးရှားနိုင်ငံ ဆက်သွယ်ရေးနှင့် ဒစ်ဂျစ်တယ်ဆိုင်ရာ ဝန်ကြီးဌာန၊ ရေဒီယိုနှင့် ရုပ်မြင်သံကြားဌာန ညွှန်ကြားရေးမှူးချုပ် Dato Suhaimi Sulaiman၊ ကမ္ဘောဒီးယား ပြန်ကြားရေးဝန်ကြီးဌာန လက်ထောက်အတွင်းဝန် H.E. Pang Nath၊ လာအိုနိုင်ငံ ပြန်ကြားရေး၊ ယဉ်ကျေးမှုနှင့် ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Vansy Khuamuao နှင့် တရုတ်ကွန်မြူနစ်ပါတီ အမြဲတမ်းကော်မတီဝင်၊ ကွမ်ရှီးကျွမ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဒေသဆိုင်ရာကော်မတီနှင့် ပြည်သူ့ရေးရာဌာန တာဝန်ခံအရာရှိ H.E. Chen Yijun တို့က အဖွင့်အမှာစကား ပြောကြားကြသည်။

ယင်းဖိုရမ်တွင် ဒုတိယဝန်ကြီး ဦးရဲတင့်က ယခုနှစ်သည် အာဆီယံ-တရုတ်နိုင်ငံတို့၏ Belt and Road Initiatives (၁၀)နှစ်မြောက် နှစ်ဖြစ်သကဲ့သို့ အာဆီယံ-တရုတ် ဆွေးနွေးဖက် ဆက်ဆံထူထောင်ခြင်း (၃၂ နှစ်) ပြည့်မြောက်ပြီ ဖြစ်၍ ထူးခြားလေးနက်သည့် ကာလဖြစ်ပါကြောင်း၊ တရုတ်နိုင်ငံအနေဖြင့် အာဆီယံ-တရုတ် သတင်းမီဒီယာ ရက်သတ္တပတ် (ASEAN – China Media Week) ကို (၅) ကြိမ်တိုင် တာဝန်ယူ ကျင်းပပေးခဲ့ပြီးဖြစ်၍ သတင်းမီဒီယာကဏ္ဍ၏ အရေးပါမှုကို အလေးထား မြှင့်တင်လိုသော တရုတ်နိုင်ငံ၏ စိတ်စေတနာကို သိရှိလေးစားပါကြောင်း၊ ယခုနှစ် ဖိုရမ်၏ ဆောင်ပုဒ်ဖြစ်သည့် Jointly Improve Media for a Better Future Shared by All ဆိုသည့်အတိုင်း တရုတ်နိုင်ငံနှင့် မိမိတို့ အာဆီယံနိုင်ငံ မီဒီယာအဖွဲ့အစည်းများအကြား ယုံကြည်မှုပိုမိုတည်ဆောက်ခြင်း၊ သတင်းမီဒီယာကဏ္ဍကို နည်းပညာသစ်၊ နည်းလမ်းသစ်များ၊ တီထွင်ဆန်းသစ်မှုအသစ်များဖြင့် အပြန်အလှန် အကျိုးပြုနိုင်ရေးနှင့် ပြည်သူကို ဗဟိုပြုပြီး ပြည်သူများအတွက် အထောက်အကူပြုမည့် သတင်းမီဒီယာဆိုင်ရာ မူဝါဒသဘောထားအမြင်များဖြင့် ဆွေးနွေးကြပြီး ထိထိရောက်ရောက် ဆောင်ရွက်သွားနိုင်ကြမည်ဟု မျှော်လင့်ပါကြောင်း ပြောကြားသည်။

**မိတ်ဖက်နိုင်ငံကောင်း တစ်ခုအဖြစ် တက်တက်ကြွကြွရပ်တည်**

ဆက်လက်၍ မဟုတ်မမှန်လုပ်ကြံသတင်းများ၊ သတင်းမှားများ လျှော့နည်းစေရေးနှင့် သတင်းမှန်များဖြင့် ပြန်လည်တုံ့ပြန်ဆောင်ရွက်နိုင်ရေး ပူးပေါင်းဆောင်ရွက်ကြရန် များစွာလိုအပ်နေသည့် အချိန်ဖြစ်သည်ကို သတိထားကြရန်လိုကြောင်း၊ သတင်းမှားများ တိုက်ဖျက်ရေးအတွက် အစီအစဉ်များ၊ အစီအမံများကို ယခုကဲ့သို့ ပူးပေါင်းဆောင်ရွက်လာနိုင်သည်နှင့်အမျှ ပိုမိုကောင်းမွန်ထိရောက်သော ရလဒ်ကောင်းများ ရရှိနိုင်မည်ဟု ယုံကြည်ကြောင်း၊ မိမိတို့၏ Main Stream Media များကို မိမိတို့နိုင်ငံများနှင့် အာဆီယံပြည်သူများက ပိုမိုသက်ဝင်ယုံကြည်အားကိုးလာအောင်၊ ကောင်းမွန်သည်ထက် ကောင်းမွန်အောင်၊ ပြည့်စုံသည်ထက် ပြည့်စုံအောင် အားလုံးက ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်သွားရန်လိုမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် အာဆီယံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့၏ သတင်းမီဒီယာကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုများတွင် ထက်သန်သောဆန္ဒများ၊ မိတ်ဖက်နိုင်ငံကောင်းတစ်ခုအဖြစ် တက်တက်ကြွကြွ ရပ်တည်၍ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံအပါအဝင် မိမိတို့ အာဆီယံဒေသနိုင်ငံများနှင့် ပြည်သူများ၏ ပိုမိုကောင်းမွန်သော အနာဂတ်အတွက် မျှဝေခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်းတို့ဖြင့် မီဒီယာကဏ္ဍကို မြှင့်တင်ကြပါစို့ဟု တိုက်တွန်းပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် တရုတ်နိုင်ငံအတွင်းရှိ မီဒီယာများ၊ အာဆီယံနိုင်ငံများမှ မီဒီယာဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ သဘောတူစာချုပ်များ လက်မှတ်ရေးထိုးခြင်း အစီအစဉ်သို့ တက်ရောက်သည်။

အခမ်းအနားသို့ တရုတ်နိုင်ငံ အမျိုးသားအဆင့် ရေဒီယိုနှင့် ရုပ်မြင်သံကြား စီမံခန့်ခွဲမှု ဆိုင်ရာ ဒုတိယဝန်ကြီး H.E. Yang Xiaowei၊ တရုတ်ကွန်မြူနစ်ပါတီ အမြဲတမ်းကော်မတီဝင်၊ ကွမ်ရှီးကျွမ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဒေသဆိုင်ရာ ကော်မတီနှင့် ပြည်သူ့ရေးရာဌာန တာဝန်ခံအရာရှိ H.E. Chen Yijun နှင့် ပြန်ကြားရေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများဖြစ်သည့် မလေးရှား၊ ကမ္ဘောဒီးယားနှင့် လာအိုနိုင်ငံတို့မှ ပြန်ကြားရေးဆိုင်ရာ ဒုတိယဝန်ကြီးနှင့် အဆင့်မြင့်အရာရှိကြီးများ၊ ကောင်စစ်ဝန်ချုပ်များ၊ အာဆီယံနိုင်ငံများ၏ မီဒီယာဆိုင်ရာအဖွဲ့အစည်းများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားအပြီးတွင် ဒုတိယဝန်ကြီး ဦးရဲတင့်နှင့်အဖွဲ့သည် အာဆီယံ-တရုတ် မီဒီယာဖိုရမ် တက်ရောက်ကြသည့် အဆင့်မြင့် အရာရှိကြီးများနှင့်အတူ နန်နင်းမြို့ရှိ ကွမ်ရှီး မနုဿဗေဒဆိုင်ရာ ပြတိုက်သို့ သွားရောက်လေ့လာကြသည်။

**သတင်းစဉ်**

**❑ မဟုတ်မမှန် လုပ်ကြံသတင်းများ၊ သတင်းမှားများ လျှော့နည်းစေရေးနှင့် သတင်းမှန်များဖြင့် ပြန်လည်တုံ့ပြန်ဆောင်ရွက်နိုင်ရေး ပူးပေါင်းဆောင်ရွက်ကြရန် များစွာလိုအပ်နေသည့် အချိန်ဖြစ်သည်ကို သတိထားကြရန်လိုကြောင်း၊ သတင်းမှားများ တိုက်ဖျက်ရေးအတွက် ပူးပေါင်းဆောင်ရွက်လာနိုင်သည်နှင့်အမျှ ပိုမိုကောင်းမွန်ထိရောက်သော ရလဒ်ကောင်းများ ရရှိနိုင်မည်ဟု ယုံကြည်**

# ရခိုင်ပြည်နယ် ဟိုတယ်ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တွေ့ဆုံဆွေးနွေး

**သံတွဲ အောက်တိုဘာ ၂၃**

ရခိုင်ပြည်နယ် စီးပွားရေးရာဝန်ကြီး ဦးစံရွှေမောင်သည် ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ယမန်နေ့က သံတွဲမြို့နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးသည်။

ဆွေးနွေးပွဲတွင် ပြည်နယ်စီးပွားရေးရာဝန်ကြီးက ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သံတွဲမြို့နယ်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ သစ်တောဦးစီးဌာန၊ ဟိုတယ်နှင့် ခရီးသွားလာရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများနှင့်တွေ့ဆုံကာ ဒေသတွင်း ခရီးသွားဧည့်သည်များ လာရောက်လည်ပတ်လေ့ရှိသည့် နေရာများဖြစ်သော ပေါင်ဝန်မြပတ္တမား ဥယျာဉ်၊ စာနီတောင်ဆင်စခန်း အစရှိသည့်နေရာများတွင် ယခင်ထက်ပိုမိုလာရောက် အနားယူ အပန်းဖြေသူများပြားလာစေရန် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆွေးနွေးဆောင်ရွက်သည်။

ဒေသခံခရီးသွားဧည့်သည်များ၊ နိုင်ငံသား ခရီးသည်များစွာ လာရောက်လည်ပတ်ရာတွင် အဆင်ပြေချောမွေ့စေရေးအတွက် လိုအပ်ချက်များကို အစိုးရနှင့်ပုဂ္ဂလိကကဏ္ဍ ပူးပေါင်းညှိနှိုင်းစီစဉ်ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ယခုလိုလည်ပတ်သည့်နေရာများအား လူအများသိအောင် မီဒီယာများတွင် ကျယ်ကျယ်ပြန့်ပြန့် ရိုက်ကူးထုတ်လွှင့်ရန်လိုအပ်ကြောင်း၊ ဝင်ငွေများတိုးပွားလာစေရေး ပူးပေါင်းဆောင်ရွက်ရန် မှာကြားခဲ့ကြောင်းသိရသည်။

**ခရိုင် (ပြန်/ဆက်)**



# ကျူရှင်နှင့် သင့်ကလေး၏ ကိုယ်စွမ်းကိုယ်စ နိမ့်ကျမှု ကင်းဝေးရလေအောင်

ဒေါက်တာမောင်သင်း

**"ကျူရှင်ဟာ အာရှမှာ မိဘနဲ့ ကလေးတွေကြား အတော်ခေတ်စားနေတဲ့ လုပ်ငန်းဖြစ်နေပါတယ်။ ဒါပေမယ့်ကလေးတွေရဲ့ပညာရေးကိုထက်မြက်အောင် စီစဉ်ရာမှာ မိဘတွေကသာ အခရာပါ။ ကျူရှင်က အဓိကမဟုတ်ပါ။ ဒါကို အမှတ်မမှားကြဖို့လိုပါတယ်။ ကလေးတွေအပေါ် မလွှမ်းမိုးပါစေနဲ့၊ ကျူရှင်ကို အထိရောက်ဆုံးအသုံးချဖို့က မိဘတွေရဲ့တာဝန်ပါ။"**

**မိဘများရဲ့ ကျူရှင်ကို အသုံးချနေမှုအား လေ့လာသုံးသပ်ရေးအဖွဲ့(စင်ကာပူ)**



မျိုးဆက်သစ်ကလေးများ၏ မွေးရာပါစွမ်းရည်များကို ပိုမိုထက်လာ၊ မြက်လာအောင် စုစုဝေးဝေး လေ့ကျင့်ပေးသည့်နေရာသည် ကျောင်းဖြစ်ပါသည်။ မွေးရာပါ အရည်အသွေးများ နိမ့်ကျအောင်၊ ကျဆင်းသွားအောင် လေ့ကျင့်ပေးသည့်နေရာ လုံးဝမဟုတ်ပါ။ "ကျောင်း"၏ သဘောကိုက မိမိကိုယ်ကို ဘဝတစ်လျှောက် "ထိန်းကျောင်း" တတ်ရန် လေ့ကျင့်ပေးသည့်နေရာပါ။ သူများကို မှီခိုရန်၊ အားကိုးရန် သင်ပေး၊ လေ့ကျင့်ပေးခြင်း မဟုတ်ပါ။ သူ့ဘဝတစ်လျှောက်လုံး ကိုယ့်ခြေထောက်ပေါ် ရပ်နိုင်သူများဖြစ်အောင်၊ တစ်နည်းအားဖြင့် သူများကို မှီခိုမှုကင်းအောင် လေ့ကျင့်ပေးခြင်းဖြစ်ပါသည်။

မိဘများကို မေးပါရစေ။ ကိုယ့်သားသမီးကို ကျောင်းထားခြင်းသည် ကလေးများ၏ ကိုယ်စွမ်းကိုယ်စ မြင့်မားစေရန်လား၊ နိမ့်ကျစေရန်လား ဆိုသည်ကိုပါ။ ပြီးလျှင် မိဘများ ကိုယ့်သားသမီးကို **"ခေါင်းဆောင်ဖြစ်စေချင်လား"**၊ **"သူများအခိုင်းခံဖြစ်စေချင်လား"**ဟု ဆက်မေးလျှင် မိဘအားလုံးက ကိုယ့်သားသမီးကို ခေါင်းဆောင်အဖြစ်သာ မျှော်မှန်းကြပါသည်။ အခိုင်းခံဘဝကို မရောက်စေချင်ပါ။ မိဘအားလုံး၏ အမြင့်မားဆုံးစေတနာနှင့် ဆန္ဒပါ။ သို့သော် **"ပညာမပါသည့်သဒ္ဓါသည် မိစ္ဆာဒိဋ္ဌိ"** ဆိုသည်ကို မြန်မာမှုဝန်းကျင်တွင် အားလုံးသိကြပါသည်။ အသိမှန်မှ အလုပ်မှန်ပေမည်။ သို့ဖြစ်၍ မိဘများအနေဖြင့် ပညာရေးနှင့်ဆိုင်သည့် အသိပညာဖြည့်ပြီး ဆောင်ရွက်နိုင်ပါမှ ကလေးများအပေါ် ထားသည့် မိဘများ၏စေတနာနှင့် ဆန္ဒ အောင်မြင်မည်ဖြစ်ပါသည်။

အဓိကအနေဖြင့် ကျောင်းဆိုသည့်အရပ်သည် စာမေးပွဲရမှတ်ပြိုင်သောနေရာ မဟုတ်ဘူးဆိုသည်ကို အရင်ဆုံးမြင်တတ်၊ ခံယူတတ်ရပါမည်။ သို့ဖြစ်၍ မိဘများအနေဖြင့် **"စာမေးပွဲရမှတ်များသည်ကို သင့်ကလေးရဲ့ အမြင့်မားဆုံးအောင်မြင်မှု"** သို့မဟုတ် **"စာတော်သည်နှင့် လူတော်မဖြစ်သေးဘူးဆိုသည်ကို ခွဲခြားခံယူထားရန်ပါ။"** ကလေးတိုင်းသည် အရွယ်တိုင်းတွင် သူ့အရွယ်နှင့်ညီမျှသည့် လူ့တန်ဖိုးများ ဖြည့်ပေးရမည်မှာ ပညာရေး၏အဓိကလုပ်ငန်းပါ။ သူများအခိုင်းခံဘဝ မရောက်စေချင်သော မိမိ၏ သားသမီးကို ကျောင်းစာ အဆမတန်သင်ခိုင်းပြီး မိဘ၏ အတင်းအဓမ္မအခိုင်းခံဘဝဆီ မရောက်ရလေအောင် အရင်ဆုံးသတိပြုသင့်ပါသည်။

ထို့အပြင် **"စာရသူ"**၊ **"စာမေးပွဲရမှတ်များသူ"**တို့သည် **"ဉာဏဗလပြည့်စုံသူ"** ဟုလည်း ထင်မှတ်မမှားကြရန် လိုပေလိမ့်မည်။ မြန်မာတို့၏ ဉာဏဗလ (ဉာဏ်ရည်) ဂုဏ်အင်္ဂါတွင်–

(က) နှုတ်မှုကျွမ်းကျင်ခြင်းနှင့် ဘာသာစကားကျွမ်းကျင်မှုဉာဏ်ရည်၊
(ခ) ကြောင်းကျိုးဆက်စပ်နိုင်မှုနှင့် သင်္ချာဆိုင်ရာ ဉာဏ်ရည်၊
(ဂ) အမြင်၊ ခံစားမှုနှင့် ပုံဖော်နိုင်မှုဉာဏ်ရည်၊
(ဃ) ဂီတနှင့်အနုပညာဉာဏ်ရည်၊
(င) လူမှုဆက်ဆံရေးဉာဏ်ရည်၊
(စ) မိမိကိုယ်ကို ရှုမြင်သုံးသပ်နိုင်စွမ်းဉာဏ်ရည်၊
(ဆ) ကိုယ်ခန္ဓာ လှုပ်ရှားထိတွေ့မှုဆိုင်ရာ ဉာဏ်ရည်တို့ပါဝင်သည်ဟု ပညာရေးပညာရှင်များက ဖွင့်ဆိုကြပါသည်။ စာမေးပွဲရမှတ်ကို ဦးစားပေးပြီး မိမိကလေးကို စာလောက်သာ ဖောင်းပေး လေ့ကျင့်ပေးခဲ့မှုများခဲ့လျှင် အထက်ပါကလေးငယ်တစ်ဦး မဖြစ်မနေပိုင်ဆိုင်ရမည့် **"ဉာဏ်ရည်မြင့်မားမှု"**၊ တစ်နည်းအားဖြင့် **"လူ့တန်ဖိုးမြင့်မားမှု"** ကို ထိခိုက်နိုင်သည်ကို အထူးသတိပြုအပ်ပါသည်။

မြန်မာ့ပညာရေးကို စိတ်ဝင်စားသူများ မေးလေ့ရှိသည့်မေးခွန်းက **"ကျွန်တော်တို့ ကလေးတွေဟာ မနက်အိပ်ရာထရင် ကျူရှင်တက်၊ ပြီးတော့ ကျောင်းသွား၊ ကျောင်းဆင်းရင် ကျူရှင်ပြန်တက်၊ မိဘတွေကလည်း ကျူရှင်အတွက် လုံးပန်းရနဲ့ ကလေးရော မိဘတွေပါ အတော်ပင်ပန်းကြပါတယ်။ ပညာရေးမှာ ကျူရှင်က အတော်လွှမ်းမိုးနေပါတယ်။ အဲဒီလိုလွှမ်းမိုးတာ ဘာကြောင့်ပါလဲ၊ ပြီးတော့ လွှမ်းမိုးမှုနှုန်း အခုလိုပဲ ဆက်များနေခဲ့ရင် မြန်မာ့ပညာရေးအနာဂတ် ဘယ်လိုဖြစ်သွားမှာလဲ"** ဆိုသည်တို့ပါ။

လေ့လာမိသလောက် ဖြေကြားရလျှင် ကျူရှင်သည် ပညာရေးရှိသမျှ ရှိနေပါလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် ကလေးငယ်တိုင်း ဘာသာရပ်အားလုံးကို လိုက်နိုင်ရန်၊ နားလည်ရန် ခဲယဉ်းပါသည်။ တစ်ဦးချင်း၏ ဉာဏ်ရည်အနိမ့်၊ အမြင့်နှင့် စိတ်ဝင်စားမှုအပေါ်မူတည်၍ အားနည်းသော ဘာသာရပ်ရှိနိုင်ပါသည်။ သို့အတွက် ကျောင်းက သင်ပေးခြင်းသည် တချို့ကလေးများအတွက် မလုံလောက်နိုင်ပါ။ ထပ်ဆောင်းသင်ရန် လိုအပ်ပါသည်။ သို့သော် ကလေးများအားလုံးနှင့် မသက်ဆိုင်ပါ။

ဆိုလိုသည်မှာ ဘာသာရပ်အားနည်းသော ကလေးများသာ ထပ်ဆောင်းသင်ရန် လိုပါလိမ့်မည်။ ထို့အပြင် ကျူရှင်က ကလေးများ၏ ပညာရေးအပေါ် လွှမ်းမိုးလာရသောအဖြစ်မျိုးလည်း မဖြစ်သင့်ပါ။ ထိုသို့ ယနေ့ဖြစ်လာရခြင်း၏ တကယ့်အကြောင်းရင်းသည် မိဘများ၏ **"ပညာရေးဗဟုသုတအားနည်းမှု"**၊ တစ်နည်းအားဖြင့် **"စာရမှတ်လောက်ကိုသာ ဦးထိပ်ထားမှု"** ကြောင့်ဟု မြင်မိပါသည်။

ဗိုလ်ချုပ်အောင်ဆန်းက သူ၏ **"ကျောင်းသားဝတ္တရား"** ဟူသည့်ဆောင်းပါးတွင် **"ကျောင်းသားဝတ္တရားမှာ အတန်းစာလောက်သာ ကျက်ပြီး စာမေးပွဲအောင်ရုံမျှသာဟု ယူဆလျှင် ထိုအယူအဆသည် အောက်တန်းကျပြီး နက်နဲမှုမရှိသည့် ပညာရေးအယူအဆဖြစ်သည်"**ဟု ဖော်ပြထားသည်။ မိဘများအနေဖြင့် မိမိ၏ကလေးများကို **"နက်နဲမှုမရှိသည့် ပညာရေးအယူအဆ"** အား အကောင်အထည်ဖော်ခိုင်းနေခြင်းဟု မြင်မိပါသည်။ အထူးသဖြင့် ကျောင်းစာချည်းသက်သက် တော်သူ၊ စာမေးပွဲရမှတ်သာ များပြီး အားကစား၊ လူမှုဆက်ဆံရေး၊ ပရဟိတလုပ်ငန်း၊ စာဖတ်ခြင်းနှင့် ပတ်ဝန်းကျင်လေ့လာမှုကင်းသူသည် လူတော်တစ်ယောက် မဟုတ်ဆိုသည်ကို သိသင့်ပါသည်။

လူတော်ထက် အဆင့်နိမ့်ပါသည်။ စာမေးပွဲတွင် အမှတ်ရရန်အတွက် ဖောင်းပေးပြီး ဘဝတစ်လျှောက် ထွန်းတောက်ရမည့် လူ့တန်ဖိုးအစစ်အမှန်များနှင့် လဲလှယ်ခဲ့ကြ၍ပါ။ မိဘများအနေဖြင့် မိမိတို့ကလေးကို ကျူရှင်ထားတော့မည်ဆိုလျှင် **"တန်ဆေး၊ လွန်ဘေး"** မဖြစ်ရလေအောင် ပညာရေးပညာရှင်များ၏ ကျူရှင်နှင့်ပတ်သက်ပြီး သတိထားရမည့် အောက်ပါအချက်များကို လိုက်နာကျင့်သုံးသတိပြု၍ ကျူရှင်ထားစေချင်ပါသည်။

ကျူရှင်ကို အထူးပြုလေ့လာသူ ပညာရှင်များ၏ တွေ့ရှိချက်များကို သာမန်ပညာရေးသမားများ ပင်လျှင် မမြင်နိုင်ပါ။ သုတေသနရလဒ်ကို အခြေခံထားပါသည်။ ကလေးများ၏ လက်ရှိနှင့် နောင်အနည်းဆုံး နှစ် (၂၀) တွင်မှ ပေါ်ထွန်းလာမည့် အောင်မြင်မှုအတွက် သုံးသပ်ထား၍ မြန်မာမိဘများ ပေ့ါပေ့ါတန်တန်မထားအပ်ပါ။ အထူးဂရုစိုက်စေချင်ပါသည်။

**(က) ကျူရှင်သည် ကလေးများ၏ လိုအပ်ချက်ကို ဖြည့်ဆည်းသည့်အရာပါ**

ကျူရှင်သည် အာရှတွင် အဓိကကျသည့် လုပ်ငန်းဖြစ်နေပါသည်။ ကျွန်တော်တို့ဆီတွင် ကျူရှင်သည် မိဘနှင့် ကလေးများကြား **"မပါမပြီး လုပ်ငန်းအသွင်"** နေရာယူနေပါသည်။ သို့သော် ကျွန်တော်တို့ကလေးများ၏ပညာရေးကို ထက်မြက်အောင် ဆောင်ရွက်သည့်နေရာတွင်တော့ မိဘက အဓိကပါ။ ကျူရှင်ဆရာများသည် အဓိကမဟုတ်ပါ။ ယင်းကို အမှတ်မမှားရန်နှင့် ပြတ်သားစွာမြင်တတ်ရန်လိုပါသည်။ ကျူရှင်ကို အထိရောက်ဆုံးအသုံးချရန်မှာ မိဘများ၏တာဝန်ပါ။ ကျူရှင်က သင့်ကလေး၏ ပညာသင်ကြားရေးအပေါ် မလွှမ်းမိုးမိပါစေနှင့်။

ပိုဆိုးသည်က ကျူရှင်တက်မှ ပိုအောင်မြင်မည်ဆိုသည့် ပတ်ဝန်းကျင်က မိသားစုအပေါ်လွှမ်းမိုးသော **"အများမိုးခါးရေသောက် အမြင်မျိုး"** မိဘရော ကလေးများဆီတွင်ပါ မရောက်စေရန်၊ အမြစ်မတွယ်စေရန်ပါ။ ကျူရှင်အပေါ် ကိုယ့်သားသမီးကို ပုံအပ်မထားမိပါစေနှင့်။ **"ကျူရှင်ဆိုတာ သင့်ကလေးရဲ့ လိုအပ်ချက်ကို ဖြည့်ဆည်းတဲ့အရာပါ"**။ လိုအပ်သလောက်သာ ဖြည့်ဆည်းပေးရမယ့်အရာကို **"အားထားရမယ့်အရာ"**လို့ မိဘများရော သားသမီးများပါ **"ပညာရေးအမြင်ဖြင့် ကြည့်တတ်သည့်သတိ"** ကင်းလွတ်စွာ မခံယူမိစေရန်အတွက် စင်ကာပူက ကျူရှင်လေ့လာရေးအဖွဲ့၏ လေ့လာတွေ့ရှိချက်ကို ဆောင်းပါးအစတွင် ဖော်ညွှန်းခဲ့ခြင်းဖြစ်ပါသည်။

**(ခ) ကလေးအားနည်းသောဘာသာရပ်လောက်ကိုသာ ကျူရှင်ယူစေပါ**

ကလေးတိုင်း ဘာသာရပ်အားလုံး အားနည်းခြင်းမျိုးမရှိနိုင်ပါ။ သင့်ကလေး အားနည်းသောဘာသာရပ်ကို အရင်လေ့လာပါ။ ပြီးလျှင်အဆိုပါဘာသာရပ်လောက်ကိုသာ ကျူရှင်ယူစေပါ။ ကျွန်တော် ဂျာမနီကို ဘွဲ့လွန်သုတေသနခရီးသွားခဲ့စဉ်က ကျွန်တော့်သူငယ်ချင်း၏သားနှင့် သမီးသည် မြန်မာပြည်က (၆) တန်းနှင့် (၇)တန်း တက်ခဲ့သူများပါ။ ဟိုရောက်ပြီး ကျောင်းဆက်တက်သည့်အခါ ဂျာမန်စကား မတတ်သေးတာရယ်၊ ဂျာမနီမှာသင်သည့် ဘာသာရပ်များနှင့် သူတို့မြန်မာပြည်မှ သင်သွားသည်များ မတူသည့်အတွက် မလိုက်နိုင်၍ ကျူရှင်ယူရပါသည်။ ကျူရှင်ဆရာက တစ်ပတ်တွင် နေ့တစ်နေ့၏ အချိန်တစ်ချိန်ပေးထားပါသည်။ တစ်ပတ်အတွင်းသင်သည့်စာ နားမလည်လျှင် အဲဒီနေ့၊ အဲဒီအချိန်တွင် လာမေးရန်ပါ။ နားလည်လျှင် သွားစရာမလိုပါ။ မြန်မာပြည်ကဲ့သို့ နေ့တိုင်းတက်နေစရာမလိုပါ။ ကိုယ့်ကလေး အားနည်းသော ဘာသာရပ်ကိုသာ ဖြည့်သင်ပေးရုံ ကျူရှင်ကို ထားသင့်ပါသည်။ သို့မှသာ ကလေး၏ နားချိန်၊ ပျော်ရွှင်ချိန်နှင့် ကျူရှင်သည် အဖြည့်ခံဆိုသည်ကို ပီပြင်မှာပါ။

**(ဂ) ကလေးကို စာဒဏ်ပေးသလို မဖြစ်စေရပါ**

ကလေးများကို ကျောင်းထားသည်ဆိုခြင်းမှာ ဒဏ်ပေး၊ အပြစ်ပေးရန် မဟုတ်ပါ။ ပျော်ရွှင်မှုပေးရန် ဉာဏ်ထက်မြက်စေရန်နှင့် အများနှင့်အတူ နေတတ်ရန်အတွက် အားပေး၊ ခွန်အားဖြည့်ပေး၊ မြှင့်တင်ပေး၊ တည့်မတ်ပေး၊ ပြုပြင်ပေးသည့်လုပ်ငန်းပါ။ ကျောင်းတွင် စာများသင်ပြီး အိမ်စာများများပေး၊ များများလေ့ကျင့်မှ အောင်မြင်မည်ဟုလည်း မယူဆသင့်ပါ။ ကလေး၏အရွယ်ကို ထည့်သွင်းစဉ်းစားသင့်ပါသည်။ ကျွန်တော်တို့ဆီက မိဘများအနေဖြင့် ကိုယ့်သားသမီးသင်သည့် ဘာသာရပ်များကို အားနည်းနည်း၊ မနည်းနည်း ဘာသာစုံကျူရှင်ထားနေကြပါသည်။ လုံးဝမထားသင့်ပါ။ မလိုဘဲထားမိလျှင် ကလေးစာဒဏ်ပိနိုင်၍ဖြစ်ပါသည်။

အထူးသဖြင့် **"မူလတန်းနှင့် အလယ်တန်းအရွယ်များသည် လူသားတစ်ဦး၏ ဦးနှောက်အဖွံ့ဖြိုးဆုံးအရွယ်များပါ။"** ကလေးတစ်ယောက်သည် နာရီဝက်ထက်ပိုပြီး အာရုံမစူးစိုက်နိုင်ပါ။ နာရီဝက်စာသင်ပြီးတိုင်း အနားပေးသင့်ပါသည်။ ထိုထက် ပိုခိုင်းမိလျှင် ဦးနှောက်ဖွံ့ဖြိုးမှုကို ထိခိုက်နိုင်သည်ဟု ပညာရေးစိတ်ပညာရှင်များက လေ့လာတွေ့ရှိထားပါသည်။

စာဒဏ်ပိလျှင် ကလေး၏ ဦးနှောက်ဖွံ့ဖြိုးမှုကို ထိခိုက်ပြီး ဘဝ၏ ဆက်လက်အောင်မြင်မှုပန်းတိုင်နှင့် အလှမ်းဝေးနိုင်သည်ဟု ကျူရှင်အကြောင်းလေ့လာသူများက သုံးသပ်ထားပါသည်။ ထို့ပြင် သင်ခန်းစာထက်ကျော်ပြီး စာအရှိန်မြှင့်သင်လေ့ရှိသည့် ကျူရှင်ကျောင်းကို မဖြစ်မနေရှောင်ကြရန်လည်း အကြံပြုထားပါသေးသည်။ ကျွန်တော်တို့ဆီတွင် ထိုကဲ့သို့သောကျောင်းမှ ကောင်းသည်ဟု မိဘများက ခံယူနေကြပါသည်။ ထိုခံယူချက်မမှန်ပါ။ ကိုယ့်ကလေးများကို စာထောင်ချောက်ထဲ တွန်းမပို့သင့်ပါ။ သင်ယူမှုကို ငြီးငွေ့ပြီး ဘဝတွင် ဆက်လက်ပညာဖြည့်ဆည်းမှုများ ရပ်သွားနိုင်ပါသည်ဟု ပညာရှင်များက တွေ့ရှိထား၍ပါ။ ပညာလေ့လာဆည်းပူးမှုကို စဉ်ဆက်မပြတ်ဖြည့်ဆည်းမှု (3L = Life–Long– Learning) ရှိနေမှ တိုးတက်အောင်မြင်နိုင်မည့် ယနေ့ပညာခေတ်တွင် ကလေးများ ပညာဆက်လက်ဖြည့်ဆည်းချင်သည့်စိတ် ကုန်ခန်းသွားခြင်းသည် အပင်ပေါက်ကို အညွန့်ဖြတ်လိုက်ကဲ့သို့ပါပင်။ မိဘများ၏ ဆန္ဒလွန်ကဲမှုကြောင့် မိမိသားသမီးများ ကိုယ်စိတ်နှစ်ပါးစလုံးကို စာဒဏ်ပိစေပြီး ဘဝတစ်ခုလုံး ဉာဏ်တုံးသွားနိုင်သည်ကို သတိပြု၍ ကျူရှင်ထားသင့်ကြောင်း ပညာရှင်များက အကြံပြုထားပါသည်။

**(ဃ) စိတ်ရောကိုယ်ပါ ကျန်းမာရေးထိခိုက်သူမဖြစ်စေရပါ**

ပညာရေး ပညာရှင်များ၏ လေ့လာချက်အရ အိမ်၊ ကျောင်းနှင့် ကျူရှင်၌သာ အချိန်ကုန်သည့် ကလေးများသည် စာသင်ခန်းတွင်ရော အိမ်တွင်ပါ တုံ့ပြန်မှုနှေးကွေးပြီး

*စာမျက်နှာ ၁၇ သို့*

*စာမျက်နှာ ၁၆ မှ*

ကပေါက်တိ ကပေါက်ချာ အဖြေများပေးတတ်သည်ကို တွေ့ရပါသည်။ ထိုကလေးများသည် စိတ်ပင်ပန်းနွမ်းနယ်နေကြသူများသာ ဖြစ်ပါသည်။ သူတို့အတွက် အလိုအပ်ဆုံးအရာမှာ ဦးနှောက်နားချိန်များများရရန်နှင့် ဦးနှောက်ရှင်ဖို့ ကစားချိန် ထိထိရောက်ရောက်ပေးရန်ပါ။ ကစားခြင်းသည် သွေး၊ လေလည်ပတ်မှု မှန်ကန်စေကာ ဦးနှောက်သို့ အောက်ဆီဂျင်ပြည့်ပြည့်ဝဝရစေသဖြင့် ဉာဏ်ရှင်စေပြီး စူးစမ်းလိုစိတ်ကို ပိုမိုထက်မြက်စေ၍ပါ။

အများနှင့် ကစားသည့်အခါ လျှပ်တစ်ပြက်ဆုံးဖြတ်နိုင်မှု၊ စည်းကမ်းဥပဒေကို လေးစားလိုက်နာတတ်မှု၊ ပူးပေါင်းဆောင်ရွက်တတ်မှု၊ တစ်ကိုယ်ကောင်းဆန်မှု ကင်းစေခြင်းစသည့် အလေ့အကျင့်တို့ကိုပါ လေ့ကျင့်ပြီးသားဖြစ်ပါသည်။ ဗိုက်နာ၊ ခေါင်းကိုက်၊ နှာစေး၊ ပန်းနာ၊ အိပ်မပျော် စသည်တို့ မကြာခဏဖြစ်လေ့ရှိသောကလေးကို ပညာရေးစိတ်ပညာရှင်များက နေ့စဉ် ကစားကွင်းထဲခေါ်သွားကာ ကစားစေပြီး လေ့လာစောင့်ကြည့်သည့်အခါ ထိုရောဂါများ ပျောက်သွားသည့်အပြင် ကျောင်းစာတွင် ပိုမိုထူးချွန်လာသည်ကို တွေ့ရပါသည်။

ကျောင်းနှင့် အတန်းများ၏ စုပေါင်းလှုပ်ရှားမှုများတွင်ပါ ခေါင်းဆောင်နိုင်လာပါသည်။ ကိုယ်ရောစိတ်ပါ ကျန်းမာကြံ့ခိုင်စေ၍ပါ။ ထိုအချက်နှင့် ပြောင်းပြန် ကျောင်းစာချည်း ဖိသင်ခံနေရသည့် ကလေးသည် သင်ခန်းစာကို စိတ်ဝင်စားမှုအားနည်းလာပြီး ပိုမိုထုံထိုင်းလာတတ်သည်ဟု ဆိုပါသည်။ အခန်းထဲမှာချည်း နေရသည့်အတွက် လေကောင်းလေသန့်မရ၊ ကျောင်းစာချည်းသင်နေရခြင်း၊ ထို့ပြင် ဆရာ၊ အိမ်သူအိမ်သားများစသည့် တွေ့နေကျ ပတ်ဝန်းကျင်ကြောင့်ပါ။

ထို့ကြောင့် ကျူရှင်နှင့်သာ အချိန်ကုန်စေသည့် ကလေးသည် အနာဂတ်တွင် ဉာဏ်ရှင်ရန်၊ ဉာဏ်ကောင်းရန် အခွင့်အလမ်းနည်းသကဲ့သို့ ကျန်းမာသန်စွမ်းမှုလည်း ကျဆင်းလာပါသည်။ ယခင်က အောင်မြင်သောသူများတွင် EQ နှင့် IQ မြင့်ရမည်တဲ့။ ယနေ့ခေတ်တွင်တော့ ထိုနှစ်ခုအပြင် SQ (Spiritual Quotient) ဆိုသော မိမိကိုးကွယ်ရာ ဘာသာတရားကို လေးစား၍ စိတ်ထားကောင်းမွန်ခြင်းနှင့် PQ (Physical Quotient) ဟူသည့် ကိုယ်ရောစိတ်ပါ ကျန်းမာကြံ့ခိုင်မှု ပြည့်စုံရမယ် ဆိုသည်များ ပါဝင်လာပါသည်။

ဘုရားသွား၊ ကျောင်းတက်၊ အားကစားလုပ်ခြင်းမျိုး မဖြစ်မနေလုပ်ရပါလိမ့်မည်။ ဆိုလိုသည်မှာ ပညာရေးဆိုသည် ဉာဏ်ပညာထက်မြက်ပြီး စိတ်ထားမြင့်မြတ်ကာ ကျန်းမာကြံ့ခိုင်သည့် နိုင်ငံသားများ လေ့ကျင့်ပေးရေးပါ။ ကျောင်းတွင် စာမေးပွဲရမှတ်များပြီး အနာဂတ်လုပ်ငန်းခွင်တွင် ကျန်းမာရေးချို့တဲ့နေသည့် သင့်သားသမီးဟာ စိတ်သွားတိုင်း ကိုယ်မပါဖြစ်ပြီး သူများကဲ့သို့ အောင်မြင်မှုဆီ မြန်မြန်မရောက်နိုင်သောဘဝ ရောက်သွားနိုင်ပါသည်။

**"ဘဝ၏ လေးပုံတစ်ပုံဖြစ်သည့် ကျောင်းနေဘဝတိုတိုလောက်ကိုသာ မကြည့်ပါနှင့်။ ကျောင်းနေကာလထက် လေးပုံသုံးပုံဆက်လက်ရှင်သန်ရမည့် ဘဝတစ်လျှောက်လုံးအတွက် မြော်တွေးကြည့်သင့်ပါသည်။"** သားသမီး၏ ကိုယ်စိတ်နှစ်ပါးကျန်းမာရေးကို မဖြစ်မနေထည့်တွက်ပေးရန် လိုပါသည်။ သို့မှသာ သင့်သားသမီး စိတ်ရောကိုယ်ပါ ကျန်းမာပျော်ရွှင်စွာ (PQ –ပြည့်ဝသူဘဝ) ဖြင့် ဘဝတစ်လျှောက်လုံး စဉ်ဆက်မပြတ်အောင်မြင်သူ ဖြစ်လာမှာပါ။

**(င) ကလေး၏ လူ့တန်ဖိုးအစစ်များ မနိမ့်ကျစေရပါ**

ကလေးကို ကျောင်းထားပြီး လေ့ကျင့်ပေးသည့် ရည်မှန်းချက်များထဲတွင် **"ကိုယ့် အားကိုယ်ကိုးတတ်စေရန်"၊ "ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်နိုင်ရန်"** ဆိုသည်က အဓိကပါ။ ဆောင်းပါးတစ်နေရာတွင် ညွှန်းခဲ့သလို မိမိကိုယ်ကိုဘဝတစ်လျှောက်လုံး **"ထိန်းကျောင်းနိုင်အောင်"၊ "ထိန်းကျောင်းတတ်အောင်"** ကျောင်းသို့ပို့ပြီး လေ့ကျင့်စေတာပါ။ သူများကို အားကိုးသည့်အကျင့် ဖြစ်ထွန်းလာစေရန်မဟုတ်ပါ။ ကိုယ်ရည်ကိုယ်သွေး တက်လာစေရန်ပါ။ ကျူရှင်တက်လျှင် ကျူရှင်ဆရာက မှတ်စုအကုန်ထုတ်ပေးထားပါသည်။ အရန်သင့်ခွံ့ကျွေးခြင်း (Spoon Feeding Education) ပါ။ ထိုကလေးသည် ကိုယ်တိုင်မှတ်စုမထုတ်တတ်တော့ပါ။ အလွတ်သာ ကျက်ပါတော့သည်။ အရန်သင့်ခွံ့ကျွေးသော ပညာရေးစနစ်သည် အရည်အသွေးနိမ့်ပါးသူများသာ မွေးထုတ်ပါသည်။ အောင်မြင်သောပညာရေးတွင် Spoon Feeding စနစ် မသုံးပါ။ ထို့ကြောင့် ကလေးသည် ဘယ်အရာက အဓိကအချက်၊ ဘယ်အရာက သာမည ဆိုသည်ကို ခွဲခြားနိုင်စွမ်း လျော့ကျလာပါသည်။ ပညာရရန် ကျောင်းထားပြီး လေ့ကျင့်ရခြင်း၏ သဘောက ကွဲပြားမှုကို နားလည်သဘောပေါက်ခြင်း၊ ကောင်းမှုဆိုးမှု၊ အမှားအမှန်၊ ဓမ္မနှင့် အဓမ္မခွဲခြားနိုင်မှု အရည်အသွေးများ ပိုင်ဆိုင်လာခြင်းက အဓိကဖြစ်ပါသည်။

**❑ ဗိုလ်ချုပ်အောင်ဆန်းက သူ၏ "ကျောင်းသားဝတ္တရား" ဟူသည့် ဆောင်းပါးတွင် "ကျောင်းသားဝတ္တရားမှာ အတန်းစာလောက်သာ ကျက်ပြီး စာမေးပွဲအောင်ရုံမျှသာဟု ယူဆလျှင် ထိုအယူအဆသည် အောက်တန်းကျပြီး နက်နဲမှုမရှိသည့် ပညာရေးအယူအဆ ဖြစ်သည်" ဟု ဖော်ပြထားသည်။ မိဘများအနေဖြင့် မိမိ၏ကလေးများကို "နက်နဲမှုမရှိသည့် ပညာရေးအယူအဆ"အား အကောင်အထည်ဖော်ခိုင်းနေခြင်းဟု မြင်မိပါသည်။ အထူးသဖြင့် ကျောင်းစာချည်း သက်သက် တော်သူ၊ စာမေးပွဲရမှတ်သာများပြီး အားကစား၊ လူမှုဆက်ဆံရေး၊ ပရဟိတလုပ်ငန်း၊ စာဖတ်ခြင်းနှင့် ပတ်ဝန်းကျင်လေ့လာမှုကင်းသူသည် လူတော်တစ်ယောက်မဟုတ် ဆိုသည်ကိုသိသင့်**

အပြုနှင့်အပျက် သို့မဟုတ်လျှင် အမှားနှင့်အမှန် ခွဲခြားနိုင်မှုကင်းကာ သူများပြောသမျှယုံပြီး တိုင်းပြုပြည်ပြုလား၊ တိုင်းဖျက်ပြည်ဆူလား မသိဘဲ လိုက်လုပ်နေခြင်းသည် စာလောက်သာသင်ခဲ့ခြင်း၏ လက်တွေ့ရလဒ်များပင်ဖြစ်ပါသည်။ ပြဿနာကို ကိုယ်တိုင်ဖြေရှင်းရမည့် ကိုယ်စွမ်းကိုယ်စများ အကုန်ပျောက်ကုန်ပါတော့သည်။ ကျူရှင်ဆရာကို မှီခိုရာမှ သူများအပေါ်မှီခိုသည့် အကျင့်ဆိုးကြီး ဘဝတစ်လျှောက်လုံး စွဲကပ်လာနိုင်ပါသည်။ ကိုယ့်ဘာသာကိုယ်လုပ်ရဲသည့် သတ္တိလည်း နည်းလာပါသည်။ ပြီးလျှင် Guide ဆရာက စာကျက်ခိုင်းမှ ကျက်ပါသည်။ Guide ဆရာက ခိုင်းမှလုပ်တော့ ကိုယ့်အသိစိတ်ဓာတ်နှင့် ကိုယ်လုပ်ရမည်ဆိုသည့် **"တာဝန်သိစိတ်"၊ "တာဝန်ယူစိတ်"**များ ပျောက်သွားပါတော့သည်။ သူများကို အနာဂတ်တွင်ခေါင်းဆောင်မည့်သူသည် ထိုစိတ်ထားနှစ်ရပ်ပြည့်ဝရပါမည်။ ထိုနှစ်ခုပြည့်ဝမှ နောက်ထပ် **"တာဝန်ခံရဲသည့်သတ္တိ"** ဆိုသော ခေါင်းဆောင်အရည်အသွေးလည်း ထပ်ဆင့်တိုးလာကာ သင့်သားသမီးက သူများကို အောင်မြင်စွာခေါင်းဆောင်နိုင်သူ ဖြစ်လာပါလိမ့်မည်။

**(စ) လူမှုဆက်ဆံရေးညံ့ဖျင်းလာသူမဖြစ်စေရပါ**

နံနက်အိပ်ရာထ ကျူရှင်တက်၊ နေ့လယ်ကျောင်းတက်၊ ညနေကျူရှင်ဆီသွား၊ ပြီးလျှင် Guide နှင့် စာကျက်၊ ထို **"စာသံသရာထဲလည်နေတဲ့ကလေး"** သည် မိသားစုနှင့် ပျော်ရွှင်ရန်အချိန်၊ ကျောင်းနှင့် မိမိဝန်းကျင်မှ သူငယ်ချင်းများ၊ လေးစားရသည့် ရပ်ရွာလူကြီးများနှင့် တွေ့ချိန်၊ စကားပြောချိန်၊ ရင်းရင်းနှီးနှီးပေါင်းသင်းချိန်၊ ပတ်ဝန်းကျင်မှ သင်ယူချိန်မရှိတော့ဘဲ မိသားစုနှင့် ပျော်ရွှင်စွာနေထိုင်တတ်သည့် အကျင့်မရှိတော့ပါ။ ထို့အတူ မိမိရပ်ရွာနှင့်ဒေသကို ခင်တွယ်တတ်မှု အားနည်းလာပါသည်။ ကလေးကို ပညာသင်ပေးခြင်းသည် အနည်းဆုံး မိသားစု၊ မိမိမိတ်ဆွေများနှင့် ပျော်ပျော်ရွှင်ရွှင်နေထိုင်တတ်သည့် မိတ္တဗလပြည့်စုံရေးလည်း ပါဝင်ပါသည်။

ဘဝအောင်မြင်ရေးတွင် မိတ်ဆွေ၏အခန်းကဏ္ဍအရေးကြီးပုံကို မြတ်ဗုဒ္ဓက **"ပုဂ္ဂိုလ်တစ်ယောက် မြင့်မြောက်စေကြောင်း မိတ်ဆွေကောင်းသည် အကြောင်းအပြည့်ဖြစ်စေ၏"** လို့ ဆိုထားသည်ကို သတိအမြဲချပ်နေရပါမည်။ ကလေးသည် လူသားဖြစ်သည့်အတွက် လူ့အဖွဲ့အစည်းအတွင်း နေထိုင်ရှင်သန်ရမည်ဖြစ်သည့်အတွက် ထိပ်ဆုံးက ကျွမ်းကျင်တတ်မြောက်ရမည့် စွမ်းရည်သည် တခြားသူများနှင့် ပေါင်းသင်းဆက်ဆံတတ်သည့် လူ့အရည်အသွေး ရှိကိုရှိရပါမည်။ ကျူရှင်ကြောင့် အဆိုပါ **"မိတ္တဗလ လူ့တန်ဖိုး"** ကို ဖြည့်ရန်အချိန်မရခဲ့လျှင် စာမည်မျှတော်တော် လူများနှင့် သဟဇာတဖြစ်အောင်နေတတ်သည့် မိတ္တဗလ ကြွယ်ဝသူဖြစ်ရန်၊ တန်ဖိုးမြင့်သားသမီးဖြစ်ရန် အခွင့်အလမ်းနည်းစေပါသည်။ ကျူရှင်နှင့် အချိန်ကုန်နေခြင်းကြောင့် လူ့အဖွဲ့အစည်းပြင်ပမှ လူသားဘဝကို မိမိ၏သားသမီးရောက်သွားနိုင်သည် ဆိုသည်ကို သတိပြုစေချင်ပါသည်။

**(ဆ) ပျော်ရွှင်မှုဆိတ်သုဉ်းသည့် မိသားစုအတွင်း ကြီးပြင်းလာသူမဖြစ်စေရပါ**

ကျောင်းက ဆရာ၊ ဆရာမများကလည်း ကလေးအရွယ်နှင့်လိုက်သည့်အိမ်စာ ပေးသင့်ပါသည်။ ဝန်ထုပ်ဝန်ပိုးမဖြစ်ရန် သတိထားရပါမည်။ စာဒဏ်မပိစေရပါ။ ကျောင်းစာကို ကျောင်းချိန်အတွင်း၌ပင် တတ်အောင်သင်ပေးရပါလိမ့်မည်။ သို့ဆိုလျှင် ကလေးများ ကျူရှင်တက်စရာ မလိုတော့ပါ။ ပိုတတ်စေချင်၍ဆိုပြီး မိဘကလည်း ကျူရှင်ကို ထပ်မပို့သင့်ပါ။ ကလေးသည် သူ့ဘာသာသူ အိမ်စာလုပ်၍ ပြီးသွားလျှင် သားရယ်၊ သမီးရယ်၊ မိဘ၊ ညီအစ်ကိုမောင်နှမ၊ အဘိုး၊ အဘွားများနှင့် ညနေခင်း မိသားစုပျော်စရာအချိန်လေးဖြင့် တစ်နေ့တာကို မဖြစ်မနေအဆုံးသတ်ရန်လိုပါသည်။

အကယ်၍ ထိုညနေခင်းကို ကျူရှင်နှင့် Guide သာရှိနေလျှင် **"မိသားစုပျော်ရွှင်မှုဘဝ"** ဆိုသည့် လူ့အဖွဲ့အစည်း၏ အမွန်မြတ်ဆုံးအနှစ်သာရကို မရဘဲ ကြီးပြင်းလာသည့် ကလေးဖြစ်လာပါမည်။ အလားတူ နွေရာသီကျောင်းပိတ်ရက်သည် ကလေးများ၏ ဦးနှောက်နားရမည့်အချိန်၊ လွတ်လွတ်လပ်လပ်ဆော့ကစားရင်း ဦးနှောက်ပိုမိုဖွံ့ဖြိုးရေးအတွက် အနားပေးရမယ့်အချိန်ပါ။ ယင်းကို သတိမထားမိဘဲ နောက်နှစ်အတန်းအတွက် ကျူရှင်တက်ခိုင်းသည့်အခါ ပျော်ရွှင်ချမ်းမြေ့မှုလည်းကင်း၊ မနားရလျှင် ဦးနှောက်ကလည်း ဒဏ်ခတ်ခံရကာ ထုံထိုင်းသွားပါလိမ့်မည်။ ပြီးလျှင် မိဘ၊ ဆွေမျိုးနှင့် အတူနေရသည့်အချိန်နည်းပါး၍ **"မေတ္တာငတ်သူဘဝ"** ရောက်ရှိကာ လူ့ပတ်ဝန်းကျင်ကို အဆိုးမြင်တတ်လာပါသည်။

ကိုရီးယားနိုင်ငံမှ သတင်းတစ်ပုဒ်တွင် ကျောင်းသူလေးတစ်ဦးသည် သူ့မိခင်သေသွား၍ ပျော်နေပါသည်တဲ့။ ဘာဖြစ်လို့လဲဟု မေးကြည့်သည့်အခါ **"နေ့ရော ညပါ သူ့ကို အတင်းစာသင်ခိုင်းမည့်သူ မရှိတော့လို့"** ပါတဲ့။ စာဒဏ်ပိပြီး မိခင်မေတ္တာငတ်သူဟု မြင်မိပါသည်။ အဆိုးမြင်စိတ်ရှိသည့် ကလေးသည် မိသားစုအတွက်ရော လူ့အသိုင်းအဝိုင်းအတွက်ပါ အန္တရာယ်ကြီးသူ ဖြစ်လာနိုင်သည်ကို သတိပြုပါ။ **"ကလေးဘဝတွင် ဘယ်လိုမျှ ပြန်လည်အစားထိုးမရနိုင်သော မိသားစုနှင့် ပျော်ရွှင်ရသည့်နေ့များ၊ အချိန်များနှင့် ဘဝများကို ကျူရှင်ဖြင့် မလဲမိရန် ကျွန်တော်တို့မိဘများ သတိထားရန်လိုပါပြီ"**ဟု မိမိလေ့လာထားမိသမျှကို တင်ပြအပ်ပါသည်။

အချုပ်အားဖြင့် ကျူရှင်စနစ်ကို မိဘများ လက်ခံကျင့်သုံးမည်ဆိုလျှင် –

(က) ကိုယ့်သားသမီး မလိုက်နိုင်သော ဘာသာရပ်လောက်သာ ကျူရှင်ဖြင့် အားဖြည့်ပေးပါ။ သင့်ကလေး ဘဝတစ်လျှောက်လုံး ပိုမိုထူးချွန်အောင်မြင်မှုနှင့် ပျော်ရွှင်ငြိမ်းချမ်းသူဘဝ ပိုင်ဆိုင်ရေးကို အားပေးရာရောက်ပါလိမ့်မည်။

(ခ) ကျူရှင်ကို မှီခိုစရာ၊ အားထားစရာ၊ ကျူရှင်ထားမှ ကိုယ့်ကလေး အောင်မြင်မည်ဟု မခံယူမိရန် လိုပါသည်။ ထိုသို့ခံယူပြီး ကျူရှင်ထားခဲ့လျှင်–

(၁) စာထောင်ချောက်ထဲကျကာ စာဒဏ်ပိပြီး ကလေး၏ (အထူးသဖြင့် မူလတန်း၊ အလယ်တန်းအရွယ်) ဦးနှောက်ဖွံ့ဖြိုးမှုကို ထိခိုက်နိုင်ပါသဖြင့် သင့်ကလေးဘဝ တစ်လျှောက်လုံး ဆုံးရှုံးနိုင်ပါလိမ့်မည်။

(၂) ကလေး၏ကျန်းမာရေး၊မိသားစုပျော်ရွှင်ရေး၊ ကောင်းမွန်သည့် လူမှုဆက်ဆံရေးကို ထိခိုက်ပြီး သူငယ်ချင်းအပေါင်းအသင်း အဖော်များနှင့် ပျော်ရွှင်မှုကင်းမဲ့သူအဖြစ် ဘဝကို ဖြတ်သန်းပြီး အရွယ်ရောက်လာနိုင်ပါလိမ့်မည်။ အဆိုးမြင်မှုကို သင်ယူသူဘဝဖြင့် ရှင်သန်သွားပါလိမ့်မည်။

မြန်မာ့ပညာရေးစိတ်ဝင်စားသူ မိတ်ဆွေများ၏မေးခွန်းကို ဖြေကြားမှုအား ချုပ်လိုက်လျှင် **"ပထမအချက်"** အနေဖြင့် သင့်သားသမီးများသည် မိဘ၏ပညာရေးဗဟုသုတ အားနည်းသည့် ဆန္ဒလွန်ကဲမှုကြောင့် တစ်သက်လုံးဘေးမဖြစ်စေရန်နှင့် သင့်သားသမီး၏ ဘဝတစ်လျှောက်လုံး ကိုယ်ရည်ကိုယ်သွေးမြင့်မားနေစေရန်အတွက် **"ကျူရှင်ကို သင်ထောက်ကူပစ္စည်းလို သဘောထားအသုံးချသင့်"**ပါသည်။

လွတ်လပ်ပြီး မိသားစုနှင့် ချစ်ချစ်ခင်ခင် ကျန်းမာပျော်ရွှင်စွာဖြတ်သန်းရမည့် ကလေးဘဝကို ကျူရှင်ကြောင့် မပျက်သုဉ်းစေသင့်ပါ။ ပြန်လည်အစားထိုးမရနိုင်သည့် မိသားစုနှင့် ကလေးဘဝ၏ တန်ဖိုးအရှိဆုံးအချိန်မို့ပါ။ မိဘများဘက်က ကျူရှင်ကို ဆေးလို အသုံးချနိုင်ရပါမည်။ ဘေးမဖြစ်စေအပ်ပါ။ သို့မှသာ အနာဂတ်တွင် ကျန်းမာကြံ့ခိုင်ဉာဏ်ရည်ထက်မြက်သူဖြစ်ပြီး ကိုယ်တိုင်လည်း ပျော်ရွှင်ချမ်းမြေ့သော မိသားစုဘဝတစ်ခုကို ဆက်လက်တည်ထောင်နိုင်ကာ မိမိကို ပြုစုပျိုးထောင်ပေးခဲ့သည့် မိသားစု၏ဂုဏ်ကိုလည်း မြှင့်တင်ပေးနိုင်သူ၊ ထိုမှတစ်ဆင့် ငြိမ်းချမ်းသာယာဖွံ့ဖြိုးသည့် မြန်မာ့လူ့အဖွဲ့အစည်းကို သင့်သားသမီးက ဦးဆောင်နိုင်သည့် ခေါင်းဆောင်ကောင်းဘဝ ရောက်မည်ဖြစ်ပါသည်။

**"ဒုတိယအချက်"** ဖြေကြားမှုအနေဖြင့် စာမေးပွဲရမှတ်သာပြိုင်နေသည့် **"ပညာရေးတံလျှပ်"**ကို ကျွန်တော်တို့ လူ့အဖွဲ့အစည်းက ရေအစစ်ကဲ့သို့ ထင်နေမှုကြောင့် အရှိန်အဟုန်ဖြင့် စီးဆင်းနေသည့် **"ကမ္ဘာ့ပညာရေး မြစ်နဒီ"** ထဲသို့ ကျွန်တော်တို့၏ ပညာရေးတံလျှပ်ချောင်း စီးဝင်၍မရသည့်ဘဝမှ ကင်းလွတ်မည်ဟု ကျွန်တော်၏ကျူရှင်နှင့်ပတ်သက်၍ လေ့လာထားမိသည့် ပညာရေးအမြင်ကို ကျောင်းသားမိဘများ အောင်မြင်စွာအသုံးချခြင်းဖြင့် မြန်မာ့ပညာရေးမြင့်မားမှု အထောက်အကူပြုစေရန် ရည်သန်၍ ရေးသားတင်ပြလိုက်ရပါသည်။ ။

## ရွှေဘိုခရိုင်အတွင်း မြို့နယ်များ၌ စပါး/ဆန် ဈေးနှုန်းများတည်ငြိမ်



ရွှေဘိုခရိုင်အတွင်းရှိ မြို့နယ်များ၌ အောက်တိုဘာလ(တတိယပတ်) တွင် စပါး၊ ဆန်ဈေးနှုန်းများ တည်ငြိမ်နေကြောင်း၊ ရွှေဘိုခရိုင်မှ အခြားတိုင်းဒေသကြီး/ ပြည်နယ်များသို့ ဆန်စီးထွက်မှုမှာ အောက်တိုဘာလ (ဒုတိယပတ်) တွင် ရန်ကုန်သို့ အိတ်ရေ ၁၆၃၀၀၊ မန္တလေးသို့ အိတ်ရေ ၁၇၅၀၀၊ နေပြည်တော်သို့ အိတ်ရေ ၄၅၀၀၊ ရှမ်း(တောင်)သို့ အိတ်ရေ ၂၅၀၀၊ ရှမ်း(မြောက်)သို့ အိတ်ရေ ၂၅၀၀၊ ပခုက္ကူသို့ အိတ်ရေ ၁၀၀၀၊ စုစုပေါင်းအိတ်ရေ ၄၄၃၀၀၊ တန်အားဖြင့် ၂၂၁၅ တန် စီးထွက်ခဲ့ပြီး၊ ယခုအပတ်တွင် ရွှေဘိုခရိုင်မှ အခြားတိုင်းဒေသကြီး/ ပြည်နယ်များသို့ ဆန်စီးထွက်မှုမှာ ရန်ကုန်သို့ အိတ်ရေ ၁၇၅၀၀၊ မန္တလေးသို့ အိတ်ရေ ၁၇၀၀၀၊ နေပြည်တော်သို့အိတ်ရေ ၃၅၀၀၊ ရှမ်း(တောင်)သို့ အိတ်ရေ ၂၀၀၀၊ ရှမ်း(မြောက်)သို့ အိတ်ရေ၂၀၀၀၊ ပခုက္ကူသို့အိတ်ရေ ၁၂၀၀ စုစုပေါင်း အိတ်ရေ ၄၃၂၀၀၊ တန်အားဖြင့် တန် ၂၁၆၀ စီးထွက်ခဲ့ကြောင်း သိရသည်။

အောက်တိုဘာလ (တတိယပတ်) တွင် ရွှေဘိုမြို့၌ ဖြစ်ပေါ်နေသော စပါး၊ ဆန်ဈေးနှုန်းများမှာ ရွှေဘိုပေါ်ဆန်းစပါး တင်း ၁၀၀ လျှင် ငွေကျပ် ၃၇၀၀၀၀၀၊ ရွှေဘိုပေါ်ဆန်းဆန် ၂၄ ပြည်ပါ တစ်အိတ်လျှင် ငွေကျပ် ၁၂၅၀၀၀၊ ဧရာမင်းဆန် ၂၄ ပြည်ပါ တစ်အိတ်လျှင် ငွေကျပ် ၁၃၀၀၀၀ နှင့် ၂၀၂၂-၂၀၂၃ ခုနှစ် ရွှေဝါထွန်း (နွေစပါး) တင်း ၁၀၀ လျှင် ကျပ် ၁၈၀၀၀၀၀၊ ရွှေဝါထွန်းဆန် ၂၄ ပြည်ပါ တစ်အိတ်လျှင် ငွေကျပ် ၇၀၀၀၀ ဖြစ်၍ အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

**DOCA(စစ်ကိုင်း)**

## စစ်တွေကုန်သွယ်ရေးစခန်း၏ ကုန်သွယ်မှုအခြေအနေ

စစ်တွေကုန်သွယ်ရေး စခန်းမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ၂၀၂၃ ခုနှစ် အောက်တိုဘာ ၁၄ ရက်မှ ၂၀ ရက်အထိ အကောက်ခွန်ဦးစီးဌာန၏ အမှန်တင်ပို့/တင်သွင်းစာရင်းများအရ ပို့ကုန်အမေရိကန်ဒေါ်လာ ၀ ဒသမ ၅၇၀၄ သန်းဖြစ်ပြီး စုစုပေါင်း ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၀ ဒသမ ၅၇၀၄ သန်း ဆောင်ရွက်နိုင်မှုရှိကြောင်း သိရှိရသည်။

တင်ပို့ခဲ့သည့် ပို့ကုန်ပစ္စည်းများအနေဖြင့် မန်ကျည်းစေ့ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၁၀၀ နှုန်းဖြင့် ၁၀၉ တန်၊ ဆီးဖတ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၁၁၅နှုန်းဖြင့် ၅၈ တန်၊ အုန်းသီးခြောက် တစ်တန်လျှင် အမေရိကန် ဒေါ်လာ ၃၀၀နှုန်းဖြင့် ၆၈တန်၊ ကွမ်းသီး တစ်တန်လျှင် အမေရိကန် ဒေါ်လာ ၂၃၂၁ နှုန်းဖြင့် ၁၇တန်၊ ငါးမြစ်ချင်း (၁-၂) တစ်တန်လျှင် အမေရိကန် ဒေါ်လာ ၁၂၅၀ နှုန်းဖြင့် ၁၄၆ ဒသမ ၇၅၂ တန်၊ ငါးမြစ်ချင်း(၂-၃) တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၁၂၈၀နှုန်းဖြင့် ၁၄၆ ဒသမ ၀၁၆ တန်၊ ငါးမြစ်ချင်း (၃-၅) တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၁၃၂၀ နှုန်းဖြင့် ၇၂ ဒသမ ၀၈ တန်၊ ငါးသိုင်းခေါင်းပွ (၅-၈) တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၁၂၆၀ နှုန်းဖြင့် ၁၁ ဒသမ ၈၀၈ တန်နှင့် ငါးသိုင်းခေါင်းပွ (၈ ကီလိုအထက်) တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၁၄၀၀နှုန်းဖြင့် ၈ ဒသမ ၃၀၄ တန်နှင့် ဆီးယိုထုပ် တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၂၅၀ နှုန်းဖြင့် လေးတန် တင်ပို့နိုင်ခဲ့သည်။

ဒေါ်လာငွေလဲနှုန်း အနေဖြင့် တစ်ဒေါ်လာလျှင် ၁၁၈ ဒသမ ၅ တာကာနှင့် တစ်တာကာလျှင် ၂၈ ဒသမ ၀၀ကျပ် ဖြစ်ကြောင်း သိရှိရပါသည်။

**(DOT စစ်တွေ)**

## မြဝတီကုန်သွယ်ရေးဇုန်မှ ထိုင်းသို့ ချုပ်ပြီးအထည် ဒေါ်လာ တစ်သန်းကျော်တင်ပို့

မြဝတီကုန်သွယ်ရေးဇုန်မှ ထိုင်းနိုင်ငံသို့ ပို့ကုန်တင်ပို့မှုအနေဖြင့် ၁၄-၁၀-၂၀၂၃ ရက်မှ ၂၀-၁၀-၂၀၂၃ ရက်အထိ ချုပ်ပြီးအထည် ၁၂၅၄၆၉ ထည်၊ တန်အားဖြင့် ၆ ဒသမ ၅၂၄ တန်အတွက် ဒေါ်လာ ၁ ဒသမ ၄၈၅ သန်း၊ ကြက်သွန်နီ တစ်တန်လျှင် ဒေါ်လာ ၆၅၁ ဒသမ ၄၃၉ ဖြင့် ၁၃၈၆ ဒသမ ၁၆၀ တန်အတွက် ဒေါ်လာ ၀ ဒသမ ၉၀၃ သန်း၊ ငရုတ်သီး(ခြောက်) တစ်တန်လျှင် ဒေါ်လာ ၁၅၈၀ ဒသမ ၄၈၄ ဖြင့် ၃၄၇ ဒသမ ၃၆၂ တန်အတွက် ဒေါ်လာ ၀ ဒသမ ၅၄၉ သန်း၊ ငရုတ်သီး(စိမ်း)(အစို) တစ်တန်လျှင် ဒေါ်လာ ၃၈၅ ဒသမ ၃၆၉ ဖြင့် ၆၆၆ ဒသမ ၈၉၄ တန်အတွက် ဒေါ်လာ ၀ ဒသမ ၂၅၇ သန်း၊ ကွမ်းသီး တစ်တန်လျှင် ဒေါ်လာ ၁၄၈၈ ဒသမ ၀၉၅ ဖြင့် ၁၆၈တန်အတွက် ဒေါ်လာ ၀ ဒသမ ၂၅၀ သန်း၊ သတ္တုနှင့်သတ္တုရိုင်းများ တစ်တန်လျှင် ဒေါ်လာ ၁၄၀၀ ဖြင့် တန် ၁၂၀အတွက် ဒေါ်လာ ၀ ဒသမ ၁၆၈ သန်း၊ ဂေါ်ဖီထုပ် တစ်တန်လျှင် ဒေါ်လာ ၁၉၈ ဒသမ ၉၇၆ ဖြင့် ၆၈၃ ဒသမ ၅၀၀ တန်အတွက် ဒေါ်လာ ၀ ဒသမ ၁၃၆သန်း၊ မတ်ပဲ တစ်တန်လျှင် ဒေါ်လာ ၁၀၆၂ ဒသမ ၅၀၀ ဖြင့် ၉၆ တန်အတွက် ဒေါ်လာ ၀ ဒသမ ၁၀၂ သန်း၊ ပဲတီစိမ်း တစ်တန်လျှင် ဒေါ်လာ ၈၀၀ ဖြင့် တန် ၉၀ အတွက် ဒေါ်လာ ၀ ဒသမ ၀၇၂သန်းနှင့် ပြောင်းကြိတ်ဖတ်မှုန့် တစ်တန်လျှင် ဒေါ်လာ ၂၆၃ ဒသမ ၃၀၅ဖြင့် ၁၇၈ ဒသမ ၅၀၀ တန်အတွက် ဒေါ်လာ ၀ ဒသမ ၀၄၇ သန်းတို့ ဖြစ်သည်။

သွင်းကုန်တင်သွင်းမှု အနေဖြင့် ၁၄-၁၀-၂၀၂၃ ရက်မှ ၂၀-၁၀-၂၀၂၃ ရက်အထိ ပလတ်စတစ် ကုန်ကြမ်းပစ္စည်းများ ဒေါ်လာ ၀ ဒသမ ၈၅၀ သန်း၊ ပုံနှိပ်စက္ကူများ ဒေါ်လာ ၀ ဒသမ ၇၅၁ သန်း၊ သံနှင့်သံမဏိပစ္စည်းများ ဒေါ်လာ ၀ ဒသမ ၇၂၈ သန်း၊ တွင်းထွက် (သတ္တုမှအပ) ဆောက်လုပ်ရေးပစ္စည်းများ ဒေါ်လာ ၀ ဒသမ ၅၇၇သန်း၊ ရေနံထွက်ပစ္စည်းများ ဒေါ်လာ ၀ ဒသမ ၄၀၂ သန်း၊ အလှကုန်ပစ္စည်းမျိုးစုံ ဒေါ်လာ ၀ ဒသမ ၃၉၅ သန်း၊ သံနှင့်သံမဏိဆောက်လုပ်ရေးပစ္စည်းများ ဒေါ်လာ ၀ ဒသမ ၃၆၉ သန်း၊ စက်နှင့်စက်ပစ္စည်းများ ဒေါ်လာ ၀ ဒသမ ၃၆၃သန်း၊ ဆပ်ပြာ ဒေါ်လာ ၀ ဒသမ ၃၅၇သန်းနှင့် အခြားစက္ကူများ ဒေါ်လာ ၀ ဒသမ ၃၃၉ သန်း တို့ဖြစ်သည်။

ပြင်ပငွေလဲနှုန်းအနေဖြင့် တစ်ဘတ်လျှင် ငွေကျပ် ၉၁ ဒသမ ၃၂ ဖြစ်ကြောင်း သိရှိရသည်။

**(DOT မြဝတီ)**

### ၂၃ - ၁၀ - ၂၀၂၃ ရက်နေ့ တိုင်းဒေသကြီးနှင့် ပြည်နယ် မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါး ဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ညော့်မထ | ငစိန် | ပေါ်ဆန်း | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်းစ) | ကြက်သွန်ဖြူ (ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ |
| ၁ | မြစ်ကြီးနား | ၃၂၀၀ | | ၆၀၀၀ | ၁၆၀၀၀ | ၅၁၀၀ | ၁၆၀၀၀ | ၃၅၀၀ | ၁၁၀၀၀ | ၈၅၀၀ | ၅၀၀၀ | ၇၀၀၀ | ၁၀၀၀ | ၉၀၀၀ | ၇၀၀၀ | ၄၀၀၀ | ၃၀၀၀ | ၄၀၀၀ | ၁၂၀၀၀ | ၂၂၀၀၀ | ၁၈၀၀၀ | ၂၆၀၀၀ | ၁၅၀၀၀ |
| ၂ | လားရှိုး | ၃၃၅၀ | | ၆၅၀၀ | ၁၆၅၀၀ | ၅၀၀၀ | ၂၀၀၀၀ | ၃၆၀၀ | ၉၀၀၀ | ၈၀၀၀ | ၆၀၀၀ | ၄၀၀၀ | ၁၀၀၀ | ၈၀၀၀ | ၆၅၀၀ | ၄၀၀၀ | ၂၅၀၀ | ၄၀၀၀ | ၁၂၀၀၀ | ၂၂၀၀၀ | ၂၀၀၀၀ | ၃၀၀၀၀ | ၁၄၀၀၀ |
| ၃ | ကျိုင်းတုံ | ၃၉၅၀ | | ၆၅၀၀ | ၁၆၀၀၀ | - | ၁၈၀၀၀ | ၄၀၀၀ | ၁၀၀၀၀ | ၉၀၀၀ | ၄၀၀၀ | ၅၀၀၀ | ၁၀၀၀ | ၈၀၀၀ | ၇၀၀၀ | ၄၀၀၀ | ၃၃၀၀ | ၄၀၀၀ | ၁၄၀၀၀ | ၂၀၀၀၀ | ၂၄၀၀၀ | | ၁၆၀၀၀ |
| ၄ | တောင်ကြီး | ၃၀၀၀ | ၂၇၅၀ | ၆၄၀၀ | ၁၆၅၀၀ | ၅၀၀၀ | ၂၀၀၀၀ | ၃၆၀၀ | ၁၀၀၀၀ | ၉၅၀၀ | ၅၅၀၀ | ၅၀၀၀ | ၆၀၀ | ၈၅၀၀ | ၆၅၀၀ | ၄၀၀၀ | ၂၈၀၀ | ၃၇၀၀ | ၁၀၀၀၀ | ၂၀၀၀၀ | ၁၆၀၀၀ | ၂၅၀၀၀ | ၁၃၀၀၀ |
| ၅ | လွိုင်ကော် | ၃၇၀၀ | ၂၇၀၀ | ၆၅၀၀ | ၁၆၀၀၀ | ၄၈၀၀ | ၂၀၀၀၀ | ၃၄၀၀ | ၁၀၀၀၀ | ၈၅၀၀ | ၅၅၀၀ | ၅၀၀၀ | ၆၀၀ | ၉၀၀၀ | ၆၄၀၀ | ၃၅၀၀ | ၂၇၀၀ | ၄၀၀၀ | ၁၄၀၀၀ | ၁၇၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၁၂၀၀၀ |
| ၆ | ဘားအံ | ၂၉၀၀ | | ၄၈၀၀ | ၁၆၀၀၀ | - | ၁၄၀၀၀ | ၃၃၀၀ | ၁၀၀၀၀ | ၈၅၀၀ | ၆၈၀၀ | ၅၀၀၀ | ၈၀၀ | ၁၀၀၀၀ | ၆၅၀၀ | ၃၀၀၀ | ၂၃၀၀ | ၃၈၀၀ | ၁၀၅၀၀ | ၁၅၀၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၈၀၀၀ |
| ၇ | မော်လမြိုင် | ၃၃၅၀ | | ၄၄၀၀ | ၁၆၀၀၀ | - | ၁၄၀၀၀ | ၃၃၀၀ | ၁၂၀၀၀ | ၁၀၀၀၀ | ၈၀၀၀ | ၆၀၀၀ | ၈၀၀ | ၁၂၀၀၀ | ၇၀၀၀ | ၅၀၀၀ | ၂၃၀၀ | ၄၂၀၀ | ၁၀၀၀၀ | ၁၆၀၀၀ | ၁၇၀၀၀ | ၂၀၀၀၀ | ၁၂၀၀၀ |
| ၈ | ထားဝယ် | ၃၈၅၀ | | ၅၉၀၀ | ၁၇၀၀၀ | ၅၀၅၀ | ၁၄၀၀၀ | ၃၆၀၀ | ၁၀၅၀၀ | ၉၀၀၀ | | ၇၀၀၀ | ၈၀၀ | ၇၉၀၀ | ၆၀၀၀ | ၄၀၀၀ | ၂၈၀၀ | ၄၂၀၀ | ၁၂၅၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | |
| ၉ | မြိတ် | ၃၂၀၀ | | ၄၆၅၀ | ၁၆၀၀၀ | ၅၀၅၀ | ၁၅၀၀၀ | ၃၆၀၀ | ၉၅၀၀ | ၈၅၀၀ | ၆၃၀၀ | ၈၃၀၀ | ၈၀၀ | ၉၀၀၀ | ၆၅၀၀ | ၃၅၀၀ | ၃၀၀၀ | ၄၂၀၀ | ၁၂၅၀၀ | ၁၆၀၀၀ | ၁၈၀၀၀ | ၂၃၀၀၀ | |
| ၁၀ | ရန်ကုန် | ၂၈၀၀ | | ၄၅၀၀ | ၁၆၀၀၀ | ၄၅၀၀ | ၁၈၀၀၀ | ၃၆၀၀ | ၁၁၀၀၀ | ၉၀၀၀ | ၁၀၀၀၀ | ၈၀၀၀ | ၆၀၀ | ၇၅၀၀ | ၆၅၀၀ | ၃၅၀၀ | ၂၈၀၀ | ၄၂၀၀ | ၁၂၀၀၀ | ၁၇၀၀၀ | ၁၉၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၁၁ | ပုသိမ် | ၂၉၀၀ | | ၄၀၅၀ | ၁၅၀၀၀ | ၄၇၀၀ | ၁၇၀၀၀ | ၃၂၀၀ | ၉၅၀၀ | ၇၈၀၀ | ၅၀၀၀ | ၈၀၀၀ | ၃၀၀ | ၆၅၀၀ | ၆၀၀၀ | ၄၅၀၀ | ၂၈၀၀ | ၃၇၀၀ | ၈၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၂၅၀၀၀ | ၈၅၀၀ |
| ၁၂ | စစ်တွေ | ၃၂၀၀ | ၃၀၀၀ | ၄၅၀၀ | ၁၆၀၀၀ | - | ၁၈၀၀၀ | ၃၃၀၀ | ၉၅၀၀ | ၉၀၀၀ | ၆၅၀၀ | ၆၅၀၀ | ၆၀၀ | ၉၀၀၀ | ၆၅၀၀ | ၃၀၀၀ | ၃၅၀၀ | ၄၂၀၀ | ၁၁၀၀၀ | ၂၂၀၀၀ | ၂၆၀၀၀ | ၂၆၀၀၀ | |
| ၁၃ | ဟားခါး | ၇၀၀၀ | | | ၁၈၅၀၀ | | ၄၅၀၀၀ | ၃၇၅၀ | ၁၄၀၀၀ | | | ၄၀၀၀ | ၁၂၀၀ | | ၈၇၀၀ | | ၄၀၀၀ | ၆၀၀၀ | ၁၇၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | | ၁၅၀၀၀ |
| ၁၄ | မုံရွာ | ၄၈၀၀ | | ၅၄၀၀ | ၁၂၅၀၀ | ၄၉၀၀ | ၁၇၀၀၀ | ၂၅၀၀ | ၉၀၀၀ | ၉၀၀၀ | ၁၀၀၀၀ | ၃၅၀၀ | ၇၀၀ | ၇၂၀၀ | ၈၀၀၀ | ၃၈၀၀ | ၂၄၀၀ | ၄၂၀၀ | ၈၀၀၀ | ၁၉၀၀၀ | ၁၃၀၀၀ | ၂၂၀၀၀ | ၁၂၀၀၀ |
| ၁၅ | မန္တလေး | ၃၅၀၀ | | ၅၇၀၀ | ၁၅၀၀၀ | ၄၉၅၀ | ၁၅၀၀၀ | ၃၁၀၀ | ၁၂၀၀၀ | ၈၀၀၀ | ၆၅၀၀ | ၆၅၀၀ | ၈၀၀ | ၈၀၀၀ | ၆၃၀၀ | ၅၀၀၀ | ၂၅၀၀ | ၄၀၀၀ | ၁၀၀၀၀ | ၁၇၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | ၁၃၀၀၀ |
| ၁၆ | ပခုက္ကူ | ၃၈၀၀ | | ၅၈၀၀ | ၁၂၅၀၀ | ၅၀၀၀ | ၁၇၀၀၀ | ၃၂၀၀ | ၁၀၀၀၀ | ၈၅၀၀ | ၈၅၀၀ | ၄၀၀၀ | ၆၅၀ | ၇၅၀၀ | ၇၇၀၀ | ၃၀၀၀ | ၂၂၀၀ | ၄၀၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၇၀၀၀ | ၂၀၀၀၀ | ၇၅၀၀ |
| ၁၇ | မကွေး | ၃၇၀၀ | | ၆၀၀၀ | ၁၄၀၀၀ | ၄၉၀၀ | ၁၄၀၀၀ | ၃၃၀၀ | ၈၀၀၀ | ၉၅၀၀ | ၇၀၀၀ | ၆၅၀၀ | ၈၀၀ | ၆၀၀၀ | ၆၅၀၀ | ၃၂၀၀ | ၂၆၀၀ | ၃၈၀၀ | ၁၂၀၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၁၆၀၀၀ | ၁၄၀၀၀ |
| ၁၈ | ပြည် | ၃၀၀၀ | | ၅၄၀၀ | ၁၃၅၀၀ | ၅၁၀၀ | ၁၈၀၀၀ | ၃၂၀၀ | ၁၁၀၀၀ | ၈၅၀၀ | | ၆၅၀၀ | ၆၀၀ | ၇၀၀၀ | ၆၅၀၀ | ၄၀၀၀ | ၂၈၀၀ | ၃၈၀၀ | ၁၀၀၀၀ | ၁၈၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၁၂၀၀၀ |
| ၁၉ | ပဲခူး | ၃၂၀၀ | | ၅၂၀၀ | ၁၆၀၀၀ | ၅၀၀၀ | ၁၈၀၀၀ | ၃၃၀၀ | ၁၀၀၀၀ | ၈၅၀၀ | | ၇၀၀၀ | ၄၅၀ | ၈၅၀၀ | ၆၅၀၀ | ၃၈၀၀ | ၂၈၀၀ | ၄၃၀၀ | ၁၀၀၀၀ | ၁၆၀၀၀ | ၁၅၀၀၀ | ၂၃၀၀၀ | ၉၀၀၀ |
| ၂၀ | ပျဉ်းမနား | ၃၅၀၀ | | ၆၅၀၀ | ၁၅၀၀၀ | ၅၃၀၀ | ၁၄၀၀၀ | ၃၂၀၀ | ၁၀၅၀၀ | ၈၈၀၀ | ၆၀၀၀ | ၅၆၀၀ | ၅၀၀ | ၇၀၀၀ | ၆၂၀၀ | ၄၀၀၀ | ၂၅၀၀ | ၄၂၀၀ | ၁၂၀၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၂၄၀၀၀ | ၁၁၀၀၀ |
| ၂၁ | နေပြည်တော် | ၃၅၀၀ | | ၆၅၀၀ | ၁၅၀၀၀ | ၅၅၀၀ | ၁၅၀၀၀ | ၃၄၀၀ | ၁၂၀၀၀ | ၈၈၀၀ | ၆၂၀၀ | ၆၀၀၀ | ၅၀၀ | ၇၂၀၀ | ၆၂၀၀ | ၄၂၀၀ | ၂၈၀၀ | ၄၂၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၄၀၀၀ | ၂၄၀၀၀ | ၁၂၀၀၀ |
| ၂၂ | ကလေး | ၄၈၀၀ | ၄၄၀၀ | | ၁၅၀၀၀ | ၁၀၀၀၀ | ၂၂၀၀၀ | ၃၅၀၀ | | ၁၀၀၀၀ | ၄၅၀၀ | ၆၀၀၀ | ၁၀၀၀ | ၉၅၀၀ | ၇၅၀၀ | ၄၀၀၀ | ၄၀၀၀ | ၅၀၀၀ | ၁၆၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | | ၁၂၀၀၀ |

မှတ်ချက်။ (၁) ပေါ်ဆန်း ဆန် တစ်ပြည်လျှင် လွိုင်ကော်တွင် ၂၀၀ကျပ်၊ စားအုန်းဆီ တစ်ပိဿာလျှင် မန္တလေးတွင် ၁၀၀ကျပ်၊ ကြက်သွန်နီ တစ်ပိဿာလျှင် တောင်ကြီးတွင် ၁၀၀ကျပ်၊ ကြက်သွန်ဖြူ(ရှမ်းစ) တစ်ပိဿာလျှင် မြစ်ကြီးနားနှင့် ထားဝယ်တွင် ၁၀၀၀ကျပ်၊ ပဲခူးတွင် ၂၀၀ကျပ်၊ ကြက်သွန်ဖြူ(ကြူကုတ်) တစ်ပိဿာလျှင် ထားဝယ်တွင် ၁၀၀၀ကျပ်၊ ရန်ကုန်တွင် ၅၀၀ကျပ်၊ နနွင်းတက် တစ်ပိဿာလျှင် မုံရွာတွင် ၁၀၀၀ကျပ်၊ ချင်း တစ်ပိဿာလျှင် ဘားအံတွင် ၁၀၀၀ကျပ်၊ မြေပဲဆန်တစ်ပိဿာလျှင် မကွေးတွင် ၁၅၀ကျပ်၊ ကုလားပဲဝါ တစ်ပိဿာလျှင် မန္တလေးတွင် ၁၀၀ကျပ်၊ အာလူး တစ်ပိဿာလျှင် ကျိုင်းတုံတွင် ၁၀၀ကျပ်၊ သကြား တစ်ပိဿာလျှင် တောင်ကြီးတွင် ၂၀၀ကျပ်၊ ငါးမြစ်ချင်း တစ်ပိဿာလျှင် တောင်ကြီးတွင် ၁၀၀၀ကျပ် ဈေးတက်ခဲ့ပါသည်။

(၂) ညော့်မထဆန် တစ်ပြည်လျှင် မြစ်ကြီးနားတွင် ၆၀၀ကျပ်၊ ပေါ်ဆန်းဆန် တစ်ပြည်လျှင် ထားဝယ်တွင် ၅၀ကျပ်၊ စားအုန်းဆီ တစ်ပိဿာလျှင် မြစ်ကြီးနား၊ မုံရွာနှင့် ပြည်တွင် ၁၀၀ကျပ်၊ ငရုတ်ခြောက် တစ်ပိဿာလျှင် မြစ်ကြီးနားနှင့် မန္တလေးတွင် ၁၀၀၀ကျပ်၊ ကြက်သွန်ဖြူ (ရှမ်းစ) တစ်ပိဿာလျှင် ပျဉ်းမနားတွင် ၅၀၀ကျပ်၊ (ကြူကုတ်စ) နှင့် ချင်း တစ်ပိဿာလျှင် မြိတ်တွင် ၂၀၀ကျပ်၊ မြေပဲဆံ တစ်ပိဿာလျှင် မြစ်ကြီးနားတွင် ၁၀၀၀ကျပ်၊ ကျိုင်းတုံနှင့် တောင်ကြီးတွင် ၅၀၀ကျပ်၊ ကုလားပဲဝါ တစ်ပိဿာလျှင် မြိတ်တွင် ၃၀၀ကျပ်၊ အာလူး တစ်ပိဿာလျှင် ဘားအံတွင် ၂၀၀ကျပ်၊ ကြက်သား တစ်ပိဿာလျှင် လားရှိုးတွင် ၁၀၀၀ကျပ် ဈေးကျခဲ့ပါသည်။

သတင်းအရင်းအမြစ် - စီးပွား/ကူးသန်း

# နယ်စပ်ရေးရာဝန်ကြီးဌာနရှိ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းများ၌ သင်တန်းဆင်းပွဲနှင့် ဖွင့်ပွဲများကျင်းပ

**နေပြည်တော် အောက်တိုဘာ ၂၃**

နယ်စပ်ရေးရာဝန်ကြီးဌာန၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ကွပ်ကဲမှုအောက်ရှိ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း ၂၁ ကျောင်းတို့တွင် နယ်စပ်ဒေသအပါအဝင် အလုပ်အကိုင်အခွင့်အလမ်း နည်းပါးသောဒေသများမှ အမျိုးသမီးငယ်များအား အဆင့်မြင့်စက်ချုပ်ပညာရပ်များ သင်ကြားတတ်မြောက်စေခြင်းဖြင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ပြီး မိသားစု အပိုဝင်ငွေရရှိနိုင်စေရေး၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းအဖြစ် အထည်ချုပ်စက်ရုံများ၊ ဟိုတယ်ဇုန်များတွင် ဝင်ရောက်လုပ်ကိုင်နိုင်ရေးနှင့် ကိုယ်ပိုင်စက်ချုပ်ဆိုင်များ ဖွင့်လှစ်လုပ်ကိုင်နိုင်စေရေး ရည်ရွယ်၍ အဆင့်မြင့် အိမ်တွင်းမှုစက်ချုပ်သင်တန်း၊ ရိုးရာဂျပ်ခုတ်သင်တန်း၊ အခြေခံလက်ရက်ကန်းသင်တန်းများ ဖွင့်ပွဲ၊ ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ သင်တန်းဆင်းပွဲနှင့် ဖွင့်ပွဲအခမ်းအနားများကို ယနေ့ နံနက်ပိုင်းက ကျင်းပခဲ့သည်။

အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း (ပုသိမ်) တွင် ၈-၅-၂၀၂၃ ရက်မှ ၂၃-၁၀-၂၀၂၃ ရက်အထိ ဖွင့်လှစ်သော ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ သင်တန်းများဖြစ်သည့် (ဧည့်ကြို၊ အိပ်ခန်းဆောင်၊ အစားအစာနှင့် အဖျော်ယမကာ ဝန်ဆောင်မှု) သင်တန်းအမှတ်စဉ် (၆) ဆင်းပွဲ၊ အမှတ်စဉ် (၇) ဖွင့်ပွဲနှင့် အဆင့်မြင့် အိမ်တွင်းမှုစက်ချုပ်သင်တန်းဖွင့်ပွဲများကို ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း **(အပေါ်ပုံ)**၊ လွိုင်ကော်မြို့ သင်တန်းကျောင်းတွင် ကယားပြည်နယ် ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ ဘားအံမြို့ သင်တန်းကျောင်းတွင် ကရင်ပြည်နယ် ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ဆိုက်ခေါင်မြို့ သင်တန်းကျောင်းတွင် ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ဇော်အေး၊ မုဒုံမြို့သင်တန်းကျောင်းတွင် မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ ကျိုင်းတုံမြို့ သင်တန်းကျောင်းတွင် တြိဂံဒေသတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်အောင်ခိုင်ဝင်း၊ ကွန်ဟိန်းမြို့ သင်တန်းကျောင်းတွင် အရှေ့အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် မျိုးမင်းထွန်း၊ မြိုင်ကြီးငူမြို့ သင်တန်းကျောင်းတွင် ကရင်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မင်းသူကျော်၊ လဟယ်မြို့ သင်တန်းကျောင်းတွင် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်း၊ မင်းပြားမြို့ သင်တန်းကျောင်းတွင် မင်းပြားတပ်နယ်နည်းဗျူဟာမှူး ဗိုလ်မှူးကြီး ဝင်းကိုတို့ တက်ရောက်ဖွင့်လှစ်ပေးပြီး ကျန်သင်တန်းကျောင်းများ၌ နယ်စပ်ရေးရာဝန်ကြီးဌာန ကွပ်ကဲမှုအောက်ရှိ ဦးစီးဌာနများမှ သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်ဦးစီးမှူးများနှင့် ခရိုင်၊ မြို့နယ်ရှိ တာဝန်ရှိသူများ တက်ရောက်ဖွင့်လှစ်ပေးသည်။



ယနေ့ကျင်းပပြုလုပ်သည့် ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ သင်တန်းအမှတ်စဉ်(၆) တွင် သင်တန်းသူ ၂၁ ဦးအား သင်တန်းဆင်းပေးနိုင်ခဲ့ပြီး ဖွင့်လှစ်သည့် သင်တန်းကျောင်း ၂၁ ကျောင်းတွင် ၂၃-၁၀-၂၀၂၃ ရက်မှ ၂၂-၃-၂၀၂၄ ရက်အထိ သင်တန်းကာလ ရက်သတ္တ ၂၂ ပတ်ကြာ အဆင့်မြင့်အိမ်တွင်းမှု စက်ချုပ်သင်တန်း၊ ရိုးရာဂျပ်ခုတ်သင်တန်း၊ အခြေခံလက်ရက်ကန်းသင်တန်းနှင့် ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာသင်တန်း စသည့်သင်တန်း လေးမျိုးတွင် သင်တန်းသူ ၆၅၀ တက်ရောက်သွားမည်ဖြစ်ကြောင်း၊ နေထိုင်စားသောက်ရေးနှင့် သင်တန်းသုံးပစ္စည်းများ အခမဲ့ပံ့ပိုးပေးသွားမည်ဖြစ်သည်။

အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းများတွင် ဘဏ္ဍာရေးနှစ် တစ်နှစ်လျှင် သင်တန်းနှစ်ကြိမ် ဖွင့်လှစ်ပေးလျက်ရှိရာ သင်တန်းသူ စုစုပေါင်း ၉၅၈၅၆ ဦး သင်ကြားလေ့ကျင့် မွေးထုတ်ပေးခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိကသယ်ယူပို့ဆောင်ရေး ကြီးကြပ်မှုကော်မတီက City Taxi ယာဉ်များကို အဝါရောင်ဘေးလိုင်း စတစ်ကာလက်ခမယူဘဲကပ်ပေးမည်

**ရန်ကုန် အောက်တိုဘာ ၂၃**

City Taxi ယာဉ်များအနေဖြင့် တိုင်းဒေသကြီးအစိုးရက သတ်မှတ်ထားသော အဝါရောင်ဘေးလိုင်း စတစ်ကာကပ်ခြင်းကို အောက်တိုဘာ ၂၃ ရက်အထိ စီးရေတစ်သောင်းခန့် ကပ်ပြီးဖြစ်ကြောင်း ယနေ့ မွန်းလွဲ ၃ နာရီက ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိကသယ်ယူပို့ဆောင်ရေး ကြီးကြပ်မှုကော်မတီ (YRTC) ရုံး၌ ပြုလုပ်သည့် စာနယ်ဇင်းရှင်းလင်းပွဲတွင် တွဲဖက်အတွင်းရေးမှူး ဦးလျှန်ကျင့်မန်က ပြောသည်။

City Taxi ယာဉ်များ၏ ဘေးနှစ်ဖက် ကိုယ်ထည်တွင် အဝါရောင်ဒီဇိုင်းအတိုင်း ညှပ်ခအပါအဝင် စတစ်ကာတန်ဖိုး ကျပ်ငါးထောင်ကို ၂၀၂၃ နိုဝင်ဘာ ၁ ရက်မှ ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၃၁ ရက်အထိ YRTCမှ ကျခံပြီး လက်ခမယူဘဲ မိမိဝန်ထမ်းများဖြင့် ကပ်ပေးမည်ဖြစ်ကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း ပြေးဆွဲရမည့် City Taxi ယာဉ်များတွင် ပြည့်စုံရမည့်အချက်ခုနစ်ချက်တွင် (က) ကညနတွင် အငှားယာဉ်နံပါတ်ပြား အနီအဖြစ် မှတ်ပုံတင်ရမည်၊ ( ခ ) ကညန မှတ်ပုံတင်သက်သေခံလက်မှတ် (ဗီုးတက်)၊ ( ဂ ) ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန "ဂ" လုပ်ငန်းလိုင်စင်များ အပိုင်း (၁)၊ (၂)၊ (ဃ) ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ညွှန်ကြားချက် အဝါရောင်ဘေးလိုင်း စတစ်ကာပါရန်၊ (င) YRTC City Taxi စတစ်ကာ၊ ယာဉ်မောင်းဓာတ်ပုံ၊ (စ) YCTA ရန်ကုန် စီးတီးတက္ကစီအသင်း Logo၊ (ဆ) ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ဆောင်ရွက်သည့် Taxi ဆိုင်းဘုတ် ရှိရမည်ဖြစ်ပြီး ပညာပေးကာလကျော်လွန်ပါက မော်တော်ယာဉ်ဥပဒေအရ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ ရန်ကုန်တိုင်းဒေသကြီးအတွင်း City Taxi ခြောက်သောင်းကျော်ရှိရာ သတ်မှတ်ရက်မတိုင်ခင် အဝါရောင်ဘေးလိုင်း စတစ်ကာကပ်ခြင်းစီးရေ တစ်သောင်းခန့် ကပ်ပြီးပြီဖြစ်သည်။

**အာကာလင်း**

## အင်းတော်မြို့၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**အင်းတော် အောက်တိုဘာ ၂၃**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့ အောင်မေတ္တာရပ်ကွက် မြို့မပရိယတ္တိစာသင်တိုက် ဘုန်းတော်ကြီးကျောင်း လောကမာရဇိန်စေတီရင်ပြင်တော် သန့်ရှင်းသာယာလှပစေရေးအတွက် အောက်တိုဘာ ၂၁ ရက်က တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဖုန်ဂရိန်နှင့် ဌာနဆိုင်ရာများက စုပေါင်းဆောင်ရွက်ကြသည်။

အဆိုပါ စုပေါင်းဆောင်ရွက်မှုအတွက် နယ်မြေခံတပ်မမှူးက ဆန်တစ်ပြည်နှင့် ကြက်ဥ ၁၀ လုံးစီ ထောက်ပံ့ပေးအပ်ပြီး အင်းတော်မြို့အတွင်းရှိဘုန်းတော်ကြီးကျောင်းများ၊ အများပြည်သူနှင့် သက်ဆိုင်သောနေရာများ သန့်ရှင်းသာယာလှပရေးအတွက် အပတ်စဉ် စနေနေ့တိုင်း အလှည့်ကျ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**လှူအောင်(ကသာ)**




မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - | မြင့်စိုး |
| သတင်းထောက်မှူး | - | ခင်ရတနာ |
| စာတည်းများ | - | ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး |
| ဘာသာပြန်စာတည်း | - | ချိုးစန္ဒီနွေး၊ တင်လင်းအောင် |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| အငယ်တန်းသတင်းထောက်များ | - | ဝေသူနွယ်၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး |
| ဓာတ်ပုံသတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၀၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News


### ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၃ - ၁၀ - ၂၀၂၃

**စက်သုံးဆီ(လက်လီဈေးနှုန်းများ)**

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၂၁၀ ကျပ် | ၂၃၅၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၄၂၀ ကျပ် | ၂၄၇၀ ကျပ် |
| အောက်တိန်း ၉၂ | ၂၀၆၅ ကျပ် | ၂၁၁၅ ကျပ် |
| အောက်တိန်း ၉၅ | ၂၁၆၀ ကျပ် | ၂၂၂၀ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)


သစ်ပင်နည်းလာ တို့ကမ္ဘာ၊ လွန်စွာပူအေး ဥတုဘေး


### ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၀၀၀ | ၉၀၀၀ | ၃၀ | ၂၇၀၀၀၀ |
| MTSH | ၃၀၀၀ | ၃၀၀၀ | ၁၅၇၃၃ | ၄၆၆၉၉၀၀ |
| MCB | ၇၉၀၀ | ၇၉၀၀ | ၁၃၃ | ၁၀၅၀၇၀၀ |
| FPB | ၁၇၀၀ | ၁၇၀၀ | ၅၀၃၆၃ | ၈၅၆၁၇၁၀၀ |
| TMH | ၂၆၅၀ | ၂၇၀၀ | ၁၅၂၄ | ၄၀၃၈၆၅၀ |
| EFR | ၂၁၀၀ | ၂၁၀၀ | ၅၄၁ | ၁၁၃၆၁၀၀ |
| AHPC | ၄၉၀၀ | ၄၉၀၀ | ၉ | ၄၄၁၀၀ |
| MAEPC | ၁၇၀၀ | ၁၇၅၀ | ၁၅၄၇၆ | ၂၆၃၀၉၉၅၀ |

ညီညီ - စုစည်းသည်

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် အောက်တိုဘာ ၂၃**

ရန်ကုန်တိုင်းဒေသကြီး၊ လသာမြို့နယ်၊ (၂၁)လမ်း၊ တိုက်အမှတ် (၅၆)၊ အခန်း (၇လွှာ) ဟုခေါ်တွင်သော တိုက်ခန်းနှင့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို မိခင် ဒေါ်အုံးရီ (၁၂/လသန (နိုင်) ၀၀၇၇၄၃) အမည်ဖြင့် ဝယ်ယူထားပြီး ယခုအခါ မိခင်/ဖခင်တို့ ကွယ်လွန်ပြီးဖြစ်၍ သားသမီးများဖြစ်သော (၁) ဒေါ်သန်းသန်းဝင်း (၁၂/လသန (နိုင်) ၀၀၈၁၀၅)၊ (၂) ဦးစိုးမြင့်လွင် (၁၂/လသန (နိုင်) ၀၁၀၀၀၀)၊ (၃) ဒေါ်ခင်ခင်ဝင်း (၁၂/လသန (နိုင်) ၀၀၀၀၀၆)၊ (၄) ဦးထွန်းထွန်းနိုင် (၁၂/လသန (နိုင်) ၀၀၁၄၀၉)၊ (၅) ဦးခိုင်လင်း (၁၂/လသန (နိုင်) ၀၁၄၈၆၇) နှင့် (၆) ဒေါ်ချိုချိုဝင်း (၁၂/လသန (နိုင်) ၀၁၄၈၇၈) တို့က အမွေဆက်ခံပိုင်ဆိုင်သူများဖြစ်ကြပါသည်။ အဆိုပါတိုက်ခန်းနှင့် ပတ်သက်၍ ကျွန်ုပ်၏ မိတ်ဆွေ ဒေါ်သန်းသန်းဝင်း ၏ ခွင့်ပြုချက်မရရှိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ ငှားရမ်းခြင်း တနည်းနည်းဖြင့်လွှဲပြောင်းခြင်းတို့ကို မပြုလုပ်ရန်နှင့် ပြုလုပ်ပါကပြုလုပ်သူ၏ တာဝန်သာဖြစ်ပြီး တည်ဆဲတရားဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည် ဖြစ်ကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။ လွှဲအပ်ညွှန်ကြားချက်အရ-

| | |
|---|---|
| **ဦးခင်မောင်ဦး** | **ဦးပြည့်ဖြိုးအောင်** |
| **LL.B, D.B.L, D.I.L.,** | **LL.B,** |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂) | အထက်တန်းရှေ့နေ(စဉ်-၄၅၅၃၀) |

၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉ ၄၂၀ ၁၂၄၀၀၃

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄၉)၊ သဇင်မြိုင်လမ်း၊ မြေကွက်အမှတ် (၅၈၉)၊ အကျယ်အဝန်း (၄၀ပေ × ၆၀ပေ) ရှိ ဦးလှရှင် (ZLN- ၀၈၄၈၅၅) (၁၂/မဂတ (နိုင်) ၀၅၁၂၈၁) အမည်ပေါက် နှစ်(၆၀)ဂရန် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်လှဲလှဲဝင်း (၁၂/ဗတထ (နိုင်) ၀၀၁၁၀၈) ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

| | |
|---|---|
| **ဦးခင်မောင်ဦး** | **ဒေါ်လင်းလင်းထက်** |
| **LL.B, D.B.L, D.I.L.,** | **LL.B,** |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂) | အထက်တန်းရှေ့နေ(စဉ်-၄၈၃၃၈) |

၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉ ၄၅၅၅၀ ၆၁၄၆

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ဖော့ကန်ရပ်ကွက်၊ ရဲဘော် (၄)လမ်း၊ အမှတ် (၃၀-က)ဟု ခေါ်တွင်သည့် အကျယ်အဝန်း (အရှေ့ ၂၁' ၁၀" x အနောက် ၂၉' ၅")၊ ရှေ့နောက်အလျား (၃၉')အကျယ်ရှိ ဘိုးဘွားပိုင်အမျိုးအစား၊ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် (၁)ထပ်၊ အုတ်ညှပ်၊ သွပ်မိုး၊ နေအိမ်နှင့် အကျိုးခံစားခွင့် အရပ်ရပ်တို့အား ဦးဝင်းမောင် (ခ) ဦးစန်းဝင်း (၁၂/အစန(နိုင်)၀၈၉၆၁၄)မှ တရားဝင်လက်ရှိထားပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်၊ စီမံခန့်ခွဲပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုရောင်းချသဖြင့် ကျွန်ုပ်မိတ်ဆွေများဖြစ်ကြသော ဒေါ်လှလှထွန်း (၁၂/ဥကမ(နိုင်)၀၁၇၂၂၉)နှင့် ဦးမျိုးမြင့်ဦး (၁၂/ဥကမ(နိုင်)၁၆၈၂၈၀)တို့မှ တန်ဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေဝယ်ယူထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း တရားဝင်ခိုင်လုံ၊ ခိုင်မာသော စာချုပ်စာတမ်းအထောက်အထား (မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်လှလှထွန်းနှင့် ဦးမျိုးမြင့်ဦးတို့၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးစိုင်းမျိုးထက် (LL.B) အထက်တန်းရှေ့နေ**
**(စဉ်-၃၁၉၄၁/၃၀-၉-၂၀၁၀)**
**အမှတ် (က/၉၁၁)၊ သုဇာတာ (၂) လမ်း၊ (၂) ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း - ၀၉-၂၅၀၁၁၆၃၅၉**

## ပတ်စ်ပို့ပျောက်

အောင်ပန်းမြို့၊ ညောင်ကုန်းရွာနေ (ဘ)ဦးထွန်းရင်၏ သမီး မသီတာထွန်း ၇/ညလပ(နိုင်)၀၂၉၈၆၇ ၏ နိုင်ငံကူး လက်မှတ် အမှတ် MB-322337 သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါ ရန်။

ဖုန်း-၀၉-၉၈၃၉၆၆၂၂၂

## ပတ်စ်ပို့ပျောက်

ကျောက်တံခါးမြို့နေ (ဘ)ဦးကျော်သိန်း၏သား မောင်သီဟသိန်း ၇/ကတခ(နိုင်)၁၃၄၆၇၉ ၏ နိုင်ငံကူး လက်မှတ်အမှတ် MA-057497 သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၅၀၁၆၉၉၃၃

## အမည်ပြောင်း

ကလောမြို့နယ်၊ အောင်ပန်းမြို့၊ အထက(၁၀) Grade-3(A) မှ မောင်ရွှေဘုန်းခန့် အား ယနေ့မှစ၍ မောင်မင်းဉာဏ်သွေး ဟု ပြောင်းလဲခေါ်ပါရန်။

## ဖခင်အမည်မှန်

မုဒုံမြို့နယ်၊ ဒိုမားကျေးရွာနေ မစုစန္ဒီဦး၏ ဖခင်အမည်မှန်မှာ ဦးသော်ရင် ၁၀/မဒန(နိုင်)၀၆၁၁၅၉ ဖြစ်ပါကြောင်း။

**ဦးသော်ရင်**

## မွေးသက္ကရာဇ်အမှန်

ရခိုင်ပြည်နယ်၊ အမ်းမြို့နယ်၊ ကျောက်ဇကွဲကျေးရွာမှ (ဘ)ဦးလှကျော်ထွန်း၏သမီး ဒေါ်အေမီလှိုင် ၁၁/ရသတ(နိုင်)၀၃၇၂၆၇ ၏ မွေးသက္ကရာဇ်အမှန်မှာ ၂၉-၁၁-၁၉၈၁ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

အမ်းမြို့နယ်၊ တပ်တောင်မြို့၊ အထကကျောင်း Grade-10 မှ မနှင်းယုယုလှိုင်၏ ဖခင် ဦးမောင်သိန်းထွန်း၏ အမည်မှန်မှာ ဦးတင်ရီ ၁၁/အမန(နိုင်)၀၂၂၀၁၅ ဖြစ်ပါကြောင်း။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 63W/92812, Honda Wave 125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးတင့်ရွှေ ၈/ဆဖန(နိုင်)၀၀၅၀၆၂ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ပခုက္ကူ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1W/76321, Honda C90 Custom CMX, M/C ယာဉ်လက်ဝယ်ရှိသူ ဦးအေးကိုမင်း ၈/မမန(နိုင်)၁၃၈၂၅၇ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ပခုက္ကူ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6F/9047, SKAT LFJ 1042 T1, TRUCK (4x2)L ယာဉ်လက်ဝယ်ရှိသူ ဦးထက်အာကာဝင်း ၅/ခဥတ(နိုင်)၀၆၀၀၄၀ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ပခုက္ကူ)**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံး ဥပဒေအမိန့် -၅၊ နည်းဥပဒေ- ၂၀ )
## ကျောက်တံတားခရိုင်တရားရုံးတော်
## ၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ်- ၈၉

အိုရီရင်တယ်(လ်)လီစင်ကုမ္ပဏီလီမိတက် **နှင့်** ၁။ ဒေါ်အိအိခိုင်
(၎င်းကုမ္ပဏီ၏တာဝန်ပေးအပ်ခြင်းခံရသူ ၂။ ဦးကျော်စောစံ
လက်ထောက်မန်နေဂျာ-ဒေါ်ခင်ဖြူဖြူပိုင်) ၃။ ဦးကျော်သူအောင်
**တရားလို** **တရားပြိုင်များ**

ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ (၅)ရပ်ကွက်၊(၂၇)လမ်း၊ အခန်း(၂၀)၊ အမှတ်-၁၆၈/၁၈၈တွင်နေထိုင်သော (၁)တရားပြိုင် ဒေါ်အိအိခိုင်နှင့် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့နယ်၊ယောမင်းကြီးရပ်ကွက်၊ နဝဒေးလမ်း၊ အမှတ်- (၁၉-က) တွင်နေထိုင်သော(၂) တရားပြိုင် ဦးကျော်စောစံ (ယခုနေရပ်လိပ်စာမသိသူများ)သိစေရမည်။

သင်တို့အပေါ်၌တရားလိုက **"အငှားဝယ်ယူရေးစနစ်ဖြင့်ဆောင်ရွက်ထားသည့် မော်တော်ယာဉ်များအတွက်၊ ပဋိညာဉ်အတိုင်းပေးသွင်းရမည့် ပေးသွင်းရန် ကျန်ငွေကျပ်-၄၈,၇၂၀,၀၀၀/- လေးရာရှစ်ဆယ့်ခုနှစ်သိန်းနှစ်သောင်းကျပ်တိတိ) နှင့် နောက်ကျပေးသွင်းမှုများအတွက် နောက်ကျကြေး ငွေကျပ် ၁၉,၂၆၇,၉၇၅/- (တစ်ရာကိုးဆယ့်နှစ်သိန်းခြောက်သောင်းခုနှစ်ထောင့်ကိုးရာ ခုနှစ်ဆယ့်ငါးကျပ်တိတိ) နှင့် ပျက်ကွက်မှုများအတွက် ဒဏ်ကြေးငွေကျပ် ၅၀၀၀/ (ငါးထောင်ကျပ်တိတိ) စုစုပေါင်းငွေကျပ် ၆၇,၉၉၂,၉၇၅-/ (ခြောက်ရာ့ခုနှစ်ဆယ်ကိုးသိန်းကိုးသောင်းနှစ်ထောင့်ကိုးရာ ခုနှစ်ဆယ့်ငါးကျပ်တိတိ)ရလိုမှုနှင့် အငှားချထားသည့်မော်တော်ယာဉ်များအား လက်ရောက်ရလိုမှု"** လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့မဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်းသည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ၊ ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၉ ရက် (၁၃၈၅ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၁ ရက်) မွန်းမတည့်မီ ၁၁:၀၀ နာရီတွင် အထက်အမည်ရေးသားပါရှိသူမှ တရားလို၏စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင်သင် သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၂၃ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေး လိုက်သည်။

**(သန့်စင်ငြိမ်း)**
**ဒုတိယခရိုင်တရားသူကြီး(၄)**
**ကျောက်တံတားခရိုင်တရားရုံး**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေ အမိန့် ၅ ၊ နည်းဥပဒေ ၂၀ )
## ကန်ကြီးထောင့်မြို့နယ် တရားရုံးတော်
## ၂၀၂၃ ခုနှစ် ၊ တရားမကြီးမှု အမှတ် - ၂၀

မအိဖြူအောင် **နှင့်** ဦးသက်အောင်မျိုး (ခ) သူရိန်စိုး
**တရားလို** **တရားပြိုင်**

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ အမှတ်(၃၆)၊ ဆ/က ရပ်ကွက်၊ BOC မှတ်တိုင်အနီး ဘုရားလမ်းနေ တရားပြိုင်ဖြစ်သူ ဦးသက်အောင်မျိုး(ခ) သူရိန်စိုး(ဘ)ဦးတင်စိုး(ယခုနေရပ်လိပ်စာမသိသူ)သိ စေရမည်။

သင့်အပေါ်၌ တရားလို မအိဖြူအောင်က လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပေးစေလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၂၀ ရက် (၁၃၈၅ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၈ ရက်) မွန်းမတည့်မီ ၁၀း၀၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေ ရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာ ရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများ နှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေ လက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၂၀ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ထက်အာကာလှိုင်)**
**မြို့နယ်တရားသူကြီး**
**ကန်ကြီးထောင့်မြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ စာဂ(၁၉)လမ်း၊ အမှတ်၇၅၆၊ အကျယ်အဝန်း (အလျား ၄၀ ပေ x အနံ ၆၀ ပေ)ရှိမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် (၂)ခန်းတွဲ (၆)ထပ် တိုက်၏ အကျယ် အဝန်း (အလျား ၁၈ပေxအနံ၅၄ပေ)ရှိ ပဥ္စမထပ်၊ (၆)လွှာ (ခြေရင်းခန်း)တိုက်ခန်းနှင့် ယင်းတိုက်ခန်းနှင့်ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ဝယ်ထားရှိ ပိုင်ဆိုင်၍ ရောင်းချခွင့်ရှိသည်ဟုဆိုသူ ဦးမင်းသိန်း ၁၂/ဥကတ(နိုင်) ၂၁၀၀၃၉ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးကျော်မျိုးဇော် ၁၂/ကမရ(နိုင်) ၀၀၀၉၆၂ နှင့် ဒေါ်ကြည်ကြည်မော် ၁၂/ဗဟန(နိုင်)၀၆၆၃၁၃ တို့က အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ တိုက်ခန်းအား ရောင်းချခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်စာတမ်း မူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက တိုက်ခန်းအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်အေးသူဇာအောင်**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၇၉၄၃)**
**သဃ်န်းကျွန်းမြို့နယ်ရှေ့နေများနားနေခန်း၊ သဃ်န်းကျွန်းမြို့နယ်တရားရုံး။**
**ဖုန်း-၀၉-၄၂၄၅၉၆၈၃၀၊ ၀၉-၇၉၉၅၆၁၅၇၄**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ စော်ဘွားကြီးကုန်းရပ်ကွက်၊ (၁၀)မိုင်၊ ပြည်လမ်း၊ အမှတ်-၆၉၄ ဟုခေါ်တွင်သော အိမ်ခြံမြေနှင့် အင်းစိန်မြို့နယ်၊ စော်ဘွားကြီးကုန်းရပ်ကွက်၊ ရန်ကြီးအောင်လမ်း၊ အမှတ်-၁၀၅ ဟုခေါ်တွင်သော အိမ်ခြံမြေများမှာ ဖခင်ဖြစ်သူ ဦးမြမောင်မှ သမီးဖြစ်သူ ဒေါ်ခင်မြင့်စန်းနှင့် ဒေါ်ခင်စန်းရီတို့အား မိသားစုစီမံမှုအရ အမွေခွဲဝေပေးအပ်ခဲ့သည့် အိမ်ခြံမြေများ ဖြစ်ပါသည်။ ထို့အပြင် အင်းစိန်မြို့နယ်၊ စော်ဘွားကြီးကုန်းရပ်ကွက်၊ (၁၀) မိုင်ဈေးလမ်း၊ အမှတ် (၅၅) ဟုခေါ်တွင်သော မြေကွက်နှင့် အင်းစိန်မြို့နယ်၊ စော်ဘွားကြီးကုန်းရပ်ကွက်၊ ပြည်လမ်း၊ အမှတ် (၆၉၃) ဟုခေါ်တွင်သော ခြံမြေကွက်တို့ကို ဖခင် ဦးမြမောင်၏ မယားပါသားသမီးများဖြစ်သော ဦးစိန်မြင့်နှင့် ဒေါ်အုန်းကြည်တို့အား အမွေပစ္စည်းအဖြစ် လွှန်ခဲ့သည့် (၁၉၇၄) ခုနှစ်ကတည်းက ဖခင် ဦးမြမောင်မှ အမွေခွဲဝေပေးအပ်ပြီး ဖြစ်ပါသည်။ ထိုသို့ ခွဲဝေပေးအပ်ခဲ့သည့် မြေကွက်များဖြစ်သော အမှတ် (၅၅) မြေကွက်နှင့် အမှတ် (၆၉၃) မြေကွက်တို့ကို ဦးစိန်မြင့်နှင့် ဒေါ်အုန်းကြည်တို့မှလည်းကောင်း၊ အမှတ်(၆၉၄) မြေကွက်ကိုလည်း ဒေါ်ခင်မြင့်စန်းမှလည်းကောင်း ပြန်လည်ရောင်းချပြီးဖြစ်ပါသည်။ ထို့အပြင် အမှတ်(၆၉၄)မြေကွက်နှင့်ပတ်သက်၍ အင်းစိန်ခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ်-၂၁၈/၂၀၂၂ ဖြင့် ဦးစိန်မြင့်နှင့် ဒေါ်အုန်းကြည်တို့၏ သားသမီးများမှစွဲဆိုခဲ့သော အမွေမှုကိုလည်း ၁၁-၇-၂၀၂၃ ရက်တွင် ပလပ်ပြီးဖြစ်ပါသည်။ ထို့ကြောင့် အဆိုပါ မြေကွက်အမှတ် (၅၅)၊ (၆၉၃)၊ (၆၉၄) မြေကွက်များမှာ အမွေဆိုင်မြေကွက်မဟုတ်ပါကြောင်းနှင့် အမှတ် (၁၀၅) မြေကွက်မှာ ဒေါ်ခင်မြင့်စန်းနှင့် ဒေါ်ခင်စန်းရီတို့ ပိုင်ဆိုင်သည့် မြေကွက်ဖြစ်ပါကြောင်းနှင့် ယင်းမြေကွက်နှင့်ပတ်သက်၍ ဝင်ရောက်စွက်ဖက်နှောင့်ယှက်ပါက ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ခင်မြင့်စန်းနှင့် ဒေါ်ခင်စန်းရီတို့၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ညိုညိုစန်း (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၇၁၉၇)**
**အမှတ်-၁၃၉၊ ခ/၅ လမ်း၊ မြို့သစ်(က+ခ)ရပ်ကွက်၊**
**အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန် -၀၉-၅၀၆၀၄၇၆**

## ဖခင်အမည် မှန်ကန်ကြောင်း
## အများသိစေရန် ကြေညာခြင်း

ရှမ်းပြည်နယ်၊ တောင်ကြီးမြို့နယ်၊ ရှမ်းတောင်၊ ကျောက်တလုံးကြီးမြို့၊ နားဟီး ကျေးရွာအုပ်စု၊ ထီရိုး(နောက်)ကျေးရွာနေ ဒေါ်နန်းခမ်းအောင် (ဘ) ဦးခွန်မောင်မျင် ၁၃/တကန(နိုင်) ၃၈၉၉၀၅ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

ကျွန်ုပ်မိတ်ဆွေ၏ မှတ်ပုံတင်၊ သန်းခေါင်စာရင်းတို့တွင် ဖခင်အမည် နေရာ၌ ဦးခွန်မောင်မျင်ဟု ရေးသားဖော်ပြထားပါသည်။ ဖခင် ဦးခွန်မောင်မျင်၏ နိုင်ငံသားစိစစ်ရေးကတ်ပြားတွင်လည်း ဦးခွန်မောင်မျင်ဟုသာ ရေးသားထားပါသည်။ ကျွန်ုပ်မိတ်ဆွေ ဒေါ်နန်းခမ်းအောင်၏ ဖခင်အမည်မှန်မှာ ဦးခွန်မောင်မျင်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ-** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဒေါ်နန်းခမ်းအောင်** | **ဒေါ်မိုမိုကို (LL.B) ၊** |
| **၁၃/တကန(နိုင်) ၃၈၉၉၀၅** | **တရားလွှတ်တော်ရှေ့နေ့ (စဉ်- ၁၇၃၄၉)** |
| | **အမှတ် (၉၈)၊ (၉၁)လမ်း၊ ကန်တော်ကလေး၊** |
| | **မင်္ဂလာတောင်ညွန့်မြို့နယ်။** |
| | **ဖုန်း-၀၉-၇၈၁၆၈၅၀၄၉** |

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၅)ရပ်ကွက်၊ တိုးချဲ့(၃)လမ်း၊ အမှတ်(၄၁(က+ခ))၊ (၂)ခန်းတွဲ RC(၆)ထပ်အဆောက်အအုံ၏ ဒုတိယထပ်(၃လွှာ) (တိုက်ကိုမျက်နှာမူလျှင် လက်ယာဘက်ခြမ်းအခန်း)၊ ဧရိယာ (၉၁၈)စတုရန်းပေ တိုက်ခန်းနှင့် ၎င်းတိုက်ခန်း အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဖြစ်သော ဒေါ်စိုးမိုးဝင်း ၇/ပမန(နိုင်)၀၂၈၉၂၇ ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဖြစ်သော ဒေါ်တိုးတိုး ၉/တကန(နိုင်) ၁၃၄၁၁၅ က အပြီးအပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှ ခုနစ်ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်တိုးတိုး၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နီလာဦး LL.B,D.B.L,D.I.L,D.M.L**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၅၇၁)(၂၃-၁-၂၀၂၀)**
**အမှတ်(၄၈)၊ ဂန္ဓမာလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၉၈၀၅၂၁၂၈၅**

## ကန့်ကွက်နိုင်ကြောင်းနှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၂၅)ရပ်ကွက်၊ လောင်းလုံလမ်း၊ အမှတ်(၅၁) ဟုခေါ်တွင်သော မြေတိုင်းရပ်ကွက် အမှတ်-၂၅၊ မြေကွက်အမှတ်(၁၉၁)၊ အကျယ်အဝန်း (၄၀ x ၆၀)ပေရှိ နှစ်(၆၀) ဂရန် မြေကွက်နှင့် ယင်းမြေပေါ်၌ ဆောက်လုပ်ထားသော နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား အမည်ပေါက်ပိုင်ဆိုင်သူ ဦးကျော်ကျော်လွင် ၁၂/သဃက(နိုင်)၁၃၉၁၄၁ မှ ရောင်းချလိုကြောင်း ပြောဆိုကမ်းလှမ်းချက်အရ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်ချစ်အေးဇော် ၁၂/ဒဂတ(နိုင်)၀၅၆၁၃၆ မှ အဆိုပါမြေနှင့် နေအိမ်အားဝယ်ယူရန်အတွက် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်အဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှုစာချုပ်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ တရားဝင်အမည်ပေါက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝင်းပပစန္ဒာ LL.B, D.B.L, D.M.L, D.I.L**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၂၀၄)**
**တိုက်အမှတ်(၁၅/၉၁)၊ (ပထမထပ်-ဘယ်)၊ ပတ္တမြားလမ်း၊**
**(င/က)ရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်။**
**ဖုန်း-၀၉-၄၂၁၁၂၄၈၀၇**

## အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေများဖြစ်သည့် ဦးညွန့်ဇင် ၁၂/အလန(နိုင်) ၀၂၆၀၇၃နှင့် ဦးခင်မောင်ဇော် ၁၂/သဃက(နိုင်)၀၀၆၆၃၂တို့၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ဦးတင်ဦးနှင့် ဒေါ်ညွန့်ညွန့်သန်းတို့၏သားများဖြစ်ကြသည့် ဦးကျော်ကျော်နိုင်သည် ၂၀၂၂ ခုနှစ်၊ ဇူလိုင်လတွင်လည်းကောင်း၊ ဦးမင်းစိန်သည် ၃-၈-၂၀၂၂ ရက်တွင်လည်းကောင်း ကိုဗစ်ရောဂါဖြင့် အသီးသီး လူပျိုကြီးဘဝဖြင့် ကွယ်လွန်သွားခဲ့ကြပါသည်။

ဦးကျော်ကျော်နိုင်နှင့် ဦးမင်းစိန်တို့ ကွယ်လွန်သည့်အခါ ၎င်းတို့၏ မိခင် ဒေါ်ညွန့်ညွန့်သန်း အမည်ပေါက်ပိုင်ဆိုင်သည့် ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- 22×2၊ မြေကွက်အမှတ်-၂၇၃၊ ပဥ္စမတန်းမြေအမျိုးအစား ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် လမ်းမတော်မြို့နယ်၊ (၃)ရပ်ကွက်၊ ၇-လမ်း၊ အမှတ်(၅၄)ဟုခေါ်တွင်သည့် (၂)ခန်းတွဲ (၇)ထပ်တိုက်၏ ပထမထပ်(ယာ)နှင့် ဒုတိယထပ် (ယာ)အခန်းတို့ကျန်ရစ်ခဲ့ပါသည်။

ဦးကျော်ကျော်နိုင်နှင့် ဦးမင်းစိန်တို့ ကွယ်လွန်သည့်အခါ ကျန်ရစ်သည့် အထက်အပိုဒ်တွင် ဖော်ပြထားသော ဂရန်မြေနှင့်တိုက်ခန်းများကို ညီအစ်ကိုမောင်နှမ တစ်ဝမ်းကွဲတော်စပ်သည့် (၁) ဦးအောင်သန်း၊ (၂) ဒေါ်စန်းစန်းဝင်း၊ (၃) ဒေါ်ရီရီသန်း၊ (၄) ဒေါ်လှလှသန်း၊ (၅) ဦးညွန့်ဇင်၊ (၆)ဒေါ်မြင့်မြင့်ဆွေ (ခ) ဒေါ်မြင့်မြင့်ရွှေ၊ (၇) ဦးစိုးသန်း၊ (၈) ဦးခင်မောင်ဇော်တို့က မြန်မာ့ဓလေ့ထုံးတမ်း ဥပဒေအရ အမွေဆက်ခံပိုင်ဆိုင်ကြပါသည်။

အထက်အပိုဒ်(၂)ပါ ဂရန်မြေကွက်နှင့် တိုက်ခန်း(၂)ခန်းတို့အား အမွေဆက်ခံသူ မောင်နှမ(၈)ယောက်၏ အတိအလင်းသဘောတူညီချက်မရရှိဘဲ မည်သူမျှကျူးကျော်ဝင်ရောက်ခြင်း၊ ရောင်းချခြင်း၊ ပေးကမ်းခြင်း၊ ပေါင်နှံခြင်း၊ တစ်နည်းနည်းလွှဲပြောင်းခြင်းမပြုကြရန်နှင့် ပြုလုပ်သူများအား ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးအောင်ကျော်မင်း** | **ဦးအောင်သင်** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ်-၅၁၁၈/၈၉)** | **(စဉ်-၈၂၄၅/၂၀၁၂)** |

**အမှတ်-၅၀၊ ပထမထပ်၊ အခန်း(D-4/5)၊ ဘဏ်လမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၃၀၅၆၅၃၂**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ တပ်ကုန်းမြို့၊ ဗိုလ်မင်းရောင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ် ၁၀/နန္ဒသူ၊ ဦးပိုင်အမှတ်(၈၅)၊ ဧရိယာ ၀ ဒသမ ၂၇၀ ဧကအနက်မှ ဧရိယာ ၀ ဒသမ ၀၅၂ ဧကအား ဒေါ်ခင်သန်းငွေ (ဘ) ဦးဘိုနီ ၉/တကန(နိုင်) ၀၁၄၆၂ (ပါ) ဖြိုး (ဒေါ်ခင်သန်းငွေ၊ ဒေါ်သဲစုဝါ၊ ဒေါ်သီတာဝင်း၊ ဒေါ်အိလေးခင်၊ ဒေါ်ပြည့်စုံခင်၊ ဒေါ်ဆုထားဝေ)တို့မှ မြေငှားစာချုပ်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများ တင်ပြပြီး ဒေါ်သက်စုစုငွေ(ဘ) ဦးမောင်မောင်သန်း ၉/တကန(နိုင်)၁၃၇၇၂၇ နှင့် ဦးပိုင်ခွဲမှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်းကန့်ကွက်မှုမရှိပါကဌာန၏လုပ်ထုံးလုပ်နည်းနှင့်အညီ မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

မကွေးတိုင်းဒေသကြီး၊ မကွေးမြို့၊ အောင်မေတ္တာရပ်ကွက်၊ (ခ)အုပ်စု၊ (၁၀)လမ်း၊ ဦးပိုင်/မြေကွက်အမှတ်(၁၄၁၈)ဧရိယာ၏ အရှေ့ဘက်ခြမ်း ၃၂ ဒသမ ၅ x ၆၅)ပေရှိ ဦးပိုင်အမည် ဦးကျော်ညွန့် (ခရိုင်ဦးစီးအရာရှိ၊ စက်မှုလယ်ယာဦးစီးဌာန) အမည်ပေါက် မြေကွက်အား ယခုလက်ရှိ ပိုင်ဆိုင်သူ ဦးဇော်မျိုးအောင် ၈/မကန(နိုင်)၁၅၆၃၄၂၊ အမှတ်(စီ-၃၇၇)၊ (၁၃)လမ်း၊ ကန်သာရပ်ကွက်၊ မကွေးမြို့နေသူထံမှ ကျွန်မ ဒေါ်လေးလွင် ၈/မကန(နိုင်)၀၄၈၈၁၇၊ မန်ကျည်းပင်လမ်း၊ ကန်သာရပ်ကွက်၊ မကွေးမြို့ နေထိုင်သူအနေဖြင့် ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေပြီး ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ၎င်းမြေကွက်နှင့် ပတ်သက်ပြီး ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ အထောက်အထားမူရင်းစာရွက်စာတမ်းများ ခိုင်လုံပြည့်စုံစွာဖြင့် ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်း အဝယ်ကိစ္စအရပ်ရပ်အား လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်လေးလွင် ဖုန်း-၀၉-၇၇၀၅၄၁၈၆၇**
**ကန်သာရပ်ကွက်၊ မကွေးမြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ရောဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ ဓနုဖြူမြို့၊ (၁၈)ရပ်ကွက်၊ ကွင်းအမှတ်(၁၉၉၊ အုန်းပင်ကွင်း)၊ ဦးပိုင်အမှတ်(၁၀၂-ဃ)၊ ဧရိယာ ၀ ဒသမ ၀၅၅ ဧကရှိမြေသည် ဦးစန်းဝေထွန်းအမည်ဖြင့် ၂၂-၉-၂၀၁၆ရက်မှ ၂၁-၉-၂၀၄၆ ရက်ထိ နှစ်(၃၀)စက်မှု/စီးပွားမြေငှားဂရန်ရရှိထားပြီး ဦးစန်းဝေထွန်းထံမှ ရောဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ ဓနုဖြူမြို့နယ်၊ အကျော်ကျေးရွာနေ ဦးမျိုးသန့် ၁၄/ဓနဖ(နိုင်)၀၈၆၁၉၇မှ ဓနုဖြူမြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်မှူးရုံး၏ ၆-၁၀- ၂၀၂၃ရက်စွဲပါစာချုပ်အမှတ် (၁၉/၂၀၂၃)မြေနှင့်အဆောက်အအုံ အရောင်းအဝယ်စာချုပ်ဖြင့်ဝယ်ယူ၍ စက်မှု/စီးပွားမြေငှားဂရန်အမည်ပြောင်း ရရှိရေးအတွက် မြေငှားဂရန်စာချုပ်၊ ဓနုဖြူမြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်မှူးရုံး၏ မြေနှင့် အဆောက်အအုံအရောင်းအဝယ်စာချုပ်နှင့် အခြားလိုအပ်သည့် စာရွက်စာတမ်း အထောက်အထားများနှင့်အတူ လျှောက်ထားလာမှုနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူကိုမဆို ယခုလျှောက်ထား ခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထား ခိုင်လုံစွာဖြင့် ကန့်ကွက်လိုသူများသည် မအူပင်ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနသို့ ကြော်ငြာသည့်ရက်မှစ၍ (၁၅)ရက်ပြည့်မြောက်သည့်ရက်အထိ ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်နှင့်အညီ စက်မှု/စီးပွားမြေငှားဂရန်အမည်ပြောင်း ထုတ်ပေးမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊မအူပင်မြို့**

## ပြင်ဆင်ဖတ်ရှုပါရန်

၁၆-၁၀-၂၀၂၃ ရက်ထုတ် ဤသတင်းစာ၏ စာမျက်နှာ (၃၁) ကြော်ငြာစာ ကြော်ငြာတွင် ဝယ်ယူခဲ့သူ ဒေါ်သွယ်သွယ်ထွေး အစား ဝယ်ယူခဲ့သူ ဦးကျော်စွာထွန်း ၁၃/သပန(နိုင်)၀၂၇၄၈၉ ၊ ဒေါ်သွယ်သွယ်ထွေး ၉/မနတ(နိုင်)၁၀၁၄၇၇ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးဇော်ဝင်းထွဋ် ၁၂/ကမရ(နိုင်) ၀၀၁၈၂၈ ၏နိုင်ငံကူးလက်မှတ် (MC-928926)သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၅၁၁၈၃၆၂**

## Passportပျောက်

အောင်လံမြို့၊ စက်ရုံရပ်ကွက်နေ (ဘ) ဦးတင်ကြိုင်၏သား ကျွန်တော် မောင်ကျော်ဇင်အောင် ၈/အလန (နိုင်)၁၅၈၂၃၆ ၏ Passport စာအုပ် အမှတ်(MH-906451)သည်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန် ။

**ဖုန်း-၀၉-၄၅၅၅၉၉၃၁၁**

## ပတ်စ်ပို့ပျောက်

ကျွန်မ မဝေဝေအောင် ၅/ကဘလ (နိုင်)၂၄၃၉၉၇ ၏ ပတ်စ်ပို့နံပါတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၈၉၇၇၂၇၇၉၆**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 70W/19155 Honda Click 125 ယာဉ်လက်ဝယ်ရှိသူ ဦးစိုင်းဘိုဘို ၁၄/ဟသတ(နိုင်) ၃၆၁၁၅၂က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ဟသ်ာတ)**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 34W/71853 Honda Wave 100 ယာဉ်လက်ဝယ်ရှိသူ ဦးကျော်ဇင်ထက် ၁၄/အဂပ(နိုင်) ၁၈၃၇၆၀က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ဟသ်ာတ)**

## ယာဉ်မှတ်ပုံတင်စာအုပ်
## မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 4D/6595 Toyota Harrier sxu10 S/W(4x2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်ယဉ်ယဉ်ထွေး ၁၂/လသန(နိုင်)၀၀၀၆၇၉ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်အနောက်ပိုင်း)**

## ပတ်စ်ပို့ပျောက်ဆုံးကြောင်း

(ဘ)ဦးကျော်ကျော်ဦး၏သမီး ကျွန်မ မခိုင်နှင်းဆီ ၁/မခဘ(နိုင်) ၀၁၁၆၂၅ ၏ ယခင်နိုင်ကူး လက်မှတ်အမှတ် (ME-697858) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၀၂၄၉၉၀၈

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 59W/73108 Yunde 110 M/C ယာဉ်လက်ဝယ်ရှိသူ Khwar Nyo Co.,Ltd က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
(မန္တလေးတောင်ပိုင်း)မန္တလေးမြို့

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 62W/39074 Yunde 110 M/Cယာဉ်လက်ဝယ်ရှိသူ ဦးညိုမင်း ၅/မမန(နိုင်)၀၆၃၁၂၀ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
(မန္တလေးတောင်ပိုင်း)မန္တလေးမြို့

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၄ယ/၈၈၇၈၇ Honda Scoopy 110 ယာဉ်လက်ဝယ်ရှိသူ Bamboo Shade Family Co.,Ltdက (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ်၂၀ယ/၄၄၈၄၅ SYM EZ 110 R ယာဉ်လက်ဝယ်ရှိသူ ဦးသက်နိုင်ထွန်း ၉/မပမ(နိုင်)၀၂၀၆၇၂ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့

## ပတ်စ်ပို့ပျောက်

မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နယ်၊ ကျွန်းရင်းကျေးရွာအုပ်စု၊ ကျောက်စစ်ကျေးရွာနေ (ဘ) ဦးမြင့်မောင်၏သား ကျွန်တော် မောင်နေထက်နိုင် ၈/စလန(နိုင်) ၂၂၄၆၄၃၏ ယခင်နိုင်ငံကူး လက်မှတ်အမှတ် (ME-876616) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၇၂၄၇၀၄၄၂

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
## အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန
## နည်းပညာတက္ကသိုလ်(ရတနာပုံဆိုက်ဘာစီးတီး)
## ပါရဂူဘွဲ့သင်တန်းအတွက် သင်တန်းသားများခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာန လက်အောက်ရှိ နည်းပညာတက္ကသိုလ် (ရတနာပုံဆိုက်ဘာစီးတီး) တွင် ၂၀၂၃-၂၀၂၄ ပညာသင်နှစ်အတွက် ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၂၃ ရက်မှစတင်၍ အောက်ဖော်ပြပါ ပါရဂူဘွဲ့သင်တန်းများကို ဖွင့်လှစ်သင်ကြားမည်ဖြစ်ပါသည်။

(က) သတင်းအချက်အလက်နည်းပညာ

(ခ) အီလက်ထရွန်နစ်အင်ဂျင်နီယာ

၂။ အထက်ပါပါရဂူဘွဲ့သင်တန်းများသည် အချိန်ပြည့်သင်တန်းများဖြစ်ပြီး ပါရဂူဘွဲ့ကြိုသင်တန်း (၁)နှစ်နှင့် သုတေသနကျမ်းပြု သင်တန်း(၂)နှစ် စုစုပေါင်း (၃)နှစ်သင်တန်းဖြစ်ပါသည်။ ပါရဂူဘွဲ့ကြို သင်တန်း (Course Work) ဖြေဆိုအောင်မြင်ပြီးသူများအနက် သတ်မှတ်အရည်အချင်းပြည့်မီသူများကိုသာ ပါရဂူဘွဲ့သုတေသနကျမ်းပြု သင်တန်းသို့ တက်ရောက် ခွင့်ပြုမည်ဖြစ်ပါသည်။

၃။ ဝင်ခွင့်လျှောက်ထားကြသူများသည် အောက်ပါသတ်မှတ်ချက်များနှင့် ပြည့်စုံကြောင်း အထောက်အထားမူရင်းနှင့် မိတ္တူများကို တင်ပြရမည်-

(က) လျှောက်ထားသူနှင့် ၎င်းတို့၏ မိဘနှစ်ပါး၊ (၃)ဦးစလုံးသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) သတင်းအချက်အလက်နည်းပညာ ပါရဂူဘွဲ့အတွက် ကွန်ပျူတာဘာသာရပ်၊ နည်းပညာဘာသာရပ် (သို့) အလားတူ သတင်းအချက်အလက်နှင့် နည်းပညာဆိုင်ရာဘာသာရပ် အထူးပြုဖြင့် မဟာဘွဲ့တစ်ခုခုရရှိထားသူဖြစ်ရမည်။

(ဂ) အီလက်ထရွန်နစ်အင်ဂျင်နီယာ ဘာသာရပ်အတွက် အီလက်ထရွန်နစ် အင်ဂျင်နီယာဆိုင်ရာ ဘာသာရပ်အထူးပြုဖြင့် မဟာဘွဲ့တစ်ခုခုရရှိထားသူဖြစ်ရမည်။

(ဃ) ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဝန်ကြီးဌာနမှ အချိန်ပြည့် တက်ရောက်ခွင့်ပြုကြောင်း ထောက်ခံချက်(မူရင်း)တင်ပြနိုင် သူဖြစ်ရမည်။ ပြစ်မှုကင်းရှင်းရမည်။

(င) သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနမှ ဆရာ/ဆရာမများနှင့် ဝန်ထမ်းများသည် တစ်ဆက်တည်းလုပ်သက်(၂)နှစ်ပြည့်ပြီး လက်ရှိတာဝန်ထမ်းဆောင်နေသူဖြစ်ရမည်။ ပြစ်မှုကင်းရှင်းရမည်။ သင်တန်းတက်ရောက်ခွင့် လျှောက်ထားရာတွင် အဆိုပါဝန်ထမ်း၏နေရာအတွက် လုပ်ငန်းတာဝန်ထိခိုက်မှုမရှိကြောင်း သက်ဆိုင်ရာဌာနမှူးနှင့် ပါမောက္ခချုပ်/ကျောင်းအုပ်ကြီးတို့မှ လျှောက်ထားခွင့်ပြုကြောင်း ထောက်ခံချက်နှင့် သက်ဆိုင်ရာဦးစီးဌာနမှ အချိန်ပြည့်တက်ရောက်ခွင့်ပြုကြောင်း ခွင့်ပြုချက်ပါရှိရမည်။

(စ) ၂၃-၁၁-၂၀၂၃ ရက်တွင် အသက်(၄၀)ထက် မကျော်လွန်သူဖြစ်ရမည်။

၄။ လျှောက်လွှာနှင့်အတူ လျှောက်ထားသူ၏ နိုင်ငံသားစိစစ်ရေးကတ်ပြား (မူရင်းနှင့်မိတ္တူ)၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာ မြို့နယ်ရဲတပ်ဖွဲ့စခန်း တစ်ခုခုမှ ထောက်ခံစာ(မူရင်း)၊ ပတ်စ်ပို့အရွယ်ရောင်စုံဓာတ်ပုံ(၃)ပုံနှင့် သက်ဆိုင်ရာအဓိကဘာသာရပ်ဖြင့် မဟာအင်ဂျင်နီယာဘွဲ့၊ မဟာကွန်ပျူတာဘွဲ့ အောင်မြင်ခဲ့သော နည်းပညာတက္ကသိုလ်များနှင့် ကွန်ပျူတာတက္ကသိုလ်များမှ ထောက်ခံချက်(မူရင်းနှင့်မိတ္တူ)တို့ကို ပူးတွဲတင်ပြ ရမည်။

၅။ လျှောက်လွှာပုံစံများကို နည်းပညာတက္ကသိုလ်(ရတနာပုံဆိုက်ဘာစီးတီး)တွင် ၂၄-၁၀-၂၀၂၃ ရက်(အင်္ဂါနေ့)တွင် စတင်ထုတ်ယူနိုင်ပြီး ၁၄-၁၁-၂၀၂၃ ရက်(အင်္ဂါနေ့) နောက်ဆုံးထား၍ ကိုယ်တိုင်လျှောက်ထားရမည်။ လျှောက်လွှာပါ အချက်အလက်များစိစစ်ပြီး မှန်ကန်ပါက ၁၅-၁၁-၂၀၂၃ ရက်(ဗုဒ္ဓဟူးနေ့)တွင် စာမေးပွဲဖြေဆိုခွင့်ကတ်ပြား ထုတ်ပေးမည်။

၆။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို နည်းပညာတက္ကသိုလ်(ရတနာပုံဆိုက်ဘာစီးတီး)၊ ပြင်ဦးလွင်မြို့၌ အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်သည်-

| နေ့ရက် | ဖြေဆိုရမည့်ဘာသာရပ် | ဖြေဆိုရမည့်အချိန် |
|---|---|---|
| ၁၆-၁၁-၂၀၂၃ (ကြာသပတေးနေ့) | အင်္ဂလိပ်စာ | နံနက်(၉:၀၀နာရီမှ ၁၂:၀၀နာရီ) |
| ၁၇-၁၁-၂၀၂၃ (သောကြာနေ့) | သက်ဆိုင်ရာဘာသာရပ် | နံနက်(၉:၀၀နာရီမှ ၁၂:၀၀နာရီ) |

၇။ ဝင်ခွင့်စာမေးပွဲဖြေဆိုရန် လာရောက်သည့်အခါ မိမိ၏နိုင်ငံသား စိစစ်ရေးကတ်ပြား(မူရင်း)၊ စာမေးပွဲဖြေဆိုခွင့်ကတ်ပြားတစ်ပါတည်း ယူဆောင်လာရမည်။

၈။ သင်တန်းအတွက် လူတွေ့စစ်ဆေးခံရမည့် အမည်စာရင်းကို ၂၀-၁၁-၂၀၂၃ရက် (တနင်္လာနေ့)တွင် ထုတ်ပြန်ပေးမည်ဖြစ်ပြီး လူတွေ့ စစ်ဆေးခြင်းကို ၂၁-၁၁-၂၀၂၃ရက် (အင်္ဂါနေ့) နည်းပညာတက္ကသိုလ် (ရတနာပုံဆိုက်ဘာစီးတီး)၌ ပြုလုပ်မည်ဖြစ်ပါသည်။ ပါရဂူသင်တန်း တက်ရောက်ခွင့်ရသူများ၏ အမည်စာရင်းကို ၂၂-၁၁-၂၀၂၃ရက် (ဗုဒ္ဓဟူး နေ့)တွင် ထုတ်ပြန်ကြေညာပေးမည်။

၉။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက နည်းပညာတက္ကသိုလ် (ရတနာပုံဆိုက်ဘာစီးတီး) ပြင်ဦးလွင်၊ သင်တန်းရေးရာဌာန၊ ဖုန်း-၀၉-၄၄၅၇၆၇၈၃၄ သို့ ရုံးချိန်အတွင်း မေးမြန်းစုံစမ်းနိုင်ပါသည်။

**နည်းပညာတက္ကသိုလ်(ရတနာပုံဆိုက်ဘာစီးတီး)**

## ပတ်စ်ပို့ပျောက်ဆုံးကြောင်း

(ဘ)ဦးကြည်လွင်၏သား ကျွန်တော် မောင်ဇော်မျိုးလွင် ၏ ပတ်စ်ပို့နံပါတ် (MF-401056) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၆၅၀၅၇၅၃၄

## ပတ်စ်ပို့ပျောက်ဆုံးကြောင်း

(ဘ)ဦးကြည်လွင်၏သား ကျွန်တော် မောင်ဘိုဘိုလွင် ၏ ပတ်စ်ပို့နံပါတ် (MF-602282) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၇၁၈၀၃၈၆၂

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(စစ-၄)၊ ဦးပိုင်အမှတ်(၉၀)၊ ၅၆လမ်း၊ ၁၀၅ x ၁၀၆ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးသောင်းစိန်၏(GPရရှိသူ ဒေါ်ရွှေဝါ)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၂၈၆၂/၂၀၂၃) ဖြင့် ဝယ်ယူခဲ့သူ ဦးကြံတိုင်းအောင် ၉/မကန(နိုင်)၀၀၂၀၀၃ ကအမှုတွဲအမှတ် ၅၀၂၄/၂၀၂၃-၂၀၂၄ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ရွှေတိဂုံစေတီတော်
## ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ကကြီးမှူးကျင်းပမည့်
## (၁၀၅)ကြိမ်မြောက် စေတီယင်္ဂဏပရိယတ္တိဓမ္မာနုဂ္ဂဟ စာလျှောက်မေးပွဲ
## ကျင်းပပြုလုပ်မည့်ရက် ကြေညာခြင်း

၁။ ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့က ကြီးမှူးကျင်းပမည့် (၁၀၅)ကြိမ်မြောက် စေတိယင်္ဂဏပရိယတ္တိဓမ္မာနုဂ္ဂဟ စာလျှောက်မေးပွဲကို ၁၃၈၅ခုနှစ် (တန်ဆောင်မုန်းလပြည့်ကျော် ၁၂ ရက်) ၉-၁၂-၂၀၂၃ ရက်(စနေနေ့)မှ (နတ်တော်လဆန်း ၃ရက်) ၁၅-၁၂-၂၀၂၃ ရက်(သောကြာနေ့) အထိ ကျင်းပသွားမည်ဖြစ်ပါသည်။

၂။ ဖြေဆိုရမည့် ရဟန်းတော်များသည် ဝင်ခွင့်ပုံစံများကို ဂေါပကအဖွဲ့ရုံး၌ ရုံးချိန်အတွင်းထုတ်ယူ၍ (သို့မဟုတ်) Board of Trustee of Shwedagon Pagoda ဖေ့(စ်)ဘုတ်စာမျက်နှာမှ ကူးယူ၍ မှန်ကန်စွာဖြည့်သွင်းပြီး (၁၃၈၅ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်နေ့) ၂၇-၁၁-၂၀၂၃ရက် (တနင်္လာနေ့) နောက်ဆုံးထားပြီး ဂေါပကအဖွဲ့ရုံးသို့ ပေးပို့တော်မူကြပါရန် လျှောက်ထားအပ်ပါသည် ဘုရား။

**ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ရုံး**
**ဆက်သွယ်ရန်ဖုန်း-၀၁-၃၇၁၀၈၉၊ ၀၁-၃၇၅၇၆၇**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပြည်ထဲရေးဝန်ကြီးဌာန
## မြန်မာနိုင်ငံရဲတပ်ဖွဲ့
## ဓာတုဗေဒစစ်ဆေးရေးဌာန(နေပြည်တော်)
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၊ ဓာတုဗေဒစစ်ဆေးရေးဌာနမှ အသုံးပြုရန်လိုအပ်သော ဓာတုဆေးရည်/ဆေးမှုန့် များနှင့် ဓာတ်ခွဲခန်းသုံး ပစ္စည်းကိရိယာများအား မြန်မာကျပ်ငွေဖြင့် ပြည်တွင်း၌ တင်ဒါခေါ်ဆိုဝယ်ယူလိုပါသည်။

| | | |
|---|---|---|
| **တင်ဒါပုံစံ ရောင်းချမည့်ရက်** | - | ၃၁-၁၀-၂၀၂၃ရက်မှ ၁၀-၁၁-၂၀၂၃ရက်ထိ |
| **တင်ဒါပုံစံ ရောင်းချမည့်နေရာ** | - | ဓာတုဗေဒစစ်ဆေးရေး ဌာန (နေပြည်တော်) |
| **အိတ်ဖွင့်တင်ဒါ ကျင်းပမည့်ရက်** | - | ၁၄-၁၁-၂၀၂၃ ရက် |

အိတ်ဖွင့်တင်ဒါအဆိုပြုလွှာ ဖွင့်ဖောက်စစ်ဆေးခြင်းအား ၁၄-၁၁-၂၀၂၃ ရက်၊ နံနက် ၀၉:၀၀ နာရီတွင် နေပြည်တော်ကောင်စီနယ်မြေ၊ ဇမ္ဗူသီရိမြို့နယ်၊ ဝဏ္ဏသိဒ္ဓိရပ်ကွက်၊ လှတော်ဝင်လမ်းရှိ ဓာတုဗေဒစစ်ဆေးရေးဌာန၌ ပြုလုပ်မည်ဖြစ်ပါသည်။ တင်ဒါပုံစံများအား (၁)စောင်လျှင် ကျပ်၅၀၀၀ိ/- (ကျပ်ငါးထောင်တိတိ)ဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၊ ဓာတုဗေဒစစ်ဆေးရေးဌာန၊ နေပြည်တော်၌ သတ်မှတ်ရက်များတွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၆၇-၈၁၀၃၂၉၆၊ ၀၆၇-၈၁၀၃၂၉၈၊ ၀၆၇-၈၁၀၃၂၉၉ တို့သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**ဓာတုဗေဒစစ်ဆေးရေးဌာန၊ နေပြည်တော်**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်ပင်လယ်ရပ်ကွက်၊ အကွက်အမှတ်(စစ-၆)၊ ဦးပိုင်အမှတ်(၈၃-ခ)၊ ၅၃ x ၅၄ လမ်းကြား၊ ၁၀၅ x ၁၀၆ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်ဝင်း၏ (SP ရရှိသူ ဦးစိုင်းလောင်လျှန်း)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၂၉၁၃/၂၀၂၃) ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ခင်ဦး ၁၃/မဆတ(နိုင်)၀၃၂၀၉၉ က အမှုတွဲအမှတ် ၅၀၅၄/၂၀၂၃-၂၀၂၄ ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## အမွေစား အမွေခံ ကိတ္တိမသားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကိုခွန်လမင်း ၉/တတဥ(နိုင်)၁၅၅၁၃၈ နှင့် အများသိစေရန် အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ တံတားဦးခရိုင်၊ တံတားဦးမြို့နယ်၊ အမှတ်(၁)ရပ်ကွက်၊ စိတ္တာမရဟီရပ်နေ ဒေါ်ခင်ဆွေ (ဘ) ဦးတင်လှိုင် ၉/တတဥ(နိုင်) ၀၀၄၀၇၄ က အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

ကျွန်မသည် ညီမဖြစ်သူ ဒေါ်ခင်စန်းမူ၏မြေး၊ မဖြူစင်အေးနှင့် ကိုခွန်နေလင်းတို့၏သားဖြစ်သူ ကိုခွန်လမင်း ၉/တတဥ(နိုင်)၁၅၅၁၃၈ ကို မွေးစားခဲ့ပါသည်။ ကျွန်မမှာ တစ်ဦးတည်းနေထိုင်နေရသည့်အပြင် ကျန်းမာရေးမကောင်းသည့်အတွက် မွေးစားသားဖြစ်သူ ကိုခွန်လမင်းအား အတူလာရောက်နေထိုင်ပေးပါရန် ခေါ်ဆောင်ခဲ့ပါသော်လည်း အတူတကွ လာရောက်နေထိုင်ခြင်းမရှိဘဲ ကျွန်မ၏ ပြောဆိုဆုံးမမှုများကို နာခံခြင်းပင် မရှိတော့ပါ။ မွေးစားမိခင်ဖြစ်သည့် ကျွန်မကိုသာ စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်နေသောကြောင့် သားသမီးကျင့်ဝတ် မကျေပွန်ပျက်ပြားသော မွေးစားသားဖြစ်သူ ကိုခွန်လမင်းကို အမွေစားအမွေခံကိတ္တိမသားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကိုခွန်လမင်းနှင့် အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်ခင်ဆွေ (ဘ) ဦးတင်လှိုင် ၉/တတဥ(နိုင်)၀၀၄၀၇၄**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးပျော်ဘွယ်အနောက်ရပ်ကွက်၊ အကွက်အမှတ်(၂၆၈)၊ ဦးပိုင်အမှတ် (၅၂-ခ)ခဲစင်း/၈၇-Cလမ်း၊ ၃၂ x ၃၃ လမ်းကြားရှိ ဘိုးဘမြေကွက်အမည်ပေါက်သူ ဒေါ်အေးအေးခိုင် ၉/မနတ(နိုင်)၀၅၀၄၅၇၊ ဦးအေးကျော် ၉/မနတ(နိုင်)၀၅၁၉၆၃၊ ဦးအေးမော် ၉/မနတ(နိုင်)၀၅၁၉၆၄၊ ဒေါ်တင်တင် ၉/မနတ(နိုင်)၀၅၀၄၅၁၊ ဦးမင်းသန့် ၉/မနတ(နိုင်)၀၅၀၄၅၄၊ ဦးဝင်းမိုး ၉/မနတ(နိုင်)၀၀၅၉၂၆၊ ဦးဇော်ဝင်း ၉/မနတ(နိုင်)၁၀၅၀၅၆ တို့က ဘိုးဘစာအုပ်တင်ပြ၍ ခဲစင်းပြ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(ဂဂ-၁)၊ ဦးပိုင်အမှတ်(၁၈-ခ)၊ ၅၉.A x ၁၀၃-A လမ်းထောင့်ရှိဂရန်မြေကွက်အမည်ပေါက်သူ ဦးလှတင့် ၊ ဦးမင်းမင်း၊ ဒေါ်ရီရီနိုင်တို့၏ (GP ရရှိသူ ဒေါ်လပြည့်ဝင်း)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၁၉၀၈/၂၀၂၃) ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ဆွေဆွေမာဦး ၉/မရတ(နိုင်) ၀၇၉၄၇၀ က အမှုတွဲအမှတ် ၅၀၄၉/၂၀၂၃-၂၀၂၄ ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်-၄ ရပ်ကွက်၊ အကွက်အမှတ်(ဃ-၇)၊ ဦးပိုင်အမှတ်(၆၅)၊ ၆၃ လမ်း၊ ၁၁၂ လမ်းပေါ်ရှိ ဦးဘဝင်း၊ ဒေါ်သန်းသန်းဦး အမည်ပေါက် ဂရန်မြေကွက်အား၊ ချမ်းမြသာစည်မြို့နယ်တရားရုံး၏တရားမကြီးမှုအမှတ် (၁၂၃/၂၀၂၂)တွင် တရားလို ဒေါ်လှလှဝင်းနှင့် တရားပြိုင် ဦးဘဝင်း၊ ဒေါ်သန်းသန်းဦး(၎င်းတို့၏ကိုယ်စားလှယ်စာရသူ ဦးမိုဟန်လား)တို့အမှုတွင် ချမှတ်ခဲ့သော ၂၅-၁၁-၂၀၂၂ရက်စွဲပါ စီရင်ချက်နှင့် ဒီကရီအရ ဦးဘဝင်း၊ ဒေါ်သန်းသန်းဦးတို့ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၁၇၅၁/၂၀၂၃) ဖြင့် ဝယ်ယူခဲ့သူ ဒေါ်လှလှဝင်း ၉/မမန(နိုင်)၀၇၉၅၄၂ က အမှုတွဲအမှတ် ၅၀၂၅/၂၀၂၃-၂၀၂၄ ဖြင့် သက်တမ်းတိုး/အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ် စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် W/ 44325 HONDA C90 H CUSTOM ယာဉ်လက်ဝယ်ရှိသူ ဦးသန်းဌေး ၈/မမန(နိုင်)၀၆၀၄၅၉ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 47W/84324 New Adixin 125 ယာဉ်လက်ဝယ်ရှိသူ Three Tiger Co.,Ltd က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့

မြန်မာ့အလင်း



## ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးဝင်းကိုကို C.D.C 38664 S.I.D SMART CARD ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိပါက အကြောင်းကြားပါရန်။

ဖုန်း-၀၉-၇၉၈၄၁၅၂၇၁

## ပျောက်ဆုံးကြောင်း

ကျွန်မ မစုလှိုင်ထွေး ၅/ကလထ (နိုင်)၃၀၆၁၅၇ ၏ passport (နံပါတ်မမှတ်မိ)စာအုပ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၉၇၁၁၁၈၅၂၆

## ငွေချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံး ဥပဒေအမိန့် -၅၊ နည်းဥပဒေ- ၂၀)
## ကျောက်ဆည်ခရိုင်တရားရုံးတော်
## ၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၃၉

ဒေါ်နုနုငယ် **နှင့်** ၁။ ဒေါ်သီတာစိုး
၂။ ဒေါ်အိမွန်စိုး

**တရားလို** **တရားပြိုင်များ**

မန္တလေးတိုင်းဒေသကြီး၊ စဥ့်ကိုင်မြို့နယ်၊ အိုးရွာကျေးရွာနေ (၁)တရားပြိုင် ဒေါ်သီတာစိုး (ဘ)ဦးဘဌေး (ယခုနေရပ်လိပ်စာမသိ)သူသိစေရမည်။

သင့်အပေါ်၌ တရားလိုက ယုံမှတ်အပ်နှံပေးအပ်လိုက်သည့်ငွေကျပ်သိန်း (၂၅၀)ပြန်လည်ရလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်း၍အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက် (၁၃၈၅ ခုနှစ်၊ တန်ဆောင်းမုန်းလဆန်း ၃ ရက်) မွန်းမတည့်မီ ၁၀:၀၀နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေ ရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငွေချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၁၈ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။ **(ကျော့မေခိုင်)**

**ဒုတိယခရိုင်တရားသူကြီး**
**ကျောက်ဆည်ခရိုင်တရားရုံး**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ဟေမာဇလရပ်ကွက်၊ အကွက်အမှတ်(၆၁၄)၊ ဦးပိုင်အမှတ် (၆)/ ၂၈ x ၂၉ ကြား၊ ၇၉ x ၈၀ လမ်းကြားရှိ ဘိုးဘမြေကွက် အမည်ပေါက်သူ ဖခင်ဦးမြတ်ထူး ၅/မရန(နိုင်)၀၃၂၅၄၉ မှ သမီးဖြစ်သူ ဒေါ်ယဉ်ယဉ်မြတ် အား ပေးကမ်းမည်ဖြစ်ပါသဖြင့် ဘိုးဘ အမည်ပေါက်မြေပုံတင်ပြ၍ မှတ်ပုံတင်အပေးစာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ စာတိုးမြို့ပြင်ကြီးရပ်ကွက်၊ အကွက်အမှတ်(၆၂၃)၊ ဦးပိုင်အမှတ်၁၄-က(ခဲစင်း)၊ ရန်ကုန်-မန္တလေးလမ်းဟောင်း၊ စက်ကွေ့ရပ်၊ မြစ်ငယ်ရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်မြင့်မြင့်သန်း၏ (SPရရှိသူ ဒေါ်အိသက်မွန်)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၆၄/၂၀၂၃)ဖြင့် ဝယ်ယူခဲ့သူ ဦးမောင်မောင်သက် ၉/မမန(နိုင်)၀၀၈၂၈၃၊ ဒေါ်ယဉ်ယဉ်မေ ၉/မမန(နိုင်)၀၀၈၂၈၄တို့ကအမှုတွဲအမှတ် ၅၀၄၇/၂၀၂၃-၂၀၂၄ ဖြင့် ဦးပိုင်ခွဲ၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ် စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ကဥ္စနာမဟီရပ်ကွက်၊ အကွက်အမှတ်(၆၃၄)၊ ဦးပိုင်အမှတ် (၁၄)/၇၇လမ်း၊ ၃၃ x ၃၄ လမ်းကြားရှိ ဘိုးဘမြေကွက် အမည်ပေါက်သူ ဒေါ်ဘေဘီ(ခ)ဒေါ်လီလီ ၉/မရမ(နိုင်)၀၂၄၂၀၇၊ ဒေါ်သန်းသန်း ၉/မရမ(နိုင်)၀၂၄၂၀၈ တို့၏ အထူးကိုယ်စားလှယ်လွှဲစာ အမှတ် (၂၆၈၉/၂၀၁၄)အစုလွှဲအပ်ခြင်းခံရသူ ဒေါ်ရီရီ(ခ)ဒေါ်ဆာရာဘီ ၁၂/ပဘတ(နိုင်) ၀၀၀၉၅၂ က မြေကွက်၏လယ်သာစာအုပ်မူရင်းနှင့် ပါဝါမူရင်းတို့မှာ လက်ဝယ်တွင် အသိမ်းလွန်၍ ပျောက်ဆုံးနေကြောင်း ရဲစခန်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်၊ တရားရုံးကျမ်းကျိန်ချက်များတင်ပြ၍ သားရေဖုံးမိတ္တူ ထုတ်ယူရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေး ကူးခွင့်နှင့်အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(ဖ-၂)၊ ဦးပိုင်အမှတ် (၁၀၈)/၅၈ X ၅၉ ကြား၊ ၁၁၁လမ်းရှိဂရန်မြေကွက် အမည်ပေါက်သူ ဦးဘင်ဇမင်ထံမှ အရောင်းအဝယ်စာချုပ်အမှတ်(၃၄၄၇/၂၀၂၂)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ထွေးထွေးလေး ၁၃/နခန(နိုင်)၀၇၂၉၄၄ က သက်တမ်းတိုးအမည်ပြောင်းလျှောက်ထားဆဲဖြစ်ရာ ဂရန်မိတ္တူဖြစ်ပါ၍ ဂရန်ပေါ်တွင် ဂရန်ပျောက်ဆုံးသည်ဟု လျှောက်ထားလာသဖြင့် ရုံးလက်ခံနှင့် စိစစ်၍ ဂရန်မိတ္တူထုတ်ပေးခြင်းဖြစ်ပါသည်။ ဂရန်စာချုပ်မူရင်းပြန်လည်တွေ့ရှိပါက ယခုထုတ်ပေးထားသော မိတ္တူမှန်သည် ပျက်ပြယ်သည်ဟူသော မင်နီမှတ်ချက် ရေးသားခြင်းအား ပယ်ဖျက်၍ သားရေဖုံးဂရန်စာချုပ်ထုတ်ယူခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဒီကရီကိုအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း
## ထုချေစေရန် အကြောင်းကြားစာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)
## သဃ်န်းကျွန်းခရိုင်တရားရုံးတော်
## ၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ်-၅၄၈နှင့် ဆက်နွယ်သည့်
## ၂၀၂၃ ခုနှစ်၊ တရားမဇာရီမှုအမှတ်-၁၀၈

ဦးဝင်းလှိုင် **နှင့်** ၁။ ဦးကိုကိုအောင်
၂။ ဒေါ်နီလာအောင်

**တရားနိုင်** **တရားရှုံးများ**

အမှတ်(၁၇၅)၊(၉)လမ်း၊ (၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနေ(၁)တရားရှုံး ဦးကိုကိုအောင်နှင့် (၂)တရားရှုံး ဒေါ်နီလာအောင် (ယခုနေရပ်လိပ်စာမသိသူ)တို့ သိစေရမည်။

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းခရိုင်တရားရုံးတော် ၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ်-၅၄၈တွင် ရရှိသည့် ဒီကရီကို အတည်ပြုရန် ဤရုံးတော်တွင် တရားနိုင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရ ရှေ့နေနှင့်ဖြစ်စေ၊ သို့မဟုတ် အကြောင်းပြချေဆိုနိုင်သူ အခွင့်အမိန့်ရကိုယ်စားလှယ်ဖြစ်စေ၊ ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၆ ရက် (၁၃၈၅ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၉ ရက်) မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် ဤရုံးတော်ရှေ့လာရောက်ရမည်။

၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၁၈ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဝင်းမြင့်ထွန်း)**
**တွဲဖက်ခရိုင်တရားသူကြီး(၂)**
**သဃ်န်းကျွန်းခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနတွင် ဒေါ်အုန်းမြင့် ၁၂/သဃက(နိုင်)၀၉၈၂၁၈ အမည်ပေါက်သော ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၄၀၊ မြေကွက်အမှတ်(၂၃၀၇)၊အကျယ်အဝန်း(၄၀ x ၆၀)ပေရှိ ပါမစ်မြေ၊ မြေနှင့် ယင်းမြေကွက်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အရပ်ကတိစာချုပ်များဖြင့် ဝယ်ယူလက်ရောက်ရယူပိုင်ဆိုင်ထားကာ ရောင်းချပိုင်ခွင့်ရှိကြောင်း ဦးသက်နိုင်ဦး ၁၂/ဒဂဆ(နိုင်)၀၁၅၃၉၅ က ဝန်ခံကတိပြု၍ ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်မိတ်ဆွေ ဦးသီဟညီညီ ၁၂/သဃက(နိုင်) ၁၅၉၂၅၇ က ဝယ်ယူရန်သဘောတူသဖြင့် ရောင်းချသောပစ္စည်းတန်ဖိုးငွေ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤသတင်းစာကြေညာချက်ပါသည့်ရက်မှ စ၍ မည်သူမဆို ခုနစ်ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ပြောဆိုလွှဲအပ်ညွှန်ကြားချက်များအရ-**
**ဦးညီညီအောင်(LL.B) တရားလွှတ်တော်ရှေ့နေ(စဥ်-၁၄၇၆၁)**
**အမှတ်၃၆၆(က)၊ ဗိုလ်ခန့်လမ်း၊ (၇)ရပ်ကွက်၊ ဒဂုံ(အရှေ့ပိုင်း)မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၂၅၃၈၈၇၇၁၁၊ ၀၉-၇၉၅၇၀၃၉၇၁**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

